www.burmeseclassic.com


စိတ်ကူးချိုချိုအနုပညာ

BURMESE CLASSIC .com

တစ်သက်တာမှာ ကျော်ကြားခဲ့သော
မြန်မာ့စုံထောက်ဝတ္ထုကောင်းများစီးရီး

# မိုးဇဓ

# တင်မောင်ဆွေနှင့် လူသတ်ဆရာဝန်



www.burmeseclassic.com

**စိတ်ကူးချိုချိုအနုပညာ**

(၈၅)၊ ၁၆၄-လမ်း

တာမွေ၊ ရန်ကုန်။

ဖုန်း-၇၂၆၆၂၄

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
✻ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော်တည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

စိတ်ကူးချိုချို

# မိုးဓေ
# တင်မောင်ဆွေနှင့်
# လူသတ်ဆရာဝန်

၂၀၀၄ ခုနှစ် ဇွန်လ

www.burmeseclassic.com


စာမူခွင့်ပြုချက် ၁၀၀/၂၀၀၄ (၁)

မျက်နှာဖုံးခွင့်ပြုချက် ၂၈၀/၂၀၀၄ (၃)

မျက်နှာဖုံး m.s.o

စာအုပ်ချုပ် ကိုမြင့်

ပုံနှိပ်သူ ဦးထွန်းထွန်းဦး
အင်ကြင်းဦးပုံနှိပ်တိုက်
ကျွန်းတောလမ်း၊ ရန်ကုန်။

ထုတ်ဝေသူ ဦးထွန်းထွန်းဦး
နှင်းဦးလွင်စာပေ
ကမာရွတ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း ဒုတိယအကြိမ်
ပထမအကြိမ်(မြန်မာပြည်စာအုပ်တိုက်/၁၉၆၁)

အုပ်ရေ ၅၀၀

ထုတ်ဝေသည့်ကာလ ဇွန်လ၊ ၂၀၀၄

တန်ဖိုး ၆၅၀ ကျပ်

www.burmeseclassic.com

ကျယ်ပြန့်သောမျက်နှာကြီးတွင်  အောက်ပိုင်းတစ်ခုလုံးမှာ
ထူထဲနီကြောင်သော မုတ်ဆိတ်မွေးတွေက ဖုံးလွှမ်းလျက် ရှိနေသည်။
ပို၍ ကြောက်စရာကောင်းနေသည်ကား မျက်နှာအောက်ပိုင်းတွင်
အမွေးအမျှင်ထူထပ်လှသလောက် အထက်ပိုင်းတွင်ကား မျက်ခုံးမွေး
ဟူ၍ပင် မရှိသလောက် ပြောင်တလင်းချောနေခြင်းပင် ဖြစ်လေ၏။
ထိပ်ပြောင်ပြောင်ကြီးတွင် သံပုရာခွံ အနက်ရောင်ဦးထုပ်ကလေး
စွပ်ထားကာ မျက်လုံးကြီးတွေမှာလည်း ပြာမွဲမွဲ ပြူးကြောင်ကြောင်နှင့်
လူရူးမျက်လုံးကြီးများနှင့်သာ တူနေလေတော့သည်။
ယခု ထိုမျက်လုံးကြီးများသည် တင်မောင်ဆွေ့အား
သင်္ကာမကင်းအမူအရာနှင့် စူးစိုက်ကြည့်ရှုနေကြလေ၏။
"မင်း ဘယ်သူလဲ၊ ဘာလိုချင်သလဲ"
မေးလိုက်သံမှာ မြန်မာစကားခပ်ဝဲဝဲနှင့် ခပ်ပြတ်ပြတ် ရှိလှလေသည်။
"ခင်ဗျား ဒေါက်တာဇာစကီ မဟုတ်လား"

www.burmeseclassic.com

ဘကျင်ကား မြန်မာပြည်တွင်
"ရှာမှရှားသော ပညာရှင်"တစ်ဦးဖြစ်လေသည်။
သူ့ပညာကား ဘယ်လိုသော့မျိုးကိုမဆို ဖွင့်တတ်ခြင်းပင်ဖြစ်သတည်း။
သို့အတွက်ကြောင့်လည်း ဘကျင်မှာ သူ၏နာမည်ရှေ့တွင်
"သော့ဝိဇ္ဇာ"ဟူသော ဘွဲ့ထူးတစ်ခုကို ရရှိထားလေသည်။
အင်မတန်မှခိုင်ခံ့လုံခြုံလှပါသည်ဆိုသော မီးခံသေတ္တာသော့များကိုပင်
ဘကျင်သည် သူ၏ထူးခြားသောပညာဖြင့်
ဖွင့်နိုင်သူတစ်ဦး ဖြစ်လေသည်။

www.burmeseclassic.com

ကုန်းကလေးပေါ်မှ ဆင်းလာမိ၍ ကားလမ်းပေါ်သို့အရောက်တွင်
သူ့နောက်ဘက်မှ ခြေသံတရှပ်ရှပ်ကို တင်မောင်ဆွေက ကြားလိုက်ရာ
တင်မောင်ဆွေသည် ဓာတ်ဆီပုံးကို လွှတ်ချလျက် ခါးကြားထဲမှ
သေနတ်ကိုထုတ်ယူလိုက်ပြီး ချာခနဲ လှည့်လိုက်လေသည်။
သို့ရာတွင် သူသည် ဆယ်စက္ကန့်မျှ နောက်ကျသွားလေ၏။
ကြီးမားတုပ်ခိုင်လှသော လက်မောင်းကြီးတစ်ဖက်သည်
တင်မောင်ဆွေ၏လည်ပင်းကို
နောက်ကနေ၍ သိုင်းဖက်ညှပ်ထားလိုက်လေသည်။

www.burmeseclassic.com

ဦးကံထားကိုင်ထားသည့် မီးအိမ်မှ အလင်းရောင်သည်
ဂူကြီးထဲတွင် လွှမ်းမိုးနေသော အမှောင်ထုကြီးကို
လုံးလုံးလျားလျား မဖြိုခွင်းနိုင်ဘဲ ရှိလေသည်။
လှေကားထစ်များအဆုံးတွင် နောက်ထပ်၍ သံတံခါးတစ်ခုကို
တွေ့ရပြန်သည်။ ထိုတံခါးကို ဖွင့်ပြီး ဝင်လိုက်ကြလျှင်ကား
အကျယ် ၁၀ပေ၊ အရှည် ၂၅ပေခန့်ရှိသည့် ခန်းမကြီးရှိကာ
သူဌေးကြီးချန်ကီတုအလောင်းမြှုပ်ထားရာ ကျောက်သားအုတ်ဂူကြီးက
အလယ်တွင် တခမ်းတနား ရှိနေလေသည်။

ဦးကံထားသည် မီးအိမ်ကြီးကိုမြှောက်ပြကာ
အခန်းရှည်ကြီး၏ တစ်ဖက်သို့ ညွှန်ပြလိုက်လေသည်။

www.burmeseclassic.com



www.burmeseclassic.com

— ၁ —

ကျွန်တော်၏သူငယ်ချင်း တင်မောင်ဆွေသည် မယုံကြည်စရာကောင်းလောက်အောင်ပင် ဘဝမျိုးစုံလှသူဖြစ်လေသည်။ သို့ရာတွင် သူ့အကြောင်းသိထားသူများအတွက်မူ ယင်းသည် အဆန်းမဟုတ်တော့ပါချေ။ ကျွန်တော့်သူငယ်ချင်း တင်မောင်ဆွေလို လူမျိုးမှ ဘဝမျိုးမစုံလျှင် အဘယ်လူမှ သူ့ထက်ပို၍ ဘဝတစ်သက်တာတွင် အတွေ့အကြုံ ထွေပြားစုံလင်နိုင်တော့မည် မဟုတ်ချေ။ အကြောင်းမူကား တင်မောင်ဆွေသည် လူ့လောကထဲမှ လူတို့၏ ရှုပ်ထွေးပွေလီသော ဇာတ်ရှုပ်များကို ကိုယ်တိုင် ဝင်ရောက်ဖြေရှင်းပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းနေရသော အလွတ်စုံထောက်တစ်ယောက်ဖြစ်နေသောကြောင့်တည်း။

အလွတ်စုံထောက် တင်မောင်ဆွေနှင့်ပတ်သက်၍ ကျွန်တော်ရေးခဲ့သော ဝတ္ထုများသည် ကျွန်တော်ကိုယ်တိုင် စေ့စေ့ငုငု ပြန်၍မမှတ်မိနိုင်လောက်အောင်ပင် များပြားလှပြီ ဖြစ်လေသည်။

သို့ရာတွင် ကျွန်တော်က စုံထောက်တင်မောင်ဆွေ၏ ပရိသတ်များကို ဤနေရာမှနေ၍ အတိအလင်းပြောလိုပါ၏။

www.burmeseclassic.com


အို...စာဖတ်သူ...သင်သည် စုံထောက် တင်မောင်ဆွေ ၏ ပရိသတ်ကြီးထဲတွင် တစ်ယောက်အပါအဝင် ဖြစ်ငြားအံ့၊ သင် ဖတ်ခဲ့ဖူးသမျှသော စုံထောက်တင်မောင်ဆွေဝတ္ထုများထဲတွင် ယခု ကျွန်တော် ပြန်လည် ပြောပြမည့် ဤဝတ္ထုလောက် ထူးခြားဆန်းကြယ်၍ ရင်ဖိုသည်းထိတ်စရာကောင်းသော ဝတ္ထုမျိုးသည် ပါဝင်ခဲ့ဦးမည် မဟုတ်ချေ။

ကျွန်တော် ဤဝတ္ထုရေးသားနိုင်အောင် 'တင်မောင်ဆွေနှင့် လူသတ်ဆရာဝန်' အမှုအကြောင်း ကျွန်တော့်အား ပြန်လည်၍ အသေးစိတ် ဖောက်သည်ချပြသည့် ဖိုးတင်မောင်ဆွေကိုလည်း တော်တော်ပင် ကျေးဇူးတင်မိလေသည်။ ထို့ကြောင့်လည်း တင်မောင်ဆွေက ကျွန်တော့်အား ဤအမှုအကြောင်း ခရေစေ့တွင်းကျ ပြောပြသည့်ညက ကျွန်တော်သည် သူ ပြောပြသည်တို့ကို နားထောင်ရင်း သူ တည်ခင်းသော ပိုက်လေဘယ်စကော့(ချ)ဝီစကီကို ကျွန်တော့် ရေရှိန်ထက် ပိုလွန်၍ ဣန္ဒြေမပျက် သောက်နိုင်ခဲ့လေသည်။

ဤဝတ္ထုတွင်ပါဝင်သော ဇာတ်ကောင်များကိုယ်၌ကပင် တော်တော်ထူးခြားနေ၏။ ဤဇာတ်ကောင်တွေအထဲတွင် ဘယ်သူက အထူးခြားဆုံးဖြစ်သည်ကို ရွေးထုတ်နိုင်ဖို့ဆိုတာကပင် တော်တော်ထူးခြားနေလိမ့်မည် ဖြစ်လေသည်။

ဟုတ်ပါ၏။

ဆေးသိပ္ပံအတတ်ကို တစ်ဖက်ကမ်း တတ်မြောက်ကာ မိမိ၏ ပညာကို ဖောက်ပြန်စွာ အသုံးချခဲ့သော ရဟူဒီ (ဝါ) ဂျူးဆရာဝန်ကြီး 'ဒေါက်တာဇာစကီ'ပင်လျှင် ဤဝတ္ထု၏ အထူးခြားဆုံး ဇာတ်ကောင်ကြီး ဖြစ်လေသလား။

သို့မဟုတ် တစ်ခုသော မှောင်မိုက်တိတ်ဆိတ်သည့် ညတွင်

www.burmeseclassic.com


တစ်ခုသော လျှို့ဝှက်သည့် သချိုင်းဂူကြီး၏ ခိုင်ခန့်လှသော လျှို့ဝှက်တံခါးကို အရဖွင့်ပေးခဲ့သည့် သော့ဝိစ္စာဘွဲ့ရ မြေအောက်လောကီလူဆိုးလောကမှ 'သော့ဘကျင်'ပင် ဖြစ်လေသလော။

သူတို့နှစ်ယောက်ကို ထားလိုက်ပါဦးတော့။ စာကြည့်ပိဋကတ်တိုက်မှူးကလေးအဖြစ်နှင့် ဆောင်ရွက်နေရင်း မမျှော်လင့်ဘဲ ရောက်လာရသည့် စာတစ်စောင်ကြောင့် ဟောင်ကောင်မြို့သို့ လိုက်သွားရကာ သေဆုံးလေပြီးသော တရုတ်ကြီးတစ်ဦးက အမွေပေးထားခဲ့သည်ဆိုသော သော့တစ်ချောင်းကို လက်ခံရရှိသည့် မမြနှင်းပင် ဖြစ်လေသလော။

မမြနှင်းသည် အထူးခြားဆုံးဇာတ်ကောင် ဖြစ်သည်ထက် ချစ်စရာအကောင်းဆုံးသော ဇာတ်ကောင်သာပါဟု ဆိုကြလျှင်လည်း ရန်ကုန်မြို့နှင့် မိုင် ၄၀ ကျော်အကွာတွင်ရှိ ခေါင်လှသောအရပ်တွင် နေထိုင်ကာ တစ်စုံတစ်ခုသောအကြံကြီးတစ်ခုကို လျှို့ဝှက်စွာ ကြံစည်နေကြသည့် ကိုဒီတို့လင်မယားသည်သာ အထူးခြားဆုံးဇာတ်ကောင် ဖြစ်နေကြသလော။

ကဲ... စာရှုသူ သင့်ကို ကျွန်တော် ဆက်လက်၍ ဆန့်တင့်င့်ဖြစ်အောင် ညဉ်းဆဲမနေလိုတော့ပါ။ ထူးခြားသောဇာတ်ကောင်တွေ အများကြီးပါဝင်ပြီး ထူးခြားသော လျှို့ဝှက်သည်းဖိုဇာတ်လမ်းတစ်ပုဒ်ပင်ဖြစ်နေသည့် ဤ 'တင်မောင်ဆွေနှင့် လူသတ်ဆရာဝန်' ဇာတ်လမ်းကိုသာ ဆက်ဖတ်ကြည့်ကြပါတော့လေ။

◆ ◆ ◆

www.burmeseclassic.com

– ၂ –

အလွတ်စုံထောက်တစ်ယောက်ဆိုသည်မှာ လူ့လောကကြီး၏ ရှုပ်ထွေးမှုအမျိုးမျိုးကို သူများတကာထက် ရင်ဆိုင်ရသူဖြစ်လေရာ ထိုရှုပ်ထွေးမှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် ထက်မြက်သော စဉ်းစားဉာဏ်၊ ရဲရင့်သော အသည်းနှလုံးနှင့် မာကျောလျှင်မြန်သော လက်သီးစသည်တို့အပြင် ဗဟုသုတကိုလည်း လိုအပ်နေပေ၏။

ထို့ကြောင့် တင်မောင်ဆွေသည် ဗဟုသုတကို တတ်အားသရွေ့ ဆည်းပူးထားရသည်ဖြစ်ရာ သူ လိုအပ်သော ဗဟုသုတများ ရရှိရာနေရာတွေထဲတွင် 'ပညာရဲရင့် စာကြည့်ပိဋကတ်တိုက်'သည်လည်း တစ်ခုအပါအဝင် ဖြစ်ခဲ့လေ၏။

'ပညာရဲရင့် စာကြည့်ပိဋကတ်တိုက်'သည် လူတိုင်း သိကြသည့် စာကြည့်တိုက် မဟုတ်ပါချေ။ သို့ရာတွင် ရန်ကုန်မြို့ပေါ်တွင်ရှိနေသော စာကြည့်ပိဋကတ်တိုက်များအထဲတွင်တော့ ခေတ်အမီဆုံးနှင့် အပြည့်စုံဆုံးသော စာကြည့်တိုက်တစ်တိုက် ဖြစ်နေပေ၏။

ထိုစာကြည့်တိုက်ကို စတင်ထူထောင်ခဲ့သူကား အင်္ဂလိပ်ခေတ်ကတည်းက စာပေကို အလွန်လိုက်စားသည့် အစိုးရအရာရှိကြီး

www.burmeseclassic.com


တစ်ဦး ဖြစ်သည်။ ၄င်းကွယ်လွန်သွားခဲ့သည့်အခါတွင် ၄င်း၏တစ်သက်၌ အမြတ်တနိုးစုဆောင်းထားခဲ့သည့် အဖိုးတန်ရှားပါးသောစာအုပ်အမျိုးပေါင်း ၄၀၀၀ ကျော်ရှိသည့် ၄င်း၏ကိုယ်ပိုင်စာကြည့်တိုက်ကြီးကို 'ပညာရဲရင့် စာကြည့်ပိဋကတ်တိုက်'ဟူသော အမည်ဖြင့် စာပေမြတ်နိုးသူများနှင့် ပညာဗဟုသုတ လိုက်စားသူများ အသုံးပြုရန် ဖွင့်ပေးပါဟု ရှေ့နေများကတစ်ဆင့် ညွှန်ကြားသွားခဲ့လေသည်။ ထိုစာကြည့်ပိဋကတ်တိုက်ကို အုပ်ချုပ်ရန် ထိုအရာရှိကြီးက ယုံကြည်လွှဲအပ်သွားခဲ့သည့် ပုဂ္ဂိုလ်ကြီးသုံးဦးထဲတွင် တင်မောင်ဆွေ၏ ဦးလေးတော်သူ ဝတ်လုံတော်ရမင်း ဦးအောင်ဆွေမှာ တစ်ယောက် အပါအဝင်ဖြစ်ခဲ့ရာ တင်မောင်ဆွေသည် 'ပညာရဲရင့် စာကြည့် ပိဋကတ်တိုက်'ကို လိုအပ်သည့် ဗဟုသုတများရှာဖွေရာ နေရာဌာန တစ်ခုအဖြစ်နှင့် ရံဖန်ရံခါ အသုံးချခဲ့လေ၏။

များမကြာမီသေးသောအချိန် တစ်နံနက်ခင်းတွင်တော့ တင်မောင်ဆွေသည် လက်ခံထားသော အမှုတွေအားလုံး ပြီးပြတ်ရှင်းလင်းနေရာ ထိုနေ့တွင် အနားယူသည့်အနေဖြင့် မရောက်တာကြာပြီဖြစ်သော 'ပညာရဲရင့် စာကြည့်ပိဋကတ်တိုက်'သို့သွားပြီး စာကလေးဘာကလေးဖတ်ဦးမှပဲဟု စိတ်ကူးကာ ပိဋကတ်တိုက်ရှာ ရွှေတောင်ကြားလမ်းသို့ သူ၏ ရေးနီးကားကလေးနှင့် ထွက်လာခဲ့လေသည်။

ပိဋကတ်တိုက်တည်ထားရာနေရာကား ကွယ်လွန်သူအရာရှိကြီးနေသွားရာ နှစ်ထပ်တိုက်ဝါကြီး ဖြစ်လေသည်။ တိုက်အောက်ထပ် စာကြည့်ခန်းရှိရာသို့ တင်မောင်ဆွေ ဝင်လာခဲ့သည့်အခါတွင် လူရှင်းတိတ်ဆိတ်နေသည်ကို တွေ့ရလေသည်။ စာကြည့်ခန်းမှူး၏ စားပွဲတွင်သာ အသက် ၂၃–နှစ်ခန့်ရှိမည့် အသားဖြူဖြူဝင်းဝင်းနှင့် ကျော့ရှင်းလှပသည့် အမျိုးသမီးတစ်ဦးကထိုင်ကာ စာရေးလျက် ရှိနေပေ၏။

www.burmeseclassic.com


တင်မောင်ဆွေ၏ ဖိနပ်သံကြောင့် ထိုအမျိုးသမီးသည့် မော့ကြည့်လိုက်ကာ တင်မောင်ဆွေ့အားတွေ့ရလျှင် မျက်နှာကလေး ဝင်းထိန်သွားလေသည်။

'ဟော... ကြည့်စမ်း... အစ်ကိုဆွေ... အခုမှပဲ ပေါက်လာတော့တယ်၊ မလာတာကြာလှပြီ... အနှင်းတို့ကိုများ မေ့နေသလားလို့တောင် ထင်မိတယ်'

တင်မောင်ဆွေသည် သူ့အား ဆီးကြိုနှုတ်ဆက် စကားနာထိုးနေသော အမျိုးသမီးကလေးကို ခင်မင်သောအပြုံးကလေးနှင့် ပြန်ကြည့်လိုက်လေသည်။ ထိုအမျိုးသမီးကား သူနှင့်ဆွေမျိုးရင်းချာလို ခင်မင်နေသူကလေး ဖြစ်သည်။ အကယ်စင်စစ် ဦးလေးဦးအောင်ဆွေ၏မိန်းမနှင့် တူဝရီးတော်ပေရာ ဆွေမျိုးစပ်၍ရသူကလေးတစ်ဦးလည်း ဖြစ်နေ၏။

နာမည်က မမြနှင်းဖြစ်သည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ထူးကိုဆွတ်ခူးထားနိုင်ခဲ့ကာ ပညာရဲရင့် စာကြည့်ပိဋကတ်တိုက်တွင် စာကြည့်တိုက်မှူးတာဝန်ကို ထမ်းရွက်နေရသူကလေး ဖြစ်လေ၏။ သူ့တွင် ဖအေမရှိတော့ဘဲ မိခင်မုဆိုးမကြီးနှင့်အတူ မအေတစ်ခု သမီးတစ်ခု အေးအေးဆေးဆေး ဗဟန်းဘက်တွင် နေထိုင်နေ၏။

'အနှင်းကို ဘယ်မေ့နိုင်ပါ့မလဲကွယ်... အလုပ်တွေများလွန်းလို့ပါ၊ အလုပ်တွေအားသွားချင်းချင်း ဒီကိုပြေးလာခဲ့တာကိုပဲ ကြည့်ပေတော့၊ အနှင်းရဲ့ လှပပြီးချစ်စရာကောင်းတဲ့ မျက်နှာကလေးကို မမြင်ရတာကြာတော့ ကြည့်ချင်မြင်ချင်လွန်းလို့လေ'

တင်မောင်ဆွေက စားပွဲတွင် တင်ပါးလွှဲဝင်ထိုင်ကာ မမြနှင်း၏ မေးစေ့လုံးလုံးကလေးကို ဆွဲမော့ပြီး ခပ်ပြုံးပြုံးပြောလိုက်ရာ မမြနှင်းသည် မျက်နှာတွင် သွေးရောင်များ မသိမသာလျှမ်းတက်လာ

www.burmeseclassic.com


ပြီးမှ နှုတ်ခမ်းကလေးကို ချစ်စဖွယ်စူလိုက်လေ၏။

'ဟင်းနော်... အစ်ကိုဆွေ၊ ဘာတွေလျှောက်ပြောနေတာလဲ၊ မမမေစီကို တိုင်လိုက်မယ်၊ ဒါပဲ'

'ဟဲ... ဟဲ... အနှင်းကလည်း ချစ်စရာကောင်းလို့ ချစ်စရာကောင်းတယ်ပြောတာပဲဟာကွာ'

'တော်စမ်းပါ၊ အနှင်းဟာ ကိုဆွေ့အတွက် မမမေစီလောက်တော့ ချစ်စရာကောင်းမှာ မဟုတ်ပါဘူး'

မမြနှင်းသည် ဤသို့ပြောလိုက်ပြီးနောက်မှ ကပျာကရာ ခေါင်းကလေး ပြန်ငုံ့ထားလိုက်လေသည်။ တင်မောင်ဆွေသည် သူမအား ကြင်နာစွာ ငုံ့ကြည့်လိုက်လေ၏။ မမြနှင်းသည် သူနှင့် ငယ်စဉ်ကတည်းက သိကျွမ်းခင်မင်ခဲ့ရခြင်းဖြစ်ကာ သူ့အား သာမန် မိတ်ဆွေလို ခင်မင်ခြင်းထက် ပိုသော သံယောဇဉ်နှောင်ကြိုးတည်းထားလျက် ရှိနေကြောင်းကိုလည်း တင်မောင်ဆွေက ရိပ်စားထားမိလေသည်။ အကယ်စင်စစ် တင်မောင်ဆွေသည် အသည်းနှလုံးပုံအပ်ပြီး ချစ်ရမည့်သူမေစီသာ ရှိမနေပါက ဤမမြနှင်းကလေးကိုပဲ ချစ်မိမည်လား မဆိုနိုင်ပေ။

တင်မောင်ဆွေက စားပွဲရှေ့က ကုလားထိုင်တွင် ပြောင်းထိုင်ကာ စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်တွင်မှ မမြနှင်းသည် ငုံ့ ထားသောမျက်နှာကလေးကို ပြန်ဖော်လိုက်လေသည်။

'အစ်ကိုဆွေ ရောက်လာတာ အတော်ပဲ အစ်ကိုဆွေ၊ မလာရင်တောင် အနှင်းက ကိုဆွေ့ဆီဖုန်းဆက်ပြီး အမှုတစ်ခုကို စုံထောက်ခိုင်းတော့မလို့ သိလား'

'ဟုတ်လား... အနှင်းမှာ စုံထောက်ခိုင်းစရာ ဘာများ စိတ်ဝင်စားစရာအမှု ရှိနေရပြီလဲ၊ အနှင်းရဲ့... အဲ... ချစ်သူတစ်

www.burmeseclassic.com


ယောက် ပျောက်ဆုံးသွားရလို့လား’

‘အို… တော်စမ်းပါ၊ အစ်ကိုဆွေကလည်း အနှင်း အတည်ပြောနေတာ သိလား’

‘ဒီလိုဆိုရင်လည်း အမှုဆိုတာ လင်းစမ်းပါဦးလေ’

မမြနှင်းသည် တင်မောင်ဆွေ့ကို အားနာသလို ကြည့်လိုက်ပြီးမှ ပြန်ဖြေလိုက်လေသည်။

‘အမှုက သိပ်တော့မဟုတ်ပါဘူး၊ အစ်ကိုဆွေလို နာမည်ကျော်စုံထောက်ကြီးတစ်ယောက်ကို အပူကပ်ရတာ အားနာစရာကြီးများ ဖြစ်နေမလား မဆိုနိုင်ဘူး’

‘ကိုဆွေတို့လို အလွတ်စုံထောက်ဆိုတာဟာ အမှုသည်ကိုပဲလိုက်ရှာနေရတဲ့လူမျိုးတွေပါကွာ၊ ကဲ… ဆိုစမ်းပါဦး အနှင်းရဲ့၊ ဘာအမှုများလဲ၊ အစ်ကိုဆွေလည်း အခုအားနေပါတယ်’

‘ဒီစာကြည့်ခန်းထဲက စာအုပ်တစ်အုပ်ကို လူခိုးသွားလို့ အစ်ကိုဆွေရဲ့’

‘ဩ…’

မမြနှင်းသည် တင်မောင်ဆွေ၏မျက်နှာကိုကြည့်ကာ ကပျာကရာ စကားဆက်လိုက်ပြန်သည်။

‘စာအုပ်ဆိုပေမယ့် တော်တော်ရှားပါးပြီး အဖိုးတန်တဲ့ စာအုပ်ပါ အစ်ကိုဆွေရဲ့၊ အရေးပိုင်ကြီးရှိစဉ်ကတည်းက စုထားတဲ့ ဆေးကျမ်းတစ်ကျမ်းပါပဲ၊ အစားထိုးဖို့ခဲယဉ်းတဲ့စာအုပ်ပဲ၊ ဒါကြောင့် အနှင်းဒီစာအုပ်ပျောက်သွားတဲ့အကြောင်း စာကြည့်တိုက်အုပ်ချုပ်ရေးအဖွဲ့ဆီ အစီရင်ခံစာရေးနေတုန်း ကိုဆွေ ရောက်လာတာပါ’

‘ကဲ… စာအုပ်ပျောက်ပုံကို ဆိုစမ်းပါဦးလေ၊ ဘယ်တုန်းက ပျောက်သွားရတာလဲ’

www.burmeseclassic.com


'မနေ့ကပဲ အစ်ကိုဆွေ'

'အဲဒီတုန်းက စာကြည့်ခန်းကို ဘယ်သူတွေလာသလဲ၊ သူတို့အထဲကတစ်ယောက်ယောက် လစ်ယူသွားတာ ဖြစ်မှာပေါ့'

မမြနှင်းသည် စားပွဲပေါ်တွင် အသင့်ရှိနေသည့် ညှော်သည် စာရင်းစာအုပ်ကြီးကို သွက်လက်စွာ လှန်ကြည့်လိုက်လေသည်။

'မနေ့က စာကြည့်ခန်းထဲကို လာကြည့်တဲ့လူတွေအားလုံး လိုလိုဟာ မင်းဘား(အသင်းဝင်)တွေချည်းပါပဲ။ သူတို့ဟာ မင်းဘား ဟောင်းကြီးတွေပဲဆိုတော့ သူတို့ကိုတော့ သင်္ကာမကင်းဖြစ်စရာ မလိုဘူးထင်တယ်၊ မသင်္ကာဖြစ်စရာလူကတော့ တစ်ယောက်ပဲ ကျန်တယ် အစ်ကိုဆွေ'

'သူက ဘယ်သူလဲ ဆိုစမ်းပါဦး'

'သူက မင်းဘားလည်းမဟုတ်ဘူး အစ်ကိုဆွေ။ ဒါပေမယ့် စာကြည့်ခန်းကိုတော့ လေးငါးခေါက်လောက် ရောက်ဖူးပါတယ်၊ မနေ့ကလည်း သူလာသွားတယ်၊ ဒေါက်တာဓာစကီဆိုတဲ့ ဂျူးကြီးပဲ'

'ဒေါက်တာဓာစကီ ဟုတ်လား'

တင်မောင်ဆွေက စိတ်ဝင်စားလာသံနှင့် သွက်လက်စွာ ပြန် မေးလိုက်ရာ မမြနှင်းက ခေါင်းကလေးညိတ်ပြလိုက်လေ၏။

'ဟုတ်တယ်... သူ့ကို အစ်ကိုဆွေ သိလို့လား'

တင်မောင်ဆွေက ဖြေးညှင်းစွာ ခေါင်းညိတ်လိုက်လေ၏။

'သိပါတယ်၊ ဒါပေမဲ့ လူချင်းသိတာတော့ မဟုတ်ပါဘူး၊ သူ့အကြောင်းကို ကြားဖူးထားတာပါ'

'လူကြီးကိုကြည့်ရတာ တစ်မျိုးကြီးပဲ ကိုဆွေရဲ့၊ မုတ်ဆိတ်မွေးတွေ ဖားဖားကြီးနဲ့ ပြီးတော့ သူ့မျက်လုံးကြီးတွေကလည်း သိပ်ကို ကြောက်စရာကောင်းတာပဲ၊ သူက ဆရာဝန်ပဲလား အစ်ကိုဆွေ'

www.burmeseclassic.com


'ဟုတ်တယ် ဆရာဝန်ပါပဲ... ဂျာမန်ဆေးတက္ကသိုလ်က ဘွဲ့ရလာတဲ့လူပဲ၊ မြန်မာပြည်ကို စစ်ကြီးအတွင်းကတည်းက ရောက်လာပြီး အခုတော့ မြန်မာနိုင်ငံသားအဖြစ်ကို ခံယူထားတယ်လေ... အမှန်တော့ ဒီလူဟာ တော်တော်ထူးခြားတဲ့ လူတစ်ယောက်ပဲ အနှင်းရဲ့'

'ဘယ်လိုထူးခြားတာလဲ ကိုဆွေရဲ့'

'မစ္စတာရီမင်း(လျှို့ဝှက်တဲ့လူ)တစ်ယောက် ဆိုပါတော့ အနှင်းရယ်။ ဆရာဝန်ဆိုပေမယ့် ဆေးကုစားတာမဟုတ်ဘဲ သူ့ဘာသာသူ သီးသန့်တစ်ယောက်တည်းနေပြီး လျှို့ဝှက်တဲ့ အိပ်စ်ပရီးမင့်(စမ်းသပ်မှု)တွေ လုပ်နေတာတဲ့။ ကိုဆွေ့မိတ်ဆွေကြီး မြို့မစုံထောက်ဌာနက ရဲမှူးကြီးကိုသောင်းဖေကတော့ ပြောတာပဲ။ သူ့ကို စုံထောက်အဖွဲ့က သင်္ကာမကင်းဖြစ်နေလို့ ခေါ်တောင်စစ်ခဲ့ဖူးသတဲ့၊ အခုအနှင်းတို့ရဲ့ ဆေးကျမ်းပျောက်သွားတယ်ဆိုတော့ သူ ယူသွားတာ အများဆုံး ဖြစ်နေနိုင်တာပေါ့။ သူက အိပ်စ်ပရီးမင့်တွေ လုပ်နေတဲ့သူဆိုတော့ ဒီဆေးကျမ်းမျိုးဟာ သူ့အတွက် အများကြီး အထောက်အပံ့ပေးနိုင်တာပဲ'

မမြနှင်းသည် ခပ်တွေတွေကလေး ဖြစ်သွားပြီးမှ တင်မောင်ဆွေ့အား လှမ်းကြည့်လိုက်လေသည်။

'သူ ယူသွားတာဆိုရင်တော့ ပြန်အတောင်းရခက်တော့မှာပဲ၊ သူက မင်းဘားလည်းမဟုတ်ဘူး။ သူ ဘယ်မှာနေတယ်ဆိုတာကိုလည်း အနှင်း မသိဘူး'

တင်မောင်ဆွေသည် ပြုံးချက် ထိုင်ရာမှထကာ မမြနှင်း၏ မေးစေ့ကလေးကို လှမ်းဖျစ်လိုက်လေ၏။

'သိပ်လည်း စိတ်မပူနေပါနဲ့ အနှင်းရယ်၊ ဒေါက်တာဇာစကီ ဘယ်မှာနေတယ်ဆိုတာကို ကိုသောင်းဖေကြီး ပြောထားလို့ ကိုဆွေ

www.burmeseclassic.com


သိနေပါတယ်၊ အခုပဲ ကိုဆွေ သူ့ဆီလိုက်ပြီး စုံစမ်းကြည့်ပါ့မယ် ဟုတ်လား'

'အို... ကျေးဇူးတင်ပါတယ် အစ်ကိုဆွေရယ်၊ အစ်ကိုဆွေ့ကို ဒုက္ခပေးသလို ဖြစ်နေပြီလား မဆိုနိုင်ပါဘူး'

'အစ်ကို့ဆွေ့ကို အမှုလိုက်ပေးတဲ့သဘောနဲ့ ညနေကျရင် အစ်ကိုဆွေနဲ့ ထမင်းအတူ လိုက်စားမယ်ဆိုရင် ဒုက္ခပေးရာ မရောက်တော့ပါဘူး အနှင်းရဲ့'

မမြနှင်းသည် ပြုံးပြုံးကလေး ခေါင်းညိတ်ပြလိုက်လေ၏။

'အစ်ကိုဆွေသာ စာအုပ်ကို အရပြန်တောင်းလာခဲ့ပါလေ၊ အနှင်းကပဲ အစ်ကိုဆွေ့ကို ညစာကျွေးပါ့မယ်။ ဒါပေမယ့် မမမေစီကိုပါ ခေါ်လာခဲ့ရမှာနော်'

'အစီ မပါလည်း ဘာအရေးကြီးလို့လဲ အနှင်းရယ်... အစီက ကိုဆွေ့ကို အနှင်းနဲ့ဆိုရင်တော့ စိတ်ချပါတယ်ကွယ်'

မမြနှင်းသည် မျက်နှာကလေးတွင် သွေးရောင်လျှမ်းလျှမ်း တက်လာပြန်လျက် ကပျာကရာ ခေါင်းကလေးငုံ့လိုက်ရာ တင်မောင်ဆွေလည်း သဘောကျစွာ ပြုံးလိုက်ပြီး...

'ကဲ... အစ်ကိုဆွေ သွားတော့မယ်၊ ညနေကျရင်သာ အသင့်စောင့်နေပေတော့'

ဟု နှုတ်ဆက်လျက် စာကြည့်ခန်းထဲမှ ထွက်လာခဲ့လေ၏။

◆ ◆ ◆

www.burmeseclassic.com

- ၃ -

တင်မောင်ဆွေသည် သူ၏ရေးနိုးကားကလေးကို ဓာတ်ဆီဝင်ထည့်ကာ ပြည်လမ်းမကြီးအတိုင်း ခပ်မြန်မြန် မောင်းချခဲ့လေသည်။ ဒေါက်တာဓာစကီသည် လှည်းကူးမြို့နားတွင်ရှိ ဖိုးထောင်ကုန်းဆိုသော ကရင်ရွာကလေးတွင် နေထိုင်လျက်ရှိကြောင်းကို သူက ကိုသောင်းဖေထံမှ သိထားရလေသည်။

ပညာရဲရင့် စာကြည့်ပိဋကတ်တိုက်မှ အဖိုးတန်ရှားပါးသော စာအုပ်တစ်အုပ် ပျောက်ဆုံးမှုဆိုသည်မှာ သာမန်အားဖြင့်တော့ တင်မောင်ဆွေ့အတွက် စိတ်ဝင်စားစရာကောင်းနေမည် မဟုတ်ချေ။ သို့ရာတွင် ယခုကိစ္စမှာတော့ သူ ခင်မင်သော မမြနှင်းအား ကူညီရာလည်း ရောက်ကာ ဒေါက်တာဓာစကီဆိုသူ လူထူးလူဆန်းကြီးနှင့် တွေ့ဆုံစကားပြောရန် အခွင့်အရေးလည်းရမည်ဖြစ်ရကား တင်မောင်ဆွေအတွက်သာ အချိန်ကုန်ရကျိုးနပ်သည်ဟု ယူဆထားမိလေ၏။

ဒေါက်တာဓာစကီအကြောင်းကို ကိုသောင်းဖေကြီးထံမှ ကြားခဲ့ရကတည်းကပင် တင်မောင်ဆွေသည် တော်တော်ပင် စိတ်ဝင်စားခဲ့လေသည်။

BURMESE CLASSIC .com
www.burmeseclassic.com


'ဒီလူက ပိုလန်ပြည်က ရဟူဒီတစ်ယောက်ပဲ။ စစ်ကြီးအတွင်းက နာဇီအစိုးရက သူ့ကို ဂျပန်ပြည်ပို့ပြီး ဂျပန်တွေက မြန်မာပြည်ကို ပို့လိုက်တယ်။ မြန်မာပြည်ကျတော့ သူဟာ ဂျပန်တွေလက်ထဲကထွက်ပြေးပြီး လှည်းကူးနားက ကရင်တွေဆီမှာ ပုန်းနေခဲ့တယ်။ မဟာမိတ်တွေ မြန်မာပြည်ကို ပြန်သိမ်းပိုက်လိုက်တော့ ဖက်ဆစ်အစိုးရလက်ထက်ကတည်းကပဲ သူဟာ မြန်မာပြည်မှာပဲ အခြေစိုက်နေထိုင်ပါရစေလို့ ခွင့်တောင်းခဲ့တာကလား။ သူဟာ တကယ့် ဆေးဘက်ပညာကျော်ကြီးတစ်ယောက်ပါပဲ... ဒါပေမယ့် စစ်ပြီး သည်ဘက်ခေတ်မှာတော့ သူဟာ ဆေးလည်းမကုတော့ဘူး။ ဘိုးဆောင်ကုန်းဆိုတဲ့ ကရင်ရွာကလေးမှာပဲ အိမ်တစ်လုံးဆောက်နေပြီး လူတွေနဲ့လည်း အတွေ့မခံတတ်ဘူး။ ကေအင်ဒီအိုတွေ ထတုန်းကတော့ စစ်တပ်က သူ့ကို ကရင်သူလျှိုလုပ်တယ်ဆိုပြီး ဖမ်းထားဖူးသေးတယ်။ ပြီးတော့မှ သူဟာ ကရင်တွေနဲ့ ဘယ်လိုမှအဆက်အသွယ်မရှိကြောင်း ထင်ရှားပြီး ပြန်လွှတ်ခဲ့တယ်။ ငါတို့စုံထောက်အဖွဲ့ကလည်း သူဟာ ဆေးမကုဘဲ ဘာတွေလုပ်နေတယ်ဆိုတာ သိချင်လို့ စုံစမ်းကြည့်ခဲ့ဖူးသေးတယ်ကွ၊ ဒါပေမယ့် ဆေးပညာနဲ့ပတ်သက်တဲ့ လျှို့ဝှက်အိပ်စ်ပရီးမဲင့်တွေ လုပ်နေတယ်ဆိုတာလောက်ကလွဲလို့ ဘာမှ အရေအရာ မသိခဲ့ရဘူး။ သူဟာ ဥပဒေကျူးလွန်နေတယ်ရယ်လို့လည်း မပြောနိုင်တာနဲ့ တို့လည်း သူ့ကို ဆက်အရေးမယူတော့ပါဘူး။ ဒါပေမယ့် တင်မောင်ဆွေ... သူ့ကို ငါ တစ်ခါ တွေ့ဖူးတယ်ကွ၊ ငါတော့ သူဟာ လူကောင်းမဟုတ်ဘူးလို့ ဆိုချင်တယ်ကွ... ပညာရူး ရူးနေပြီး တစ်နေ့ကျရင် လူတွေကို ဒုက္ခလှလှကြီးပေးမယ့် လူတစ်ယောက်ပဲလို့ ဆိုချင်တော့တာပဲ'

အထက်ပါအတိုင်းပင် ကိုသောင်းဖေက တင်မောင်ဆွေ့အား ဒေါက်တာဓာစကီနှင့်ပတ်သက်၍ ပြောထားခဲ့လေသည်။ ယခု

www.burmeseclassic.com


တင်မောင်ဆွေသည် ၄င်းနှင့် လူကိုယ်တိုင်တွေ့ဆုံရန် လှည်းကူးသို့ ကားမောင်းလာရာမှ ကိုသောင်းဖေ၏ နောက်ဆုံးစကားများကို ပြန်လည်စဉ်းစားနေမိပြီး မမြနှင်းက ဒေါက်တာဓာစကီနှင့်ပတ်သက်၍ ပြောခဲ့သည့် စကားတစ်ခွန်းကိုလည်း ပြန်၍ အမှတ်ရလိုက်မိပြန်တော့သည်။

'လူကြီးကိုကြည့်ရတာ တစ်မျိုးကြီးပဲ ကိုဆွေရဲ့၊ မုတ်ဆိတ်မွေးတွေ ဖားဖားကြီးနဲ့ ပြီးတော့ သူ့မျက်လုံးကြီးတွေကလည်း သိပ်ကိုကြောက်စရာကောင်းတာပဲ'

တင်မောင်ဆွေသည် ကားမောင်းနေရာက ပခုံးများကို မသိမသာ တွန့်လိုက်မိလေသည်။ ဘာပဲဖြစ်ဖြစ် ဒေါက်တာဓာစကီကို သူသည် မကြာခင် လူကိုယ်တိုင်တွေ့ရတော့မည် ဖြစ်လေသည်။ ထိုအခါ၌ ဤလူကြီးသည် အဘယ်သို့ ထူးခြားသည်ဆိုခြင်းကို ကိုယ်တိုင်အကဲခတ် ကြည့်ရမည် ဖြစ်လေ၏။

ကားကို တစ်နာရီကျော်ကျော်ခန့် မောင်းမိလျှင် လှည်းကူးမြို့ကိုမဝင်မီ လမ်းခွဲကွေ့တစ်ခု၌ ဖိုးတောင်ကုန်းရွာသို့ တစ်မိုင်ဟုဆိုင်းဘုတ်တပ်ထားသည့် လမ်းခွဲတစ်ခုကို တွေ့ရလေသည်။ တစ်မိုင်မောင်းမိလျှင်ကား ဖိုးတောင်ကုန်းရွာသို့ ရောက်လာ၏။ ရွာကလေးမှာ အိမ်ခြေ တစ်ရာကျော်မျှသာရှိကာ ကိုယ့်ဝင်းကိုယ့်ခြံနှင့် အတော်သပ်သပ်ရပ်ရပ် ရှိသည်ကို တွေ့ရလေသည်။

အိမ်တစ်အိမ်တွင် ဝင်ရောက်စုံစမ်းကြည့်ရာ ဒေါက်တာဓာစကီသည် ရွာ၏မြောက်ဘက်စွန်းမှ 'မှင်စာကုန်း'ဟုခေါ်သောတောင်ကုန်းကလေးပေါ်မှအိမ်တွင် နေထိုင်လျက်ရှိကြောင်း သိခဲ့ရလေ၏။

မှင်စာကုန်းကား အမည်နှင့်လိုက်အောင် ကြောက်စရာကောင်း

www.burmeseclassic.com


နေသည်ကို တွေ့ရလေ၏။ ညောင်ပင်အိုကြီးတွေ အုပ်ဆိုင်းနေကာ ခြုံပုတ်ပိတ်ပေါင်းတွေကလည်း ရှုပ်ထွေးစွာ ပိတ်ဆီးထား၏။ ကုန်း အလယ်ဆီတွင်ကား ရေနံချေးတွေမည်းနေအောင် သုတ်ထားသည့် သွပ်မိုးပျဉ်ထောင်ကာ ခပ်ကုပ်ကုပ် တစ်ထပ်အိမ်ကလေးကို တွေ့ရ လေ၏။

တင်မောင်ဆွေသည် သူ့ကားကို ခြံဝတွင်ရပ်ထားခဲ့ကာ ယိမ်းယိုင်နေသော သစ်သားဝင်းတံခါးကို ကျွီခနဲမြည်အောင် တွန်း ဖွင့်လျက် ဝင်းထဲသို့ ဝင်ခဲ့လေသည်။ ဝင်းထဲတွင်လည်း ဘယ်လိုမှ မွမ်းမံပြင်ဆင်ထားခြင်း မရှိရကား ဝင်းမြေနေရာတစ်ခုလုံးသည် မြက် ရိုင်းပင်ကြီးများက ဒူးဆစ်လောက်ထိအောင် ရှည်လျားစွာ ပေါက်နေ သည်ကို တွေ့ရလေသည်။ အိမ်ကလေးဆီသို့ သွားသောလမ်းမှာလည်း မြက်ပင်တွေ ဖုံးထားသဖြင့် လမ်းမရှိသလောက် ဖြစ်နေ၏။

အိမ်ကလေးမှာလည်း ပြတင်းပေါက်တွေ အလုံပိတ်ထားကာ ပကတိ တိတ်ဆိတ်ခြောက်ကပ်နေရာ လူမှရှိပါလေစဟု ထင်မှတ်စရာ ဖြစ်နေသည်။ တင်မောင်ဆွေသည် ပိတ်ထားသော အိမ်တံခါးဆီသို့ တက်ခဲ့ကာ ခပ်ကျယ်ကျယ်ပင် တံခါးရွက်ကို လက်သီးတစ်ဖက်ဖြင့် ထုလိုက်လေသည်။ သို့ရာတွင် အိမ်ကလေးကား တိတ်ဆိတ်မြဲ တိတ် ဆိတ်လျက်သာ ရှိနေ၏။

တင်မောင်ဆွေသည် လက်မလျှော့သေးဘဲ အိမ်တံခါးကို နောက်တစ်ကြိမ် တဒုံးဒုံး ထပ်ထုလိုက်ပြန်သည်။ ထိုအခါကျမှ ကြမ်းပြင်ကို ရှပ်တိုက်၍ တရှပ်ရှပ်လျှောက်လာသော ခြေသံများကို ကြားလိုက်ရကာ ခေတ္တကြာလျှင် အိမ်တံခါးကြီးသည် ကျွီခနဲမြည် လျက် ဖြည်းညှင်းစွာ ပွင့်လာလေ၏။ တံခါးကြားတွင် ပေါ်လာသည့် မျက်နှာကြီးမှာလည်း ထိတ်လန့်တုန်လှုပ်စရာတွေကို အများကြီးတွေ့

www.burmeseclassic.com


ဖူးပြီဖြစ်သည့် တင်မောင်ဆွေကိုပင် ရင်ထဲ၌ ရုတ်တရက် ဒိတ်ခနဲ ဖြစ်သွားစေလေသည်။

ကျယ်ပြန့်သောမျက်နှာကြီးတွင် အောက်ပိုင်းတစ်ခုလုံးမှာ ထူထဲနီကြောင်သော မုတ်ဆိတ်မွေးတွေက ဖုံးလွှမ်းလျက် ရှိနေသည်။ ပို၍ ကြောက်စရာကောင်းနေသည်ကား မျက်နှာအောက်ပိုင်းတွင် အမွေးအမျှင် ထူထပ်လှသလောက် အထက်ပိုင်းတွင်ကား မျက်ခုံးမွေး ဟူ၍ပင် မရှိသလောက် ပြောင်တလင်းချောနေခြင်းပင် ဖြစ်လေ၏။ ထိပ်ပြောင်ပြောင်ကြီးတွင် သံပုရာခွံအနက်ရောင်ဦးထုပ်ကလေး စွပ်ထားကာ မျက်လုံးကြီးတွေမှာလည်း ပြာမွဲမွဲ ပြူးကြောင်ကြောင်နှင့် လူရူးမျက်လုံးကြီးများနှင့်သာ တူနေလေတော့သည်။

ယခု ထိုမျက်လုံးကြီးများသည် တင်မောင်ဆွေ့အား သင်္ကာမကင်းအမူအရာနှင့် စူးစိုက်ကြည့်ရှုနေကြလေ၏။

'မင်း ဘယ်သူလဲ၊ ဘာလိုချင်သလဲ'

မေးလိုက်သံမှာ မြန်မာစကားခပ်ဝဲဝဲနှင့် ခပ်ပြတ်ပြတ် ရှိလှလေသည်။

'ခင်ဗျား ဒေါက်တာဇာစကီ မဟုတ်လား'

တင်မောင်ဆွေက အင်္ဂလိပ်စကားနှင့် ပြန်မေးလိုက်မှ ၎င်းသည် မသင်္ကာမှုအနည်းငယ် ယုတ်လျော့လာဟန်နှင့် ဟထားသော တံခါးကိုဆွဲဖွင့်ကာ တံခါးဝတွင် မားမားကြီးရပ်လိုက်လေသည်။ ဤတွင် ၎င်းမှာ အရပ် ၅ပေ၊ ၆ လက်မမျှသာ ရှိမည်ဖြစ်သော်လည်း ကိုယ်ခန္ဓာကြီးကတော့ စည်ပိုင်းတမျှ တုတ်ခိုင်လှသည်ကို တွေ့ရနိုင်ပေ၏။

'ဟုတ်တယ်၊ ငါ့နာမည်က ဇာစကီပဲ၊ မင်းကကော ဘယ်သူလဲ၊ ငါ့ဆီကို ညှော်သည်လာလေ့ မရှိပါဘူး'

www.burmeseclassic.com


'ကျုပ်နာမည်က တင်မောင်ဆွေပါ၊ ကျုပ်ဟာ ရန်ကုန်က စုံထောက်တစ်ယောက်ပါပဲ'

စုံထောက်ဟူသော စကားကို ကြားရလျှင်ကား ဓာစကီ၏ မျက်နှာကြီးမှာ တစ်မျိုးပြောင်းလဲသွားလေသည်။ စိတ်ဆိုးခြင်းအမူအရာနှင့်အတူ မျက်လုံးများတွင်လည်း ပါးနပ်ကောက်ကျစ်သည့် အရိပ် အယောင်တွေ ပေါ်လာကြလေ၏။

'စုံထောက် ဟုတ်လား၊ မင်းတို့ စုံထောက်တွေဟာ ငါ့ကို နှောင့်ယှက်လို့ မပြီးတော့ဘူးလား၊ မင်းတို့မှာ ငါ့ကို လိုက်နှောင့်ယှက်ဖို့အလုပ်ကလွဲလို့ တခြားအလုပ်တွေ မရှိတော့ဘူးလား၊ ငါ့လို အေးအေးဆေးဆေး ကိုယ့်ကိစ္စ ကိုယ်လုပ်နေတဲ့ လူတစ်ယောက်ကိုမှ မင်းတို့က ဘာပြုလို့ ဒါလောက်တောင် လိုက်နှောင့်ယှက်ချင်ရတာလဲ'

'ကျွန်တော် ခင်ဗျားဆီလာတာ နှောင့်ယှက်ရာကျနေရင်လည်း ဝမ်းနည်းပါတယ်။ ဒါပေမယ့် ကျွန်တော်လာခဲ့တာဟာ ခင်ဗျားရဲ့ အလုပ်ကိစ္စတွေမှာ နှောင့်ယှက်ရဖို့တော့ မဟုတ်ပါဘူး၊ စာအုပ်တစ်အုပ်အတွက်လာတာပါ ဒေါက်တာဓာစကီ'

တင်မောင်ဆွေက ခပ်အေးအေးပင် ပြန်ဖြေလိုက်လျှင်ကား ဒေါက်တာဓာစကီ၏ ကျယ်ဝန်းသော နဖူးပြင်ကြီးမှာ ကျုံ့သွားလေ၏။

'စာအုပ်... ဘာစာအုပ်လဲ'

'ခင်ဗျား ရန်ကုန်ရွှေတောင်ကြားလမ်းက ပညာရဲရင့် စာကြည့်ပိဋကတ်တိုက်ကို သိတယ် မဟုတ်လား'

တင်မောင်ဆွေ၏ မေးခွန်းကို ဒေါက်တာဓာစကီက ပြန်မဖြေနိုင်ခင် သူ့နောက်မှ လူတစ်ယောက် ပေါ်လာလေသည်။

'ဘာဖြစ်နေတာလဲ ဒေါက်တာ... ခင်ဗျားကို ဘယ်သူက လာနှောင့်ယှက်နေတာလဲ'

www.burmeseclassic.com


မေးလိုက်သူသည် ဒေါက်တာဇာစကီနောက်တွင် ဝင်ရပ်လျက် တင်မောင်ဆွေ့အား ကြည့်လိုက်ကာ ချက်ချင်းပင် မျက်နှာပျက်သွားလေသည်။ တင်မောင်ဆွေကလည်း အရပ်မြင့်မြင့်နှင့် အရောင်ကွက်ကြား ရှပ်အင်္ကျီ၊ သက္ကလပ်ဘောင်းဘီရှည်ဝတ် ကပြားနှင့်တူသော ထိုလူအားကြည့်ကာ မျက်ခုံးများပင့်လိုက်လေ၏။

'ဟလို... တော်မီ... မင်းဒီမှာ ဘာလာလုပ်နေတာလဲ၊ မင်းကိုကြည့်ရတာ... တော်တော်ကြီးပွားနေပုံရပါတယ်၊ ကားတွေခိုးရောင်းတဲ့ မင်းအရင်က လုပ်တဲ့အလုပ်ကိုပဲ လုပ်နေတုန်း ထင်တယ်... ဟုတ်စ'

တင်မောင်ဆွေသည် ကပြားလူရွယ်ကို ရင်းနှီးစွာပင် လှမ်း၍ နှုတ်ဆက်လိုက်လေသည်။ တော်မီဆိုသည့် လူရွယ်သည် တင်မောင်ဆွေက သူ့အား မှတ်မိနေသည်ကို တွေ့လိုက်ရလျှင်... မျက်နှာမထားတတ်အောင် ဖြစ်လာလေ၏။

'ဟာ... ခင်ဗျားကလည်း ကျွန်တော့်အတိတ်က အကြောင်းတွေကို ပြန်မပြောပါနဲ့တော့ဗျာ၊ ကျွန်တော် အခုအရင်ကလို မဟုတ်တော့ပါဘူးဗျ... အလုပ်ကောင်းကောင်း လုပ်နေပါပြီ'

တင်မောင်ဆွေကမူ ကပြားလူရွယ် တော်မီ၏စကားများကို ဘယ်လိုမှ ယုံကြည် လက်ခံပုံ မရချေ။

'မင်းအကောင်းဆုံး လုပ်နိုင်တဲ့အလုပ်ဟာ ကားခိုးတာပဲ ရှိတာပဲဟာ... ငါ့ကို လိမ့်မနေစမ်းပါနဲ့... တော်မီရာ...'

'ဟာ... ကိုတင်မောင်ဆွေ... တကယ်ပါဗျ... ကျွန်တော် အရင်ကလို မမိုက်တော့ပါဘူး... လိမ်လိမ်မာမာနေပြီး ရိုးရိုးတန်းတန်း အလုပ်လုပ်နေတာပါဗျ... ခင်ဗျား မယုံရင်... ဟောဒီက ဒေါက်တာ ဇာစကီကို မေးကြည့်ပါ။ ကျွန်တော်ဟာ ဒီရွာထဲမှာနေနေတဲ့ မြေပိုင်ရှင်

www.burmeseclassic.com

ကိုဒီရဲ့ကားကို မောင်းနေပါတယ်ဗျ…'

တင်မောင်ဆွေကမူ တော်မီ၏ ရှိုးကျစွာဝတ်စားထားပုံကို ခြေအဆုံး ခေါင်းအဆုံးကြည့်လိုက်ပြီးမှ ပခုံးများကို တွန့်လိုက်လေ၏။

'မင်းအခု ဘာလုပ်နေနေ ငါနဲ့တော့ မဆိုင်ပါဘူးလေ၊ ဒါပေမဲ့ မင်းက ဒရိုင်ဘာသာဆိုတယ် ရှိုးကတော့ အကောင်းသားပါလားကွ'

'ဟာ… ကျွန်တော့် အလုပ်ရှင် ကိုဒီဆိုတာက သိပ်သဘောကောင်းတာဗျ၊ လခ ကောင်းကောင်းပေးထားတယ်… ကျွန်တော့်ကိုလည်း အဝတ်အစား ကောင်းကောင်းဝတ်မှ သဘောကျတယ်'

ထိုအတောအတွင်းဝယ်… ဒေါက်တာ ဇာစကီကမူ တင်မောင်ဆွေကိုတစ်လှည့် တော်မီကိုတစ်လှည့် မျက်မှောင်ကြီးကြုတ်ကာ ကြည့်နေခဲ့လေသည်။ တော်မီသည် ၎င်းအား ကဗျာကရာငုံ့ကြည့် နေလိုက်ပြီးနောက်…

'ကဲ… ကျွန်တော် သွားမယ် ဒေါက်တာ… ကိုတင်မောင်ဆွေ…'

ဟု နှုတ်ဆက်ပြီး ကပျာကရာ ခြံဝဆီသို့ လျှောက်သွားလေတော့၏။

'တော်တော် စကားများတဲ့ ကောင်ကလေးပဲ၊ ကျုပ်ဆီလာပြီး အလကားနေရင်း စကားများနေတာ အလုပ်ကို ကောင်းကောင်း မလုပ်ရဘူး၊ ဒီကောင်ကလေးကို ခင်ဗျားလည်း သိနေသကိုး'

ဒေါက်တာ ဇာစကီသည် ခြံထဲမှ ခပ်သုတ်သုတ် ထွက်သွားသော တော်မီအား လှမ်းကြည့်ရာက မကျေမနပ် အမူအရာနှင့် ရေရွတ်လိုက်လေသည်။ ပြီးမှ လိုရင်းကိစ္စကို ပြန်၍ သတိရလာသည့် အလားတင်မောင်ဆွေအား ဆတ်ခနဲ မော့ကြည့်လိုက်လေ၏။

www.burmeseclassic.com


'ကဲ... ကဲ... ခင်ဗျား ကိစ္စကို ဆိုစမ်းပါဦး၊ စာအုပ်ဆို တာ ဘာစာအုပ်လဲ'

'ခင်ဗျား မနေ့က ပညာရဲရင့် စာကြည့် ပိဋကတ်တိုက်ကို ရောက်ခဲ့တယ် မဟုတ်လား...'

'အား... ဟုတ်တယ် ကျုပ်အဲဒီမှာ... ကျုပ်ဖတ်ချင်တဲ့ စာအုပ်တစ်အုပ် ရှိနေတယ် ကြားလို့ သွားယူတာပဲ'

'ခင်ဗျား အဲဒီစာအုပ်ကို ယူခဲ့တယ်ပေါ့'

တင်မောင်ဆွေသည် ပြောပြောဆိုဆို မမြနှင်း ပြောပြလိုက် သည့် စာအုပ်နာမည်ကို ပြောပြလိုက်ရာ... ဒေါက်တာ ဓာစကီက လည်း အလွယ်တကူပင် ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်လေ... ကျုပ်ယူလာခဲ့တာပဲ၊ အဲဒါ ဘာဖြစ်လို့ ခင်ဗျားက လာပြီး စုံစမ်းရတာလဲ'

'စာကြည့်တိုက်က စာကြည့်ခန်း တာဝန်ခံက ဒီစာအုပ် အခိုးခံရတယ်လို့ တိုင်လို့ ကျုပ်က လာပြီး စုံစမ်းရတာပါ၊ ခင်ဗျားယူ သွားတယ်ဆိုတာကို ဟိုက လုံးဝမသိကြပါဘူး'

'ဘာ... ကျုပ်က စာအုပ် ခိုးသွားတယ် ဟုတ်လား... ဒီစာအုပ်ကို ကျုပ်က ဘာလို့ ခိုးရမှာလဲ'

ဓာစကီသည် ရှူးရှူးရှားရှား ဖြစ်လာရာက အော်လိုက်လေ သည်။

'ခင်ဗျား လုပ်ပုံကလည်း ခိုးသွားသလို ဖြစ်နေတာပဲ ဒေါက်တာ ဓာစကီ'

'ဒီစာအုပ်ကို ကျုပ် အတိအလင်း ဗြောင်ယူလာတာပဲ၊ ဒီစာအုပ်တွေဟာ... ကျုပ်တို့လို ပညာရှင်တွေအတွက် ထားတာ မဟုတ်လား... စာအုပ်ကလည်း အလကားပါ၊ ကျုပ် ဖတ်ကြည့်ပြီးပါ

www.burmeseclassic.com


ပြီ... သီအိုရီ(ယူဆတွေးခေါ်ချက်) တွေက အားလုံး မဖြစ်နိုင်တာချည်းပဲ။ ကျုပ် ဒီစာအုပ် ဖတ်ရတာ အချိန်တောင်ကုန်သေးတယ်... ထို'

ဒေါက်တာ ဓာစကီသည် လက်များ တယမ်းယမ်းနှင့် အော်ကျယ်ကျယ် ပြောလိုက်လေသည်။ ထိုအချိန်တွင် ၎င်း၏ အမူအရာကို တွေ့လိုက်ရသည့် သာမန်လူတစ်ယောက်အဖို့ ၎င်းသည် စိတ်မှ နံ့ပါလေစဟု ထင်မှတ်မိမည်သာ ဖြစ်၏။

'ကဲပါလေ... ဒီစာအုပ်ဟာ... ခင်ဗျားအတွက် အသုံးမကျတော့ရင်လည်း သူ့ပိုင်ရှင်ဆီ ပြန်အပ်လိုက်မယ် မဟုတ်လား...'

တင်မောင်ဆွေက ပြောလိုက်တော့မှ ဒေါက်တာ ဓာစကီသည် ငြိမ်ကျသွားကာ... ကြီးမားသော ခေါင်းကြီးကို တစ်ချက် ညိတ်လိုက်လေသည်။

'ကောင်းပြီလေ... ပြန်ယူသွားပါ၊ လာ... ခင်ဗျား ကျုပ်နဲ့ လိုက်ခဲ့'

ဒေါက်တာ ဓာစကီသည် ပြောပြောဆိုဆို လှည့်ဝင်သွားတော့ရာ တင်မောင်ဆွေသည် ၎င်းနောက်မှ လိုက်ခဲ့ရလေသည်၊ ဒေါက်တာ ဓာစကီ ခေါ်သွားသော အခန်းမှာ ခပ်ကျဉ်းကျဉ်းဖြစ်ပြီး ပြတင်းပေါက်ကို ပိတ်ထားသဖြင့် မှုန်ကုပ်ကုပ် ဖြစ်လျက်ရှိလေ၏။ အခန်းကို ဘယ်သောအခါမှ သုတ်သင်ရှင်းလင်း လုံကျင်းခြင်းပြုပုံလည်း မရချေ။ ကြမ်းပြင်များတွင်လည်းကောင်း၊ အိမ်ထောင်ပရိဘောဂများတွင်လည်းကောင်း ဖုန်တွေ တက်နေလေသည်။

အလယ်မှ စားပွဲကြီးတွင်ကား... ပေကျံနေသည့် ပန်းကန်ပြားများ၊ ဆေးလိပ်တိုများ စုပုံနေသည့် ပြာခံခွက်များ၊ အရက်ပုလင်းနှင့် ဖန်ခွက်များ စသည်တို့နှင့် ရှုပ်ပွပြန့်ကျဲလျက် ရှိနေ၏။

'ဒေါက်တာက ဒီအိမ်မှာ တစ်ယောက်တည်း နေပုံရတယ်'

www.burmeseclassic.com


တင်မောင်ဆွေသည် အခန်းကို လှည့်ပတ်ကြည့်ရှု အကဲခတ်ရာက အကဲစမ်း၍ မေးလိုက်ရာ... ဒေါက်တာ ဓာစကီသည် အခန်းထောင့်တစ်ဘက်ရှိ စာအုပ်တွေ စီတန်းနေသည့် စာအုပ်စင်ကြီးဆီမှနေ၍ လှည့်မကြည့်ဘဲ ပြန်ဖြေလိုက်လေသည်။

'ဟုတ်တယ် ကျုပ်တစ်ယောက်တည်းပဲ။ ကျုပ်လို ပညာရှင်မျိုးဟာ တစ်ယောက်တည်းပဲ နေချင်တယ်၊ အဖော်ရှိဖို့ မလိုဘူး။ ရွာထဲက ကရင်မကြီးတစ်ယောက်က တစ်ပတ်တစ်ခါ ကျုပ်အိမ်ကိုလာ ရှင်းပေးတယ် ဒါပဲ'

ဓာစကီသည် စကားအဆုံးတွင် စာအုပ်စင်ကြီးမှ နေ၍ တင်မောင်ဆွေ အလိုရှိသော စာအုပ်ကို ယူလာပေးလိုက်၏။

'ခင်ဗျားစာအုပ်ကို ပြန်ယူသွားနိုင်ပါပြီ... ကျုပ်ဖတ်ကြည့်တော့ ဘာမှ ကျုပ်အလုပ်ကို အထောက်အပံ့ မပေးနိုင်တာကိုသာ တွေ့ရတာပဲ...'

'ကျေးဇူးတင်ပါတယ် ဒေါက်တာ... နောက်တစ်ခါ ခင်ဗျား စာကြည့်တိုက်က ဖတ်ချင်တဲ့စာအုပ်များ ရှိသေးရင်တော့ ထုံးစံအတိုင်း စာကြည့်တိုက်မှူးဆီမှာ လက်မှတ်ထိုးပြီးမှ ယူသွားစေချင်ပါတယ်... ခင်ဗျားလို ပညာရှင်ကြီးတစ်ယောက် ခိုးမှုနဲ့ အရေးယူ ခံနေရရင် မကောင်းပါဘူး... ဟုတ်လား...'

ဒေါက်တာ ဓာစကီကမူ ဘယ်လိုမှ မပြောတော့ဘဲ မျက်မှောင်ကြီး ကြုတ်လျက်သာ တင်မောင်ဆွေအား ကြည့်နေလိုက်လေသည်။ တင်မောင်ဆွေသည် လာရောက်ရခြင်းကိစ္စ ပြီးသွားပြီ ဖြစ်သော်လည်း မပြန်သေးဘဲ နောက်ထပ်မေးခွန်းတစ်ခု ထုတ်လိုက်လေ၏။

'ဒေါက်တာ ခုနကပြောပါတယ်... ဒီစာအုပ်ဟာ ဒေါက်တာရဲ့အလုပ်မှာ အထောက်အပံ့ မပေးနိုင်ဘူး ပြောတယ်... အဲဒါ

www.burmeseclassic.com


ဒေါက်တာ့အလုပ်ဟာ ဘာအလုပ်ဆိုတာ ကျွန်တော် သိပါရစေလား ခင်ဗျာ'

ဒေါက်တာ ဓာစကီသည် ရုတ်တရက် ပြန်မဖြေသေးဘဲ တင်မောင်ဆွေအား စိမ်းစိမ်းကြီး စိုက်ကြည့်လိုက်လေသည်။ ပြီးမှ သိပ်ပြီး မဖြေချင်သော အမူအရာဖြင့် ခပ်ဆတ်ဆတ် ပြန်ဖြေလိုက်၏။

'ကျုပ်ဟာ ဆေးသိပ္ပံ လောကဓာတ်ဆရာတစ်ယောက်ပဲ...'

'ဟုတ်ပါပြီ... အခုလောလောဆယ် ဒေါက်တာ ဘာတွေများ စမ်းသပ်လုပ်ကိုင်နေသလဲ'

'ခင်ဗျားဟာ တော်တော်စပ်စုတဲ့ လူပါလား... ကျုပ် စမ်းသပ်လုပ်ကိုင်နေတာတွေကို ခင်ဗျားသိသွားရင် တော်တော်အံ့သြသွားလိမ့်မယ်...'

ဒေါက်တာ ဓာစကီသည် မျက်လုံးကြီးများ ရုတ်တရက် ဝင်းလက်လာပြီး ပြန်ဖြေလိုက်၏။ ပြီးမှ တံခါးဝဆီသို့ ချာကနဲ လှည့် လိုက်သည်။

'ဒါပေမယ့် ကျုပ်အခု လုပ်နေတာတွေကို ခင်ဗျားသိဖို့ မလိုပါဘူး... ကျုပ်လုပ်နေတာတွေကို ခင်ဗျားလို လူပြိန်းတစ်ယောက်က နားလည်မှာလည်း မဟုတ်ပါဘူး... အဲ... အခု ခင်ဗျားလိုချင်တာ ရပြီ မဟုတ်လား... ပြန်ပေတော့'

တင်မောင်ဆွေလည်း ပခုံးကိုတွန့်ကာ တံခါးပေါက်ဝမှ ထွက်လာခဲ့ရလေသည်။ တင်မောင်ဆွေက ခြံဝတွင် ရပ်ထားခဲ့သော သူ၏ကားပေါ်သို့တက်၍ မောင်းထွက်သွားသည်အထိပင် ဒေါက်တာ ဓာစကီသည် သူ၏အိမ်တံခါးဝတွင် မားမားကြီး ရပ်ကြည့် ကျန်နေရစ် လေ၏။

◆ ◆ ◆

www.burmeseclassic.com

# – ၄ –

ညနေ သုံးနာရီကျော်ကျော်တွင် တင်မောင်ဆွေသည် ရန်ကုန်မြို့ထဲသို့ ပြန်ရောက်လာကာ 'ပညာရဲရင့်'စာကြည့် ပိဋကတ်တိုက်သို့ လှည့်ဝင်ခဲ့သည်။ သို့ရာတွင် စာကြည့်ခန်းထဲ၌ မမြနှင်းကို မတွေ့ရဘဲ သူမ၏ လက်ထောက်ကိုသာ တွေ့ရလေသည်။ မမြနှင်းသည် စာကြည့်တိုက်အလုပ်ကိစ္စနှင့် အပြင်သွားရာ ယနေ့တွင် ပြန်ရောက်လာတော့မည် မဟုတ်ကြောင်း သိရသည်တွင်... တင်မောင်ဆွေလည်း ဒေါက်တာ ဓာစကီထံမှ ပြန်ရလာသည့် စာအုပ်ကို လက်ထောက်ထံတွင်ပင် အကျိုးအကြောင်း ပြောပြလျက် ပြန်အပ်ခဲ့ပြီး ထွက်လာခဲ့လေသည်။

ရန်ကုန်မြို့ထဲတွင် အခြားတစ်နေရာ နှစ်နေရာသို့ လျှောက်ဝင်နေပေရာ သူ၏ အလုပ်တိုက်ရှိရာ ဆူးလေဘုရားလမ်းသို့ တင်မောင်ဆွေ ပြန်ရောက်လာသည့်အခါတွင်ကား ညနေ ၅–နာရီကျော်နေပြီ ဖြစ်လေ၏။ ထိုအချိန်တွင် အလုပ်တိုက်၌ မေစီ ရှိတော့မည် မဟုတ်ရာ တင်မောင်ဆွေလည်း အလုပ်တိုက် အပေါ်ထပ်ရှိ သူ၏တိုက်ခန်းသို့ တန်း၍တက်ခဲ့လေသည်။ လှေကား ထောင့်ချိုးသို့ ရောက်လာလျှင်

www.burmeseclassic.com


ကား ပိတ်ထားသော တိုက်ခန်းတံခါးရှေ့တွင် လူတစ်ယောက် ရပ်စောင့်နေသည်ကို တွေ့လိုက်ရလေသည်။

'ဟော... ဆရာ... ခုမှပဲ ရောက်လာတော့သကိုး... စောင့်လိုက်ရတာဗျာ...'

ထိုလူသည် တင်မောင်ဆွေကို တွေ့လိုက်ရလျှင် ရုတ်တရက် လန့်သွားသကဲ့သို့ ကိုယ်ကြီးဆတ်ခနဲ တွန့်သွားပြီးမှ စိတ်သက်သာရာရသွားသံကြီးနှင့် ဆီးကြိုနှုတ်ဆက်လိုက်လေ၏။

'အလို... ကိုဘကျင်ပါလား... ဘာများ ကိစ္စထူးလာလို့ ခင်ဗျားက ကျွန်တော့်ကို လာစောင့်နေရတာလဲ'

တင်မောင်ဆွေသည် ထိုလူ့ကို အကဲခတ်သလို ကြည့်ရာက ပြန်၍ မေးမြန်းလိုက်၏။ ထိုလူမှာ အသက်၄၀–ခန့်ရှိ အသားညိုညို ပိန်ပိန်ပါးပါး လူတစ်ယောက်ဖြစ်လေသည်။ ထိုအခိုက်အတန့်တွင်ကား ၎င်း၏အမူအရာသည် တစုံတရာကို စိုးရိမ်ထိတ်လန့်နေသည့်အလားအထူးပင် ဂဏာမငြိမ် ဖြစ်နေလေ၏။

'ဆရာနဲ့ တိုင်ပင်ချင်လို့ပါပဲဗျာ... အရေးကြီးတဲ့ ကိစ္စတစ်ခု တိုင်ပင်ချင်လို့ပါ...'

'ဘာ အရေးကြီးတဲ့ကိစ္စလဲ ကိုဘကျင်ရဲ့ ဆိုစမ်းပါဦး...'

'အထဲကို ဝင်ကြရအောင်လား ဆရာရယ်... အထဲကျမှ ကျွန်တော် ပြောပြပါ့မယ်... ဒီမှာ ရပ်နေတာ စိတ်မချရဘူး ဆရာရဲ့... ကျွန်တော့် နောက်ကို သူတို့က တကောက်ကောက် လိုက်နေကြတယ် ထင်တာပဲဗျာ...'

ဘကျင်သည် စိတ်ကယောင်ချောက်ချား ဖြစ်နေပုံရလေသည်။ တင်မောင်ဆွေလည်း ၎င်း၏ မျက်နှာကို တစ်ချက်စူးစိုက်အကဲခတ်ကြည့်လိုက်ပြန်ပြီးမှ တိုက်ခန်းတံခါးကို ဖွင့်ကာ ၎င်းအား

www.burmeseclassic.com


အထဲသို့ သွင်းလိုက်လေသည်။

'တံခါးကို ပြန်သော့ခတ်လိုက်ပါ ဆရာရယ်...'

တိုက်ခန်းထဲသို့ ရောက်လာရသည့်တိုင် ဘကျင်သည် စိတ်မလုံသေးသည့်အလားပြောနေ၏။ တင်မောင်ဆွေသည် တိုက်ခန်းတံခါးကို သော့ခတ်လိုက်ပြီးနောက် ဘကျင်အား ကုလားထိုင်တစ်လုံးတွင် ထိုင်စေကာ အခန်းထောင့်တွင် ရှိသော ဘီဒိုကြီးဆီသို့ လျှောက်သွားပြီး အတွင်းမှ စကော့(ချ)ဝီစကီပုလင်းနှင့် ဖန်ခွက်နှစ်ခွက်ကို ထုတ်ယူလိုက်လေသည်။ ပြီးမှ ဘကျင်ထံသို့ပြန်၍ လျှောက်လာကာ ဖန်ခွက်ထဲသို့ ဝီစကီအရက် လက်တစ်လုံးခန့် ငှဲ့ထည့်လိုက်လေ၏။

'ကဲ... ကိုဘကျင်... အဲဒါကို နို(တ်) ချလိုက်စမ်း၊ ခင်ဗျားကိုကြည့်ရတာ တော်တော့်ကို ထိတ်ထိတ်ပျာပျာ ဖြစ်လာပုံရပါတယ်...'

'ကျေးဇူးပါပဲ ဆရာ... ကျွန်တော်ဖြင့် ဒီတစ်သက်မှာ ဒီလောက် ကြောက်စရာကောင်းတဲ့ အဖြစ်မျိုးကို တစ်ခါမှမကြုံဖူးသေးပါဘူးဆရာ... ကျွန်တော်ဟာ အမှန်တော့ သေဘေးက သီသီလေးကို လွတ်လာရတာပါ ဆရာရဲ့...'

ဘကျင်သည် တင်မောင်ဆွေ လှမ်းပေးသော ဝီစကီအရက်ကို မသိမသာ တုန်ရီနေသော လက်တစ်ဖက်ဖြင့် လှမ်းယူရင်း ပြောရာက တကျိုက်တည်းနှင့် ဂွပ်ကနဲမော့ချ လိုက်လေ၏။

တင်မောင်ဆွေကား တော်တော့်ကို စိတ်ဝင်စားနေမိပြီ ဖြစ်လေသည်။ သူသည် ဘကျင်ကို ကောင်းစွာ သိထား၏။

ဘကျင်ကား မြန်မာပြည်တွင် ရှာမှရှားသော ပညာရှင်တစ်ဦး ဖြစ်လေသည်။ သူ့ပညာကား ဘယ်လို သော့မျိုးကိုမဆို ဖွင့်တတ်ခြင်းပင် ဖြစ်သတည်း။ သို့အတွက်ကြောင့်လည်း ဘကျင်မှာ

www.burmeseclassic.com


သူ၏နာမည်ရှေ့တွင် 'သော့ဝိဇ္ဇာ'ဟူသော ဘွဲ့ထူးတစ်ခုကို ရရှိထားလေသည်။ အင်မတန်မှ ခိုင်ခံ့လုံခြုံလှပါသည်ဆိုသော မီးခံသေတ္တာသော့များကိုပင် ဘကျင်သည် သူ၏ထူးခြားသော ပညာဖြင့် ဖွင့်နိုင်သူ တစ်ဦး ဖြစ်လေသည်။

တင်မောင်ဆွေမှာ သူ၏ အမှုကိစ္စများတွင် ဘကျင်ကို ရံဖန်ရံခါ အသုံးပြုဖူးခဲ့ပြီ ဖြစ်လေသည်။ လူချင်းကလည်း တော်တော်ရင်းနှီးနေ၏။ သို့ရာတွင် ယခုကဲ့သို့ ဘကျင်တစ်ယောက် ထိတ်ထိတ်ပျာပျာ ကြောက်ကြောက်ရွံ့ရွံ့ ဖြစ်နေခြင်းမျိုးကိုတော့ တစ်ခါမှ မမြင်ဖူးသေးဘဲ ရှိနေလေသည်။

'ခင်ဗျားလို လူမျိုးက ဘယ်လိုသေဘေးများ ရင်ဆိုင်ခဲ့ရတာလဲ ကိုဘကျင်၊ မီးခံသေတ္တာတစ်ခု သွားဖွင့်နေတုန်း ပိုင်ရှင်နဲ့ ပက်ပင်းမိလို့ သေနတ်နဲ့ ပစ်လွှတ်လိုက်ပြီ ထင်တယ်...'

'ဒါက တော်သေးတာပေါ့ ဆရာရယ်... ကျွန်တော့အဖြစ်က ဒါ့ထက်ဆိုးတာပေါ့... ကျွန်တော် ဘယ်ကစပြောရမှန်းတောင် မသိတော့ပါဘူး ဆရာရယ်...'

'ခင်ဗျားစိတ်ကို ပထမ အေးအေးထားလိုက်ပါဦးလေ။ အခု ကျွန်တော့်ဆီ ရောက်လာမှတော့... ခင်ဗျားကို ဘယ်သူကမှ လောလောဆယ် လာပြီး ရန်မရှာနိုင်ပါဘူး... ကဲ... ရော့... နောက်ထပ် ဝမ်းပက်သောက်လိုက်ဦး... ဒီတစ်ခါတော့ ရေရောသောက်ဗျာ'

တင်မောင်ဆွေသည် နောက်ထပ် ဝီစကီ ဝမ်းပက်စာ ငှဲ့ထည့်ပေးလိုက်ပြီး... ရေခဲသေတ္တာထဲမှ ရေတစ်ပုလင်းကိုလည်း ထုတ်ပေးလိုက်လေသည်။ သော့ဝိဇ္ဇာ ကိုဘကျင်သည် ဝီစကီအရက်ကို သည်တစ်ခါတော့ ဖြေးဖြေးချင်းသောက်ရာက မျက်မှောင်ကြုတ်ကာ တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေပုံရလေ၏။

www.burmeseclassic.com


တင်မောင်ဆွေကလည်း သူ့အဖို့ ဝီစကီ ဝမ်းပက်စာကို ရောစပ်ရာ... ဆိုဖာတွင် ဝင်ထိုင်ပြီး တစ်ကျိုက် ကျိုက်လိုက်ပြီးမှ ဘကျင်အားလှမ်း၍ မေးခွန်းထုတ်လိုက်လေ၏။

'ကဲ... ဆိုစမ်းပါဦး ကိုဘကျင်... ခင်ဗျားအဖြစ်က ဘယ်လိုလဲ'

ထိုအခါမှ ကိုဘကျင်သည် လက်ထဲမှ... ဖန်ခွက်ကိုချလိုက်ကာ... တင်မောင်ဆွေအား လှမ်းကြည့်လိုက်လေ၏။

'အဖြစ်ကတော့ တော်တော် ဆန်းတာပဲ... ကိုတင်မောင်ဆွေ ဒီလို ကိုဆွေရဲ့... လွန်ခဲ့တဲ့ သုံးရက်လောက်က ကျွန်တော့်ဆီကို လူတစ်ယောက် ရောက်လာပြီး ငွေငါးရာ ပေးခဲ့တယ်'

'အလကားပေးတာတော့ မဟုတ်နိုင်ပါဘူးနော်'

'ဟုတ်ကဲ့... အဲဒီ ငွေငါးရာဟာ စရံပေးတာဗျ။ သူနဲ့အတူ ကျွန်တော်လိုက်ခဲ့ပြီး သူပြတဲ့ တံခါးကြီးတစ်ခုရဲ့သော့တွေကို အရဖွင့် ပေးရမယ်တဲ့။ ဖွင့်ပေးနိုင်ရင်ကျွန်တော့်ကို နောက်ထပ်ပြီး ငွေ၂၀၀၀ ဆုချဦးမတဲ့ဗျ'

ဘကျင်သည် စကားကို ရပ်နားကာ ဝီစကီတစ်ကျိုက်ကို ကျိုက် ချလိုက်လေသည်။ ပြီးမှ စကားဆက်ပြန်လေ၏။

'ကျွန်တော်က ငွေ ၂၅၀၀ တောင် ရမယ်ဆိုတော့ လိုချင်တာ ပေါ့ဗျာ... ဒါနဲ့ ဘယ်တံခါးကို ဖွင့်ရမှာလဲဆိုတော့ သူက မပြောဘူး ဗျ... ရာဇဝတ်မှုတစ်ခု ကျူးလွန်တာ မဟုတ်ပါဘူးတဲ့... ဒါပေမယ့် ဘယ်တံခါးဆိုတာကိုတော့ သူမပြောပြနိုင်ဘူးတဲ့... ကျွန်တော်က သဘောတူမယ်ဆိုရင် သူက ကျွန်တော့်ကို မျက်လုံးအဝတ်စည်းပြီး အဲဒီတံခါး ဆီကိုခေါ်သွားပေးမယ်တဲ့... ဟိုကျတော့ ကျွန်တော်က တံခါးကို သော့ဖွင့်ပေးရမယ်... သော့ဖွင့်ပေးနိုင်တာနဲ့ တစ်ပြိုင်နက်

www.burmeseclassic.com


ကျွန်တော့် ကို သူက ကျန်ငွေ ၂၀၀၀ ထုတ်ပေးမှာပဲတဲ့။ ပြီးတော့... ကျွန်တော့် မျက်လုံးကို အဝတ်ပြန်စည်းပြီး ပြန်ပို့ပေးမယ်တဲ့... ဒီအကြောင်းကိုလည်း ဘယ်သူ့ကိုမှ ပြန်မပြောရဘူးတဲ့...'

'အင်း... တော်တော်ဆန်းတာပဲ ကိုဘကျင်၊ ဒါကို ခင်ဗျား လက်ခံလိုက်ရောလား'

'လက်ခံ လိုက်မိတာပေါ့ ဆရာရယ်... တစ်ည အလုပ်အတွက် ငွေ ၂၅၀၀ ပက်ကနဲ ရမယ်ဆိုတော့ ကျွန်တော်လည်း လိုချင်မိတာပေါ့... ဒါနဲ့ မနေ့ညကပဲ ကျွန်တော်ဟာ သူနဲ့အတူ လိုက်သွားခဲ့တယ်။ သူပြောတဲ့စကားအတိုင်းပဲ သူက ကျွန်တော့်ကို မျက်နှာမှာ အဝတ်စည်းပြီး... ကားတစ်စင်းနဲ့ ခေါ်သွားတာ တော်တော်ဝေးဝေးကို သွားရတယ်ဗျ... ကားရပ်သွားတော့လည်း မညီမညာတဲ့ လမ်းတစ်ခုအတိုင်း တစ်မိုင်ကျော်လောက် လျှောက်သွားရပြန်တယ်... ပြီးတော့ လှေကားထစ်ဆယ်ထစ် ဆင်းရတော့မှ ကျွန်တော့် မျက်နှာက အဝတ်ကို ဖြေပေးလိုက်တယ်ခင်ဗျ'

ဘကျင်သည် ဝီစကီ ဖန်ခွက်ကို နှုတ်ခမ်းတွင် တေ့လျက် တစ်ကျိုက် ကျိုက်ချနေပြန်ရကား... စကားစပြတ်သွားပြန်သည်။ တင်မောင်ဆွေကမူ ၎င်း၏ ပြောပြချက်များကို အမှန်ပင် စိတ်ဝင်စား နေမိပြီ ဖြစ်လေသည်။

'ဒီတော့ ခင်ဗျား ဘယ်ရောက်နေသလဲ'

'သချိုင်းဂူကြီးတစ်ခုထဲ ရောက်နေတော့တာပေါ့ ဆရာရဲ့'

ဘကျင်သည် ပြောရင်းကပင် ကြက်သီးထသွားသည့်အလား ပခုံးများ ကြုံ့လိုက်လေသည်။ တင်မောင်ဆွေကလည်း တော်တော်ပင် အံ့သြသွားမိလေ၏။

'သချိုင်းဂူ ဟုတ်လား'

www.burmeseclassic.com


'ဟုတ်တယ် ဆရာ... ကျွန်တော်တော့ အစက မသိသေးပါဘူး... နောက်ကျတော့မှ သိရတယ်... ရောက်သွားကာစကတော့ ချမ်းစိမ့်စိမ့်နဲ့မို့ မြေတိုက်ခန်းတစ်ခန်းပဲ ဖြစ်ရမယ်လို့ ထင်တယ်... ပြီးတော့ မှောင်ပိန်းနေတော့ ဘာကိုမှလည်းမမြင်ရဘူး... ကျွန်တော့်ကို ခေါ်လာတဲ့လူက လက်နှိပ်ဓာတ်မီးနဲ့ ထိုးပြပြီး... မင်းဖွင့်ရမှာက ဒီတံခါးပဲ တဲ့... ကြည့်လိုက်တော့ သံနဲ့လုပ်ထားတဲ့ တံခါးကြီးတစ်ချပ် ဖြစ်နေတာကို တွေ့ရတော့တာပဲ ဆရာ... တံခါးမှာ တရုတ်စာတွေ ခြူးရုပ် နဂါးရုပ်တွေလည်း ရေးထားတယ်ဗျ... ပြီးတော့ ထူးဆန်းတာက သော့ပေါက် ခုနစ်ပေါက်တောင် ဆရာရေ့...'

'အင်း... ပိုပြီးတော့ စိတ်ဝင်စားစရာ ကောင်းလာပြီ ကိုဘကျင်ရေ့... ကဲ... ဆိုစမ်းပါဦး... ခင်ဗျားက အဲဒီတံခါးကို ဖွင့်နိုင်သလား'

'ကျွန်တော် စိတ်ရှည်ရှည်နဲ့ဖွင့်ရင်တော့ ပွင့်နိုင်မလားမသိဘူး ဆရာ... ဒါပေမယ့် ကျွန်တော်ဟာ သော့တွေကို ဖွင့်ဖို့ကြိုးစားရင်းနဲ့ စိတ်ထဲမှာ သင်္ကာမကင်း ဖြစ်လာမိတာပါပဲ... သူဟာ... ကျွန်တော့် ကို မီးထိုးပြရင်းက ကျွန်တော့်နောက်ကနေ မားမားကြီး ရပ်ကြည့်နေတယ်လေ... ပြီးတော့လည်း... သူ့လက်တစ်ဖက်က ဝတ်ထားတဲ့ ကုတ်အင်္ကျီအိတ်ထဲမှာ ပျောက်နေတယ်... ကျွန်တော် တစ်ခါ လှည့်ကြည့်လိုက်တော့... ပြီးပြီလားဆိုပြီး... အဲဒီလက်ကို ဆွဲထုတ်လိုက်တာ သေနတ်ကြီး ကိုင်ထားတာကို တွေ့လိုက်ရတော့တာပဲ၊ ကျွန်တော့်ကျောထဲ တစ်ခါတည်း စိမ့်တက်သွားမိတော့တာပဲ ဆရာ...'

ဘကျင်သည် ပြောနေရင်းကပင် ကြက်သီးမွေးညင်းများ ထပြန်သည့်အလား ကျောပြင်ကြီးကို တစ်ချက် တွန့်လိုက်လေသည်။ သူ့နဖူးမှာလည်း ချွေးတွေစို့လို့နေ၏။ ပြီးမှ သူက စကားဆက်ပြန်သည်။

www.burmeseclassic.com


'ဘာဖြစ်လို့လဲဆိုတော့... ကျွန်တော်ဟာ... ဒီတံခါးကြီး ရဲ့ သော့တွေကို ဖွင့်ပေးပြီးတာနဲ့ တစ်ပြိုင်နက် သူက ကျွန်တော့်ကို ပြန်မလွှတ်တော့ဘဲ တစ်ခါထဲ ဖြောင်ပစ်လိုက်တော့မယ် ဆိုတာကို နားလည်မိတာကိုး ဆရာရဲ့... အဲဒီတုန်းက ကျွန်တော့်မှာလေ... လိုက်လာမိတာ အမှားကြီးမှားလေပြီလို့ နောင်တရလိုက်မိတာ မပြော ပါနဲ့တော့...'

'သူက ခင်ဗျားကို အသေသတ်ဖို့ ကြံရွယ်ထားတာဆိုရင် ခင်ဗျား အခု ဘယ်လို ပြန်လွတ်လာတာလဲ'

တင်မောင်ဆွေက စကားကြားဝင်ဖြတ်၍ မေးလိုက်ခြင်းဖြစ် ၏။ သော့ဝိဇ္ဇာ ဘကျင်သည် လက်ကိုင်ပုဝါထုတ်ကာ သူ့နဖူးပြင်မှ ချွေးများကို သုတ်လိုက်ပြီးမှ ပြန်ဖြေလိုက်၏။

'ကျွန်တော် ဖြတ်ထိုးဉာဏ်ကောင်းပြီး အပြေးလည်း ကောင်း လွန်းလို့သာ လွတ်လာရတာပဲ ဆရာရေ့...သူက ကျွန်တော့်ကို သော့ဖွင့်လို့ မပြီးသေးဘူးလားလို့ မေးတယ်...ကျွန်တော်ကလည်း ဒီသော့တွေလောက်ခက်တာ တစ်ခါမှ မတွေ့ဖူးသေးဘူး... အသက် ရှူလည်း မွန်းကျပ်လာပြီ... အပြင်ကို ခဏလောက် ထွက်ပြီး နားပါရ စေဦးလို့ ပြန်ပြောလိုက်တယ်... ပထမတော့ သူက ခွင့်မပြုချင်သေး ဘူးဗျ... ကျွန်တော်က ခဏလောက် အနားယူရမှ ဆက်ဖွင့်နိုင်မယ် လို့ အတင်းအကျပ် ပြောတော့မှပဲ အင်တင်တင်နဲ့ ခွင့်ပြုလိုက်တော့ တာကိုး... ဒါနဲ့ကျွန်တော်လည်း သူ့ကိုနောက်ကထားပြီး လှေကားထစ် တွေအတိုင်း ပြန်တက်လာတော့ သံတိုင်တွေ ကာထားတဲ့ တံခါးကြီး တစ်ချပ်ကို တွေ့ရတယ်... အဲဒီ တံခါးကြီးကို သူက ဖွင့်ပေးပြီး အပြင်ကို ကျွန်တော့်နောက်က ကပ်လိုက်လာတာပဲ ခင်ဗျာ'

'အပြင်ကျတော့ကော ဘာတွေ တွေ့ရသလဲ'

www.burmeseclassic.com


'လမိုက်တဲ့ ညဆိုတော့ ကြယ်ရောင်နဲ့ မှုန်ဝါးဝါးသာ ဖြစ်နေတာကလားဗျ... ကျွန်တော်လည်း ငါဘယ်ရောက်နေပါလိမ့်ဆိုပြီး လှည့်ပတ်ကြည့်ပါသေးတယ်... သစ်ပင်ကြီးတွေ အုပ်ဆိုင်းနေတာက လွဲလို့ ဘာကိုမှ မတွေ့ရဘူးဗျာ... သူကပြောသေးတယ်... မင်း ဒီမှာ ကြာကြာမနေပါနဲ့...တဲ့... ငါးမိနစ်ပဲ ခွင့်ပေးနိုင်မယ်တဲ့...'

ဘကျင်သည် အာခြောက်လာဟန်နှင့် ရေခဲရေတစ်ခွက်ငှဲ့သောက်လိုက်ပြီးမှ စကားဆက်ပြန်သည်။

'ကျွန်တော်ကလည်း ငါတော့ အထဲကို ဘယ်လိုမှ ပြန်မဝင်တော့ဘူးလို့ ဆုံးဖြတ်ထားတာကလား... ဒါနဲ့ အညောင်းပြေလမ်းလျှောက်ချင်ယောင် ဆောင်ရင်းက လစ်တာနဲ့တစ်ပြိုင်နက် မှောင်ထဲကို ဖွတ်ထွက်ပြေးတော့တာပေါ့...'

'ခင်ဗျားနောက်က လိုက်မလာဘူးလားဗျ...'

'လိုက်လာသံတော့ ကြားရသဗျ... တော်တော်ကလေးပြေးမိတော့ နောက်က လိုက်လာတဲ့အသံတွေ ပျောက်သွားတယ်... ဒါနဲ့ ကျွန်တော်လည်း တော်ပါသေးရဲ့ဆိုပြီး အပြေးရပ်လို့ ကိုယ့်ကိုယ်ကို ဘယ်ရောက်နေမှန်း သိအောင် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်နေတုန်း...'

သော့ဝိစ္စာ ဘကျင်သည် စကားမဆက်ဘဲ မျက်စိကို စုံမှိတ်ထားလိုက်ကာ ကြက်သီးများ ထသွားသည့်အလား ကျောပြင်ကြီးကို တွန့်နေလိုက်လေသည်။ ၎င်း၏အမူအရာကိုကြည့်ကာ ၎င်းသည်အလွန်တရာ ကြောက်ရွံ့ထိတ်လန့်ဖွယ်သော အဖြစ်တစ်ခုကို ပြန်လည်အမှတ်ရနေခြင်း ဖြစ်ကြောင်း ထင်ရှားစွာ သိသာနိုင်တော့သည်။

'အဲဒီတော့ ဘာဖြစ်လဲ ကိုဘကျင်...'

ဟု တင်မောင်ဆွေက မေးလိုက်တော့မှ ဘကျင်သည်

www.burmeseclassic.com


မျက် လုံးကြီးများဖွင့်ကာ လှုပ်ရှားသော အသံကြီးနှင့် ပြန်ဖြေလိုက်လေ၏။

'ကျွန်တော့် တစ်သက်မှာ ကြောက်စရာအကောင်းဆုံးအဖြစ်ကို တွေ့ရတော့တာပဲ ဆရာ... တစ္ဆေခြောက်ခံရသလားလို့တောင် ပထမတော့ ထင်မိသေးတယ် ဆရာရဲ့၊ ဒါပေမယ့်.. လူ ဆရာရေ့... လူမှ လူအစစ်ပါပဲ... ဒါပေမယ့် ဆရာတို့ ကျွန်တော်တို့လို လူရိုးရိုးတော့ မဟုတ်ပြန်ဘူး... ကျွန်တော်တို့ထက် ရောမကြီးလှတဲ့ လူ့ဘီလူးကြီးပါပဲ ဆရာရယ်...'

'ဘာဗျ... လူ့ဘီလူးကြီး... ဟုတ်လား... ဘယ်လို လူ့ဘီလူးကြီးလဲ...'

'ရောမကြီးလှတဲ့ လူ့ဘီလူးကြီးပေါ့ ဆရာရယ်... ကိုယ်မှာလည်း အဝတ်အစားဆိုလို့ တစ်ခုမှ မကပ်ဘူး... ကတုံးကြီးကလည်း ပြောင်လို့ ဆရာရေ့... ပါးစပ်ကလည်း ဘာတွေမှန်း မသိဘူး... တကွိကွိ တကွကွနဲ့ ရွတ်နေတယ်။ အဲဒီကောင်ကြီးက ခြုံတောတွေထဲက တိုးထွက်လာတာကို တွေ့လိုက်ရတော့ ကျွန်တော်ဖြင့် လိပ်ပြာစင်ထွက်သွားမလား အောက်မေ့ရတယ် ဆရာရယ်... ဒီလူ့ဘီလူးကြီးက ကျွန်တော် ရပ်နေတဲ့နေရာကို လက်ကြီးနှစ်ဖက်ဆန့်ပြီး တန်းတန်းမတ်မတ် လျှောက်လာနေတာကို တွေ့ရမှပဲ ကျွန်တော်လည်း ချက်ချင်းသတိရလာပြီး ခြေကုန်သုတ်ပြေးရတာပဲ...'

တင်မောင်ဆွေကား ဘကျင်၏ မျက်နှာကို ကြည့်ကာ သွေးပျက်ပြီး ရူးသွပ်၍များသွားသလားဟု ထင်မှတ်လာမိသည်။ ဘကျင်ကမူ တုန်ရီချောက်ချားသော အသံကြီးနှင့် စကားဆက်နေပြန်လေ၏။

'ကျွန်တော်လည်း ဘယ်လောက်ကြာအောင် ပြေးခဲ့မိတယ် မသိတော့ပါဘူး... ကိုယ့်ကိုယ်ကို ပြန်သတိထားလာမိတော့... ကားလမ်းမကြီးပေါ်ကို ရောက်နေတာ တွေ့ရတော့တာပဲ... နောက်က

www.burmeseclassic.com


လိုက်လာတဲ့ လူ့ဘီလူးကြီးကိုလည်း မတွေ့ရတော့ဘူး... ကျွန်တော်လည်း ကားလမ်းမကြီးအတိုင်းလျှောက်လာခဲ့တာ လှည်းကူးကို ရောက်သွားတော့တာပဲ...'

'လှည်းကူး... ဟုတ်လား...'

'ဟုတ်တယ် ဆရာ... လှည်းကူးမှာ ကျွန်တော့်အသိတစ်ယောက်ရှိတော့ သူ့အိမ်မှာပဲ အဲဒီညဝင်အိပ်ပြီး မနက်မိုးလင်းလင်းချင်း ရန်ကုန်ကို ပြေးလာခဲ့ရတာပဲဆရာရေ့... ဒီနေ့တစ်နေ့လုံးလည်း လူတစ်ယောက်ဟာ ကျွန်တော့်နောက်က တကောက်ကောက် လိုက်နေခဲ့တယ်... ဒါနဲ့ ကျွန်တော်လည်း မဖြစ်ချေတော့ဘူးဆိုပြီး ဆရာနဲ့ တိုင်ပင်ရအောင် လာခဲ့တာပါပဲ...'

သော့ဝိဇ္ဇာ ဘကျင်သည် စကားအဆုံးတွင် တုန်တုန်ယင်ယင်နှင့် စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိလိုက်လေသည်။ တင်မောင်ဆွေလည်း ၎င်း၏အမူအရာကို စေ့စေ့ အကဲခတ်ကြည့်ရှုပြီးမှ ခေါင်းကို ဖြည်းညင်းစွာ ညှိတ်လိုက်လေသည်။

'အင်း... ခင်ဗျား ပြောပြတာကတော့ တော်တော့်ကို ထူးဆန်းတာပဲ... ခင်ဗျားကို ငွေပေးပြီး သော့ဖွင့်ခိုင်းတဲ့လူဟာ ဘယ်သူလဲ ဆိုတာကိုတော့ ခင်ဗျား မသိဘူးလား'

'နာမည်တော့ မသိပါဘူးဆရာ... ဒါပေမယ့် သူ့ကို ကျွန်တော် ပြန်မြင်ရရင်တော့ မှတ်မိပါတယ်... ဒီလူ့ကိုကြည့်ရတာ ကျွန်တော်တို့လို ဒုစရိုက်လောက ကတော့ ဟုတ်ဟန်မတူပါဘူး... ကျွန်တော့ အထင်တော့...'

ထိုစဉ် စားပွဲပေါ်မှ တယ်လီဖုန်းသည် ရုတ်တရက် စူးရှစွာ မြည်လာရာ ဘကျင်သည် ကိုယ်ကြီး ဆတ်ခနဲတွန့်လျက် လန့်သွားပြီး စကားပြတ်သွားလေသည်တွင် တစ်ဖက်မှ အသံစိမ်းတစ်ခု ထွက်

www.burmeseclassic.com


ပေါ်လာ၏။

'ဟလို... ကျုပ်စုံထောက် ဦးတင်မောင်ဆွေနဲ့ စကားပြောချင်လို့ပါ...'

'ခုပြောနေပါတယ်... ဘာကိစ္စရှိလို့ပါလဲ...'

'ကျုပ်ဟာ ဝတ်လုံတော်ရ ဦးကံထားပါ... တင်မောင်ဆွေနဲ့ အင်မတန်အရေးကြီးတဲ့ ကိစ္စတစ်ခု တိုင်ပင်စရာရှိလို့... အခု ဦးတင်မောင်ဆွေ... ကျုပ်နဲ့ လာတွေ့စေချင်ပါတယ်။ ကျုပ်ဟာ... ဟုန်းလမ်းက အိမ်နံပါတ်( )မှာ နေပါတယ်'

'အခု ညတွင်းချင်း လာတွေ့ရမှာလား'

'မှန်ပါတယ် ဦးတင်မောင်ဆွေ... ခင်ဗျားကို ကျုပ်က အမှုတစ်ခု အပ်ချင်လို့ပါပဲ။ ကျုပ်အခု စောင့်နေပါ့မယ်'

'မနက်မှ ဆိုရော မဖြစ်ဘူးလား ခင်ဗျာ'

'မနက်ကျရင် ကျုပ်မှာ ချိန်းထားတဲ့အမှုသည်တွေနဲ့ အချိန်ရမှာကို မဟုတ်ပါဘူး။ ဒါကြောင့် အခုပဲ လာတွေ့စေချင်ပါတယ်။ ဦးတင်မောင်ဆွေအတွက် အကျိုးရှိစေရမယ် ဆိုတာကို ကျုပ် တာဝန်ခံပါတယ်။ အမှန်က မြို့မစုံထောက်ဘက်က ကျုပ်ရဲ့ မိတ်ဆွေကြီး ရဲဝန်ထောက် ဦးရန်ကင်းကိုယ်တိုင်က ကျုပ်ရဲ့ ဒီကိစ္စမှာ ခင်ဗျားကူညီနိုင်ပါလိမ့်မယ်လို့ ညွှန်ကြားလို့ ခင်ဗျားဆီကို ဖုန်းဆက်ရခြင်း ဖြစ်ပါတယ် ခင်ဗျာ'

ရဲဝန်ထောက် ဦးရန်ကင်းမှာ တင်မောင်ဆွေ၏ ရဲဘော်ရဲဘက် မိတ်ဆွေရင်းကြီး ဖြစ်ရာ တင်မောင်ဆွေမှာ ဦးကံထားကို အားနာလာမိလေ၏။

'ဟုတ်ကဲ့ ဒီလိုဆိုလည်း ကျွန်တော် အခုပဲ လာခဲ့ပါ့မယ်လေ'

'ကျေးဇူးပါပဲ ဦးတင်မောင်ဆွေ... ကျုပ်လည်း အသင့်စောင့်

www.burmeseclassic.com


နေပါ့မယ်'

တင်မောင်ဆွေသည် ဖုန်းကို ပြန်ချကာ လှည့်လာသည့်အခါ၌ သော့ဝိဇ္ဇာ ဘကျင်သည် မျက်နှာကို လက်ဝါးနှင့်အုပ်လျက် ခေါင်းကို ငိုက်စိုက် ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။ တင်မောင်ဆွေက ၎င်း၏ ပခုံးကို ပုတ်လိုက်မှ ဆတ်ကနဲ မော့ကြည့်လိုက်လေသည်။

'ကဲ... ကိုဘကျင် ကျွန်တော့မှာ အပြင်ထွက်ရဖို့ ကိစ္စ တစ်ခုပေါ်လာပြန်ပြီဗျို့၊ ဒီတော့ ခင်ဗျား ဒီလိုလုပ်ပါလား... ခင်ဗျား ကျွန်တော့်ကို ဒီတိုက်ခန်းထဲကနေပဲ စောင့်နေပေါ့... ဒီတိုက်ခန်းထဲ မှာတော့ ခင်ဗျားကို ဘယ်သူကမှ လာပြီး ရန်မလုပ်နိုင်ပါဘူး'

'ကျွန်တော့်ကို ဆရာအကူအညီပေးပါဦး ဆရာရယ်...'

'စိတ်ချပါလေ... ခင်ဗျားကို ဘယ်သူကမှ ရန်မရှာနိုင်အောင် ကျွန်တော်က ကာကွယ်ပေးမှာပေါ့... ခင်ဗျား ကျွန်တော့်ကို စောင့် နေတုန်းမှာတော့ ခင်ဗျား ခုနကပြောပြခဲ့တာတွေ ရှင်းရှင်းလင်းလင်း ဖြစ်အောင် စာနဲ့ ရေးထားပေါ့ဗျာ ဟုတ်လား... ကျွန်တော် သိပ်ကြာ မယ်တော့ မထင်ပါဘူး။ အလွန်ဆုံး နှစ်နာရီပေါ့ဗျာ၊ ဟုတ်လား...'

သော့ဝိဇ္ဇာဘကျင်သည် ထိုအခါမှ တော်တော်ပင် စိတ်သက် သာရာ ရသွားသည့်အလား မျက်နှာ ပြန်လည်ရွှင်လန်းလာလေ၏။

'ဟုတ်တယ်... ဆရာပြောတာ မှန်တယ်၊ ကျွန်တော် အဲဒီ ညက အဖြစ်အပျက်တွေကို ရှင်းအောင် စာနဲ့ရေးထားလိုက်မယ်'

တင်မောင်ဆွေသည် ဘကျင်ကို တိုက်ခန်းထဲတွင်ပင် အပြင် မှ သော့ခတ်ထားခဲ့ပြီးနောက် သူ၏ ကားကလေးဖြင့် ဟုန်းလမ်းရှိ ဝတ်လုံတော်ရ ဦးကံထား၏အိမ်သို့ ထွက်လာခဲ့လေ၏။

◆ ◆ ◆

www.burmeseclassic.com

## — ၅ —

ဟုန်းလမ်းရှိ ဝတ်လုံတော်ရ ဦးကံထား၏ နေအိမ်ကား ခံ့ညားထည်ဝါလှသည့် နှစ်ထပ်တိုက်ကြီး ဖြစ်နေသည်ကို တွေ့ရလေသည်။ အစေခံတစ်ယောက်က တင်မောင်ဆွေကို လာ၍တံခါးဖွင့်ပေးကာ ဖိတ်ဖိတ်တောက်ပြောင်လက်နေသော ကျွန်းသားကြမ်းပြင်ကြီးကို ဖြတ်လျက် စာအုပ်များ အပြည့်ထားသည့် မှန်ဘီရိုကြီးများ နံရံ များတွင် ကပ်ထောင်ထားသော အခန်းကြီးတစ်ခု အတွင်းသို့ ခေါ် ဆောင်သွားလေ၏။

'ဟော... ဦးတင်မောင်ဆွေ ရောက်လာပြီကိုး၊ အခုချက်ခြင်း လိုက်လာတာ ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ထိုင်ပါ... ထိုင်ပါ...'

အသက်လေးဆယ်ကျော်၊ ငါးဆယ်နီးပါးခန့်ရှိ အသားလတ်လတ် ပိန်ပိန်ရှည်ရှည်နှင့် သပ်ယပ်စွာဝတ်စားထားသည့် လူတစ်ယောက်သည် ကြိမ်ကုလားထိုင်ကြီးတွင် ထိုင်နေရာက သွက်လက်စွာထလာပြီး တင်မောင်ဆွေ့အား လက်တစ်ဘက် ဆန့်တန်းပေးလျက် နှုတ်ဆက်လိုက်လေသည်။

'ဦးကံထားပဲ မဟုတ်လား ခင်ဗျား...'

www.burmeseclassic.com


'ဟုတ်ပါတယ်၊ ဦးတင်မောင်ဆွေ... ကျွန်တော် ကံထားပါပဲ။ ဦးရန်ကင်းကို ကျွန်တော်က အလွတ်စုံထောက် ကောင်းကောင်းတစ်ယောက် လိုချင်တယ်လို့ ပြောတော့... မြန်မာပြည်မှာတော့ ထိပ်တန်း အလွတ်စုံထောက်တစ်ယောက်ဆိုပြီး ခင်ဗျားကိုပဲ ညွှန်လိုက်တာပဲ၊ ကျွန်တော်က အသက်တော်တော် ကြီးလှပြီမှတ်တာ။ အခုတော့ ကျွန်တော့်ထက်တောင် ငယ်နေသေးတာကိုး...'

ဦးကံထားသည် တင်မောင်ဆွေအား အကဲခတ်သလိုကြည့်ရာက ခပ်ပြုံးပြုံးပြောနေ၏။ တင်မောင်ဆွေကလည်း ၎င်းအား ပြန်လည်အကဲခတ်လျက်ရှိရာ ၎င်းသည် ရုပ်ရည်လက္ခဏာ ချောမောခန့်ညားပြီး ကြည်လင်စူးရှသော မျက်လုံးများကလည်း အသိဉာဏ် ထက်မြက်မှု ဖော်ပြလျက်ရှိနေသည်ကို တွေ့ရလေ၏။

'ကျွန်တော် အလွတ်စုံထောက် လုပ်လာတဲ့ သက်တမ်းဟာ ဆယ်နှစ်ကျော်ခဲ့ပါပြီ ဦးကံထား'

'ဟုတ်ကဲ့... ဟုတ်ကဲ့။ အသက်ငယ်လို့ ခင်ဗျားအပေါ်မှာ ယုံကြည်စိတ်ချမှု လျော့ပါးသွားတယ်လို့တော့ ကျွန်တော်မဆိုလိုပါဘူး။ ငယ်ငယ်ရွယ်ရွယ်နဲ့ တက်တဲ့လူတွေက လောကကြီးမှာ ပြည့်နေတာကလား... ဦးတင်မောင်ဆွေ ဒရင့်(ခ်)ယူမလား... ဝီစကီ၊ ဘရန်ဒီ၊ ပို့(တ်)ဝိုင် အစုံရှိပါတယ်... အားမနာပါနဲ့ ပြောပါ'

တင်မောင်ဆွေက ဝီစကီနှင့်ဆော်ဒါကို တောင်းလိုက်ရာ ဦးကံထားက ဘဲလ်ကလေးတစ်ချက်တီးပြီး ဝင်လာသော အစေခံအား တင်မောင်ဆွေ့အတွက် ဝီစကီနှင့် ၎င်းအတွက် ဘရန်ဒီကို မှာလိုက်လေသည်။ အစေခံက လာပို့ပေးပြီး နှစ်ယောက်သား အနည်းငယ်စီ သောက်ပြီးသွားကြသည့် အခါတွင်မှ ဦးကံထားသည် လိုရင်းကိစ္စကို စကားစလာလေသည်။

www.burmeseclassic.com


'ကျွန်တော်ဟာ မြန်မာပြည်မှာ အချမ်းသာဆုံး တရုတ်သူဌေးကြီး တစ်ဦးဖြစ်ခဲ့တဲ့ ချန်ကီဟု ထားပစ်ခဲ့တဲ့ အမွေပစ္စည်းတွေကို ထိန်းပေးနေရတဲ့ ဝတ်လုံတော်ရဖြစ်ပါတယ် ဦးတင်မောင်ဆွေ... ချန်ကီဟုသူဌေးကြီးဆိုတာ... ဦးတင်မောင်ဆွေ ကြားဖူးမလား မဆိုနိုင်ဘူး။ စစ်မဖြစ်မီတုန်းကတော့ တော်တော် အရေးပါအရာရောက်ခဲ့တဲ့ လူတစ်ယောက်ပါပဲ'

'ရော်ဘာသူဌေးကြီးလို့ နာမည်ကြီးခဲ့တဲ့ ချန်ကီဟုပဲ မဟုတ်လား ခင်ဗျား'

'ဟုတ်ပါတယ်။ သူဟာ စစ်မဖြစ်မီကလေးကမှ ကွယ်လွန်သွားခဲ့တော့ သူ့ရဲ့အမွေခံ တစ်ဦးတည်းသောသားဟာ ငါးနှစ်သားသာ ရှိသေးတယ် ခင်ဗျ။ နာမည်ကတော့ တရုတ်လို ချန်ဆင်လင်းတဲ့... ဒါပေမယ့် သူ့မိခင်က မြန်မာစစ်စစ်ဖြစ်တော့ သူဟာ သူ့ကိုယ်သူ မောင်စိန်လင်းလို့ပဲ ခေါ်ခဲ့တယ်... သူ့ဖခင်ကြီး ကွယ်လွန်သွားတဲ့ အချိန်မှာ သူ့မိခင်ကြီးကလည်း မရှိရှာတော့ဘူး။ ဆွေမျိုးညာတိဆိုလို့လည်း ကျုပ်တစ်ယောက်ပဲ ကျန်ရစ်ခဲ့တယ်...'

'သြော်... ဦးကံထားက အဲဒီအမွေခံ ချန်ဆင်လင်းခေါ် ကိုစိန်လင်းနဲ့ အမျိုးတော်တယ်ပေါ့...'

ဦးကံထားက ဘရန်ဒီဖန်ခွက်ကို စားပွဲပေါ်တွင် ပြန်ချထားလိုက်ရာက ခပ်ပြုံးပြုံး ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့... သူ့အဖေ ချန်ကီဟုနဲ့ ကျွန်တော်နဲ့ဟာဆိုရင် ညီအကို နှစ်ဝမ်းကွဲတော်ပါတယ်။ သူကပဲ ကျွန်တော့်ကို ပညာသင်ပေးခဲ့လို့ ကျွန်တော်ဟာ ဘီ.အယ်လ် အောင်ပြီး ဝတ်လုံတော်ရ ဖြစ်လာခဲ့ရတယ်... သူဟာ တရားဥပဒေနဲ့ဆိုင်တဲ့ သူ့ကိစ္စတွေမှန်သမျှကို ကျွန်တော့်ကိုပဲ လွှဲအပ်ထားခဲ့တယ်... ဒါနဲ့ သူကွယ်လွန်သွားတဲ့

www.burmeseclassic.com


အခါမှာလည်း ကျွန်တော့်ကိုပဲ သူ့လူမမယ်သားအတွက် အမွေထိန်းအဖြစ်နဲ့ ခန့်အပ်ထားခဲ့တာပါပဲ'

တင်မောင်ဆွေသည် ဦးကံထား ပြောသမျှကို ဝိစကိသောက်ယင်းက တိတ်ဆိတ်စွာပင် နားထောင်နေလိုက်သည်။ ဦးကံထားက စကားဆက်ပြန်သည်။

'မောင်စိန်လင်းကလေးဟာ ငယ်ငယ်ကလေးထဲက ချူချာခဲ့တယ်... ပြီးတော့ ဂျပန်ခေတ်ကြီး အတွင်းလည်းဖြစ်တော့ သူကလေးကို ကျွန်တော်က ကျောင်းမထားခဲ့ဘဲ သူကလေးရဲ့ ပညာရေးအတွက် သီးသန့် ကျူတာတစ်ယောက်ငှားပြီး သင်ကြားပေးခိုင်းရတယ်... ဒီလိုနဲ့ပဲ သူဟာ လူလားမြောက်လာရပြီးတော့ အသက်တစ်ဆယ့်ရှစ်နှစ်ပြည့်တဲ့ အခါမှာ ပညာဗဟုသုတ တိုးပွားပါစေတော့လို့ ရည်ရွယ်ပြီး ကျွန်တော်က သူ့ဆရာနဲ့အတူ နိုင်ငံခြားကို လျှောက်လည်ဖို့ လွှတ်လိုက်မိတယ် ခင်ဗျ... အဲဒါဟာ ကျွန်တော့်အတွက် အမှားကြီးတစ်ခု လုပ်မိရာရောက်သွားရတယ်... ဘာဖြစ်လို့လဲဆိုတော့ သူဟာ အဲဒီကစပြီး စင်ကာပူမှာနေလိုက်၊ ရှန်ဟိုင်းရောက်သွားလိုက်၊ ဟောင်ကောင်ကို သွားလိုက်နဲ့ မြန်မာပြည်ကို ပြန်လာတယ်လို့ပဲ မရှိတော့ဘူး ခင်ဗျ... သူပြန်လာရင်လည်း ခဏပဲ... နောက်တစ်ခါ ထွက်သွားပြန်ရော... အခုဆိုရင် ကျွန်တော် သူ့ကိုမတွေ့တာ လေးနှစ်ရှိသွားပြီ... ရှင်းရှင်းပြောရရင် ကျွန်တော် သူ့အတွက် တော်တော်စိတ်ပူနေပြီ ဦးတင်မောင်ဆွေရဲ့...'

'ဦးကံထား စိတ်ပူတာက ဘယ်လိုလဲ... သူ့ငွေရေးကြေးရေး အတွက်လား...'

တင်မောင်ဆွေ၏ အမေးကို ဦးကံထားက ကပျာကရာ ခေါင်းခါပြလိုက်လေ၏။

www.burmeseclassic.com


'မဟုတ်ပါဘူး... မဟုတ်ပါဘူး... သူ့ငွေရေးကြေးရေးကတော့ ဘယ်လိုမှ ပူစရာမရှိပါဘူး... သူဟာ တကယ်တော့ ထော်ဆော့ကို ချမ်းသာတဲ့ လူတစ်ယောက် ဖြစ်နေပါတယ်... သူ့အဖေထားခဲ့တဲ့ အမွေတွေက နည်းတာမှမဟုတ်တာပဲ... ဒါပေမယ့် သူဟာ အရွယ်ရောက်လာတော့လည်း သူ့ငွေရေးကြေးရေး ကိစ္စကို ပြန်မကြည့်ခဲ့ပါဘူး။ ကျွန်တော်ကပဲ ဆက်ထိန်းပေးနေရပါတယ်။ ငွေလိုလာရင် သူဟာ ကျွန်တော့်ဆီကို ရောက်ရာအရပ်ကနေ သံကြိုးရိုက်ပြီး တောင်းလိုက်တာပဲ၊ ကျွန်တော်ကလည်း သူလိုသလောက်ကို ပို့ပေးရတယ်...'

'ဒီလိုဆိုရင် ဦးကံထား စိတ်ပူတာက...'

ဦးကံထားသည် ရုတ်တရက်ပြန်မဖြေဘဲ ဆေးတံကို ပါးစပ်တွင် ကောက်ခဲလျက် မီးညှိဖွာရှိုက်ကာ တစ်စုံတစ်ရာကို စဉ်းစားနေပုံ ရလေသည်။ ပြီးမှ ဖြည်းညှင်းစွာ ပြန်၍ဖြေလိုက်လေ၏။

'ကျွန်တော် သူ့ကို မတွေ့ရတာ လေးနှစ်ရှိသွားပြီ ဦးတင်မောင်ဆွေရဲ့... သူ့ကို မတွေ့ရဘဲ သူ့ဆီကစာတွေသာ မှန်မှန်ရခဲ့တယ်... သူဟာ အနုကမ္ဘာအရှေ့ဖျားကို လျှောက်လည့်သွားနေတော့တာပဲ... ဒီတော့ ကျွန်တော်ဟာ သူ ဒီလိုအရပ်တကာတွေ လျှောက်လည့်ပြီး ဘာတွေလုပ်နေတယ်ဆိုတာကို သိဖို့လိုလာတယ်လို့ ယူဆလာမိတယ်... သူဟာ အခုလို လျှောက်သွားနေရင်းနဲ့ ဘယ်သူတွေနဲ့ အပေါင်းအသင်းဖြစ်ပြီး ဘာတွေ လုပ်နေတယ်ဆိုတာကို ကျွန်တော် သိချင်တယ်... ပြီးတော့ သူဟာ လွတ်လွတ်လပ်လပ်မှ ရှိပါသေးရဲ့လား... ဒါမှမဟုတ် တစ်စုံတစ်ဦးရဲ့ ကြိုးကိုင်ခြယ်လှယ်မှုကို ခံယူနေရပြီလား ဆိုတာကိုလည်း ကျွန်တော်သိချင်တယ်...'

ဦးကံထားသည် စကားကို ခေတ္တရပ်ထားလိုက်ကာ တင်မောင်ဆွေ့အား စူးစိုက်ကြည့်လိုက်လေသည်။ တင်မောင်ဆွေက မျက်ခုံး

www.burmeseclassic.com


များကို မသိမသာပင့်ပြလိုက်မှ စကားဆက်ပြန်လေ၏။

'အဲဒီတော့ ကျွန်တော်က ခင်ဗျားကို တာဝန်တစ်ခုပေးချင်ပါတယ်။ အခု မောင်စိန်လင်းဟာ ဂျပန်ပြည်က တိုကျိုမြို့မှာ ရှိနေပါတယ်။ အဲဒါ ခင်ဗျားက တိုကျိုကိုလိုက်သွားပြီး သူနဲ့ပတ်သက်လို့ ကျွန်တော် ခုနကပြောခဲ့တာတွေကို စုံစမ်းပေးဖို့ပါပဲ။ အကယ်၍ သူ တိုကျိုမြို့မှာ မရှိတော့ဘူးဆိုရင်လည်း သူသွားတဲ့နေရာကို ဆက်လိုက်ပြီး စုံစမ်းပေးပါ။ ကုန်ကျစရိတ်အားလုံးကို ကျွန်တော်က ခံပါ့မယ်။ ခင်ဗျားအတွက်လည်း ခင်ဗျားလိုချင်သလောက် ပေးပါ့မယ်။ ကျွန်တော် ပြောချင်တာကတော့ ဒါပါပဲ ဦးတင်မောင်ဆွေ'

ဦးကံထားသည် စကားအဆုံးတွင် ဆေးတံကြီးကို ပါးစပ်တွင် ပြန်တပ်ကာ မီးညှိဖွာရှိုက်ရင်းက တင်မောင်ဆွေ့ထံမှ စကားပြန်ကို စောင့်မျှော်သည့်အလား ကြည့်နေလိုက်လေသည်။

တင်မောင်ဆွေကလည်း ရုတ်တရက် အဖြေမပေးသေးဘဲ စီးကရက်တစ်လိပ်ကို မီးညှိကာ စဉ်းစားနေလိုက်လေသည်။ သူသည် အမှုများကို ဆက်တိုက်လိုက်ခဲ့ရပြီးနောက် ယခုလောလောဆယ်တွင်တော့ အရေးကြီးသည့်အမှုများ ပါးလပ်နေကာ အားလျက်ရှိနေသည်။ ထို့ပြင် အမှုတွေဆက်တိုက်လိုက်ခဲ့ရသဖြင့် တော်တော်လည်း ပင်ပန်းနေသည်ဖြစ်ရာ ဦးကံထား ပြောသည့်အတိုင်း ဂျပန်ပြည်သို့ လိုက်သွားရမည်ဆိုခြင်းမှာ အပြောင်းအလဲတစ်ရပ်ဖြစ်နေပြီး အနားယူရသလိုလည်း ဖြစ်နေပေ၏။ တစ်နည်းအားဖြင့်ဆိုလျှင် အလုပ်နှင့် အနားယူမှု ဖက်စပ်ထားသလိုဖြစ်နေရကား နှစ်ခြိုက်စရာကောင်းနေရလေသည်။

'ကျွန်တော့်တာဝန်က အဲဒီမောင်စိန်လင်း တိုကျိုမှာ ဘာတွေလုပ်နေတယ်ဆိုတာကို စုံစမ်းဖို့တင်ပဲလား... ဒါမှမဟုတ် သူ့ကိုတွေ့အောင်ရှာပြီး မြန်မာပြည်ကို အပါပြန်ခေါ်ခဲ့ရမှာလား ဦးကံထား'

BURMESE CLASSIC .com
www.burmeseclassic.com


'တတ်နိုင်ရင်တော့ သူ့ကိုတွေ့အောင်ရှာပြီး အပါပြန်ခေါ်လာခဲ့စေချင်တယ် ဦးတင်မောင်ဆွေ၊ ဒီလိုမှ မတွေ့နိုင်ဘူးဆိုရင်လည်း သူ သွားလေရာအရပ်တွေကို လျှောက်လိုက်ပြီး သူ ဘာတွေလုပ်နေတယ်၊ ဘယ်သူတွေနဲ့ ပေါင်းသင်းနေတယ် အစရှိတဲ့ သူ့အကြောင်းအစုံအလင်ကို စုံစမ်းပေးဖို့ပါပဲ။ စရိတ်စက ကုန်ကျရမှာကိုတော့ မပူပါနဲ့၊ ကျွန်တော် လုံးဝတာဝန်ယူပါတယ်။ ခင်ဗျားအတွက်လည်း ကျွန်တော်က ကုန်ကျတဲ့ စရိတ်စကအပြင် ငွေ ၅၀၀၀ တိတိပေးဖို့ စိတ်ကူးထားပါတယ်'

တင်မောင်ဆွေသည် ဂျပန်ပြည်သို့ တစ်ခါတစ်ခေါက် ရောက်ဖူးချင်သော သူ့ဆန္ဒကို ပြန်လည်သတိရလာမိလေသည်။ သူ မရှိစဉ်အတွင်း သူ ဖွင့်လှစ်ထားသော စုံစမ်းစစ်ဆေးဌာနကို သူ့အချစ်တော် စက္ကရီတေရီမေစီနှင့် ပါတနာညာလက်ရုံးကြီး ဂျင်မီစမတ်တို့က နိုင်နင်းစွာ အုပ်ချုပ်စီမံနိုင်ကြမည် ဖြစ်လေ၏။ ဘကျင်၏ ပြဿနာကိုလည်း သူက ဂျင်မီအားပင် လွှဲထားပေးနိုင်လေသည်။

တင်မောင်ဆွေသည် ချက်ချင်းပင် စိတ်ဆုံးဖြတ်ကာ သူ့ကို ကြည့်နေသော ဦးကံထားအား ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်လေ၏။

'ကောင်းပြီလေ… ကျွန်တော် ဦးကံထားပေးတဲ့တာဝန်ကို ယူပါ့မယ်… ဘယ်တော့ ကျွန်တော် ဂျပန်ပြည်ကို သွားရမှာလဲ'

'မြန်နိုင်သမျှ မြန်မြန်ကြီး သွားစေချင်တာပဲ'

ဟု ဦးကံထားက အားရစွာ ပြောလိုက်လေသည်။

'ဒါပေမယ့် ပတ်စပို့(တ)ကိစ္စတွေ၊ ဗီဇာကိစ္စတွေ ရှိနေသေးတော့ ၇ ရက်လောက်တော့ စောင့်ရဦးမယ် ထင်တယ်'

'ကျွန်တော့်မှာ အဆက်အသွယ်တွေ ရှိပါတယ်။ ပတ်စပို့(တ)

www.burmeseclassic.com


ကို ၇ ရက်၊ တစ်ပတ်အတွင်း ရအောင်လုပ်နိုင်ပါတယ်။ ဗီဇာရဖို့က သာ အရေးကြီးတာပါ ခင်ဗျာ'

'အဲဒါကို ကျွန်တော်ကလည်း ဆောင်ရွက်ပေးရမှာပေါ့'

သူတို့နှစ်ယောက်သည် နောက်ထပ်၍ အတော်ကြာအောင် ပင် ဂျပန်ပြည်သွားရေးကို ဆက်လက်၍ တိုင်ပင်ဆွေးနွေးနေလိုက် ကြလေသည်။ ထို့နောက် ဦးကံထားက တင်မောင်ဆွေ့အား မောင်စိန် လင်း၏ဓာတ်ပုံတစ်ပုံကို ထုတ်ပြလေသည်။ မောင်စိန်လင်းမှာ အသက် ၂၀ ခန့်မျှသာ ရှိဦးမည့် လူရွယ်တစ်ဦးဖြစ်သည်ကို တင်မောင်ဆွေ က တွေ့ရလေ၏။

ညဥ့် ဆယ်နာရီလောက်တွင်ကား နောက်တစ်ကြိမ် ထပ်မံ တွေ့ဆုံရန် စီစဥ်ကာ တင်မောင်ဆွေသည် ဦးကံထားအား နှုတ်ဆက် လျက် ပြန်လာခဲ့လေ၏။

သူ့တိုက်ခန်းသို့ လှေကားမှ ပြန်တက်လာခဲ့စဥ်တွင် တင် မောင်ဆွေသည် တိုက်ခန်းထဲတွင် စောင့်နေမည့် သော့ဝိဇ္ဇာဘကျင် အား သတိရမိလေသည်။ ဘကျင်၏ကိစ္စမှာလည်း တော်တော်စိတ် ဝင်စားစရာ ကောင်းလှသည်ဖြစ်ရာ မိမိ ဂျပန်ပြည်မသွားရမီအတွင်း ပြေလည်အောင် စုံစမ်းသွားဦးမည်ဟု တွေးလိုက်မိလေသည်။

တင်မောင်ဆွေသည် တိုက်ခန်းတံခါးသော့ကို ဖွင့်လိုက်သည့် အခါတွင် တိုက်ခန်းထဲ၌ မီးလင်းနေသည်ကိုတွေ့ရပြီး ဘကျင်က သူ့အား ထိုင်စောင့်နေခြင်းဖြစ်ရမည်ဟု တွက်လိုက်မိလေသည်။

'ဘယ့်နှယ်လဲ ကိုဘကျင်... စောင့်ရတာ တော်တော်ကြာ သွားပြီလား၊ ကျွန်တော် ရေးခိုင်းထားတာကော ပြီးသွားပြီလား'

တင်မောင်ဆွေသည် လှမ်း၍ အသံပြုလိုက်ရာကပင် မီးလင်း နေသော ဧည့်ခန်းထဲသို့ လှမ်းဝင်လိုက်ရာ သူ ထင်မှတ်မိသကဲ့သို့

www.burmeseclassic.com


ဘကျင်အားမတွေ့ရဘဲ ရှိလေသည်။ စားပွဲပေါ်တွင် ဘကျင်နှင့် မိမိ သောက်ခဲ့သော အရက်ဖန်ခွက်များကို တွေ့ရသော်လည်း တိုက်ခန်း တစ်ခန်းလုံးတွင် ဘကျင်၏ အရိပ်အယောင်ကိုမျှပင် မတွေ့ရတော့ချေ။ ဘကျင်သည် မိမိအားစောင့်နေပြီး မလာနိုင်သည့်အတွက် ထွက်ခွာ သွားခြင်း ဖြစ်ဟန်တူ၏။ စာရေးစားပွဲပေါ်တွင် စာရေးစက္ကူကဒ်၊ မင်တံနှင့် မင်အိုးကို တွေ့ရခြင်းကြောင့်... ဘကျင်သည် မိမိအကြံပေး ခဲ့သည့်အတိုင်း ထိုညက သူတွေ့ကြုံခဲ့ရသော အဖြစ်ဆန်းကို ရေးသား ခဲ့ခြင်းမှာ ထင်ရှားနေသည်။ သို့ရာတွင် ရေးသားပြီး စာရွက်များကို မတွေ့ရသည် ကိုထောက်၍... ဘကျင်သည် ထိုစာရွက်များကို အကြောင်းတစ်ကြောင်းကြောင့် ၎င်းနှင့်အတူ ယူဆောင်သွားခဲ့ဟန် တူ၏။

'ဘကျင်ဟာ ဘာပြုလို့ ငါ့ကိုမစောင့်ဘဲ ထွက်သွားရတာ လဲ... ငါ့ဆီက အကူအညီတောင်းဖို့ဆိုတာ ပြန်စဉ်းစားပြီး စိတ်ပြောင်း သွားလို့ပဲလား...'ဟု တွေးရာက... တင်မောင်ဆွေသည် အဝတ် အစားလဲရန် သူ့အိပ်ခန်းထဲသို့ ပြန်ဝင်ခဲ့လေသည်။

ညဝတ်အင်္ကျီကို ထုတ်ယူရန် မတ်ရပ်ဘီဒိုကြီးဆီသို့ လျှောက် လာပြီး တံခါးကို ဖွင့်လိုက်သည်တွင်မှ... ဘကျင်၏ ပြဿနာသည် ပြေရှင်းသွားရလေသည်။ အကြောင်းမူကား... ဘီဒိုတံခါးကြီးကို ဆွဲဖွင့်လိုက်သည်နှင့် တပြိုင်နက် အထဲတွင် မတ်ရပ်ကြီးရှိနေသော ဘကျင်၏အလောင်းကြီးသည် ရှေ့သို့ ငိုက်စိုက်ကြီး ထိုးကျလာသော ကြောင့် ဖြစ်လေ၏။

တင်မောင်ဆွေသည် အံ့အားသင့်စွာ ခေတ္တမျှ ကြည့်ပြီးနောက် မှ ဘကျင်၏အလောင်းဘေးတွင် ဒူးထောက်ကာ အလောင်းကြီးကို လှန်၍ သေချာစစ်ဆေးကြည့်ရှုလိုက်သည်တွင် ဘကျင်မှာ လည်မျိုတွင်

BURMESE CLASSIC .com
www.burmeseclassic.com


ညိုမည်းနေပြီး ဇက်ကျိုးလျက် သေဆုံးနေခြင်းဖြစ်သည်ကို တွေ့ရလေသည်။ ဇက်ကျိုးနေခြင်းကို ထောက်၍လည်း ဘကျင်အား... သတ်သွားသူသည် အင်မတန်မှ သန်စွမ်းလှသူတစ်ဦး ဖြစ်ရပေမည်။

တင်မောင်ဆွေသည် ဘကျင်ပြောခဲ့သည့် ၎င်းနောက်က ထိုညဦးက ပြေးလိုက်လာခဲ့သည်ဆိုသော ရောမလူကြီးဆိုသည်ကို ပြေး၍ သတိရလိုက်မိလေသည်။ ယခု ထိုလူကြီးကပင် တိုက်ခန်းထဲသို့ တနည်းနည်း ဝင်ရောက်လာကာ ဘကျင်အား သတ်သွားခြင်း ဖြစ်သလော...။

တင်မောင်ဆွေသည် အလောင်းကြီးအား ထားခဲ့ပြီး တိုက်ခန်းတံခါးတွေအားလုံးကို လိုက်ကြည့်ရာ မီးလောင်လျှင် အသုံးပြုရန်ထားသည့် Fire Escape ခေါ် ကြောင်လှေကားသို့ထွက်ရာ ပြတင်းပေါက်မှာ အတွင်းမှချထားသော ချက်ကလန့်များ ပြုတ်ထွက်ပြီး မဟာတဟ ပွင့်နေသည်ကို တွေ့လိုက်ရလေသည်။ ထိုတံခါးကို အင်မတန် ခွန်အားဗလကြီးမားသော လူတစ်ယောက်ကသာ ချက်များချထား ကလန့်များ ပြုတ်ထွက်အောင် အပြင်မှနေ၍ တွန်းဖွင့်နိုင်လိမ့်မည်ဖြစ်လေ၏။ ပြတင်းပေါက်တွင်တော့... လက်ရာများကို ဘယ်လိုမှ မတွေ့ရဘဲ ရှိပြန်၏။

တင်မောင်ဆွေသည် ဆက်လက်၍ အချိန်မဖြုန်းနေတော့ဘဲ အိမ်ရှေ့ခန်းသို့ ပြန်ထွက်လာကာ... စုံထောက်မြို့မ ဌာနချုပ်သို့ တယ်လီဖုန်းဆက်လိုက်လေ၏။

'ဟလို... ကိုဘရွှေလား... တင်မောင်ဆွေ စကားပြောနေတယ်လေ... ကိုသောင်းဖေကြီးများ ရှိသေးသလား... ရှိတယ်... ဟုတ်လား... အတော်ပဲ... သူ့ကို ပြောလိုက်စမ်းပါဗျာ...ကျွန်တော့်တိုက်ခန်းမှာ သော့ဝိဇ္ဇာဘကျင် အသတ်ခံရတယ်... ကောင်းပါပြီ...

www.burmeseclassic.com


စိတ်ချပါ... ကျွန်တော် ဘယ်မှမသွားဘဲ ခင်ဗျားတို့ကို စောင့်နေပါ့မယ်...'

တင်မောင်ဆွေသည် တယ်လီဖုန်းကို ဖုန်းခွက်တွင် ပြန်ချထားလိုက်ကာ... ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လျက်... စီးကရက် တစ်လိပ် မီးညှိ သောက်နေလိုက်လေ၏။

ရန်ကုန်မြို့မ စုံထောက် 'ဟုံးမဆိုက် စကွပ်ဒ်'ခေါ် လူသတ်မှု စစ်ဆေးရေး အဖွဲ့မှ... တာဝန်ခံ အရာရှိစုံထောက်ရဲမှူးကြီး ကိုသောင်းဖေနှင့် အဖွဲ့သားများသည် ၁၅ မိနစ်အတွင်းမှာပင် တင်မောင်ဆွေ၏ တိုက်ခန်းသို့ အလျင်အမြန် ရောက်ရှိလာကြလေသည်။

'ကဲ... တင်မောင်ဆွေ မင်းလုပ်လိုက်မှဖြင့် ဒီလိုချည်းပဲ ဆိုစမ်းပါဦး ဘယ်လိုဖြစ်တာလဲကွ၊ ဘကျင်ကို မင်းသတ်လိုက်တာတော့ မဟုတ်ပါဘူးနော်...'

ကိုသောင်းဖေသည် ထုံးစံအတိုင်း ဆေးပြင်းလိပ်တိုကြီးကို ပါးစပ်တွင် ခဲထားရာက တင်မောင်ဆွေအား မေးလိုက်ခြင်း ဖြစ်လေသည်။

'ကျုပ်က ဘကျင်ကို သတ်စရာအကြောင်းဘာမှ မရှိပါဘူးဗျာ၊ ကျုပ်အပြင် ထွက်သွားပြီး ပြန်လာတော့ ဘကျင်ရဲ့ အလောင်းကြီးကို ကျုပ် အဝတ်ဘီဒိုကြီးထဲမှာ တွေ့ရတာပဲ...'

တင်မောင်ဆွေက ပြန်ဖြေရာမှ ကိုသောင်းဖေအား ဘကျင်၏ အလောင်းကို လည်းကောင်း၊ ပွင့်နေသည့် အိပ်ခန်း ပြတင်းပေါက်ကိုလည်းကောင်း လိုက်ပြလေ၏။

'အင်း... ပြတင်းပေါက်က ချက်ကလန့်တွေ ပြုတ်ထွက်နေတာကို ထောက်တော့... အပြင်ဘက်က တွန်းဖွင့် ဝင်လာတာ ဖြစ်ရမယ်၊ ဒီလို တွန်းဖွင့်ဝင်နိုင်ဖို့ ဆိုတာကလည်း ဒီလူက တော်တော်

www.burmeseclassic.com


အားရှိဖို့ လိုတယ်ကွ။ ဘကျင်ရဲ့ လည်ပင်းဟာ ညိုမြည်းနေပြီး... ဖက်ကျိုးသေနေတာ ထောက်ရင်လည်း အင်မတန် အားကောင်းတဲ့လူရဲ့ လက်ချက်သာ ဖြစ်ရမှာပဲ'

ကိုသောင်းဖေသည် ပြတင်းပေါက်နှင့် ဘကျင်၏ အလောင်းကို စစ်ဆေးပြီးသော်... တအံ့တသြ မှတ်ချက်ချ လိုက်လေသည်။

ထို့နောက် သူ၏လက်ထောက် ရဲအုပ်ကိုဘရွှေအား အလောင်းအား ဓာတ်ပုံရိုက်ခြင်း၊ လက်ပုံစံ ရှာဖွေခြင်းကိစ္စများအား စီစဉ်ကြီးကြပ်ရန် ညွှန်ကြားပြီးနောက် ကိုသောင်းဖေသည် တင်မောင်ဆွေအား ခေါ်ကာ အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့လေ၏။

'ကဲ... တင်မောင်ဆွေ ဒီကိစ္စကို မင်းငါ့ကိုဘယ်လိုမှ မကွယ်မဝှက် ဖွင့်ပြောစမ်းကွာ... မင်းရဲ့ တိုက်ခန်းထဲမှာ ဖြစ်ရတယ်ဆိုတော့ မင်းအပေါ်မှာ ပြန်ပြီး အမှုပတ်လာနိုင်တယ်ကွ...'

'ကျွန်တော့်မှာ ဘာမှ ကွယ်ဝှက်စရာ ရှိနေတာ မဟုတ်ပါဘူး ကိုသောင်းဖေရ...'

ဟု တင်မောင်ဆွေကလည်း စကားခံကာ ညနေက သော့ဝိဇ္ဇာဘကျင် သူ့အား လာစောင့်နေပုံ၊ ဘကျင် သူ့အားပြောပြခဲ့သည့် အကြောင်းများနှင့်တကွ ဦးကံထားခေါ်သဖြင့် သူလိုက်သွားရကာ... ဦးကံထားထံမှ ပြန်အလာတွင် ဘကျင်၏ အလောင်းကိုသာ တွေ့ရတော့ပုံများကို ပြန်လည် ပြောပြလိုက်လေ၏။

တင်မောင်ဆွေစကားဆုံးသည်အထိ ဆေးပြင်းလိပ်ကြီးကိုခဲကာ တိတ်ဆိတ်စွာ နားထောင် နေခဲ့သည့် ကိုသောင်းဖေသည် သူ့မေးစေ့ကို ပွတ်တိုက်ရာက တင်မောင်ဆွေအား လှမ်းကြည့်လိုက်လေသည်။

'ဒီလိုဆိုရင်... မင်း ဦးကံထားဆီကို သွားနေတုန်း သူပြော

www.burmeseclassic.com


တဲ့ ရောမလူကြီးဆိုတာ လိုက်လာပြီး သူ့ကို သတ်သွားတာ ဖြစ်ရမှာပေါ့။ အင်း... တော်တော့်ကို ဆန်းတာပဲကွာ... ရောမလူကြီးဆိုတာ ဖြစ်နိုင်ပါ့မလားကွ'

'ကျွန်တော်လည်း အဲဒါကိုပဲ စဉ်းစားနေတာပဲ... ကိုသောင်းဖေရ၊ သူပြောပြခဲ့တာတွေဟာ တော်တော်ဆန်းတော့ ယုံနိုင်စရာတောင် မရှိပါဘူး။ ဒါပေမယ့်... သူ အခုလို အသတ်ခံသွားရပြန်တော့... သူ ပြောတာတွေဟာ တကယ်လိုလို ဖြစ်နေပြန်တာပေါ့။ ကျွန်တော်သာ ဂျပန်ပြည်လိုက်သွားရဖို့ တာဝန်ကို လက်မခံခဲ့ရင် ဘကျင်ရဲ့အမှုကို ဖြေရှင်းသွားအောင် လိုက်ကြည့်ချင်ပါရဲ့ဗျာ'

'ဘာပဲဖြစ်ဖြစ်... မင်းဟာ လောလောဆယ်တော့ ဂျပန်ပြည်ကို သွားနိုင်မယ် မဟုတ်သေးပါဘူး။ အကယ်၍ တရားခံကို ဖမ်းမိရင်လည်း အမှုစစ်ဆေးပြီးတဲ့အထိတော့ မင်း စောင့်နေရဦးမှာပဲ...'

တင်မောင်ဆွေက ဘာမှ မပြောတော့ဘဲ ပခုံးကိုသာ တွန့်ပြလိုက်လေ၏။

ကိုသောင်းဖေကား... ထိုင်ရာမှ ထကာ မကျေနပ်သေးဟန်နှင့် မေးခွန်းထုတ်လိုက်လေသည်။

'သူ့ကို တံခါးသော့ခနစ်ပေါက် ဖွင့်ခိုင်းတဲ့လူ ဘယ်သူ ဘယ်ဝါဆိုတာကိုကော သူက ပြောမသွားဘူးလား တင်မောင်ဆွေရ'

'သူကိုယ်တိုင်ကလည်း ဘယ်သူ ဘယ်ဝါဆိုတာ အတိအကျ သိပုံမရပါဘူး။ လူကို ပြန်မြင်ရင် မှတ်မိမယ်သာ ပြောတာပဲ၊ အဲ... တစ်ခုတော့ ပြောသေးတယ်ဗျ... အဲဒီ လူဟာ သူတို့လို လူမိုက်လောကီသား တစ်ယောက်တော့ မဟုတ်ဘူးတဲ့'

ထိုစဉ် ကိုဘရွှေ ဝင်ရောက်လာကာ... လက်ပုံစံဆို၍ တင်မောင်ဆွေနှင့် ကိုဘကျင်တို့၏ လက်ပုံစံများမှအပ အခြားဘာမှ မတွေ့

www.burmeseclassic.com


ရကြောင်းလာ၍ အစစ်ခံလေ၏။

ကိုသောင်းဖေသည် သက်ပြင်းကြီးတစ်ချက် ချလိုက်ကာ အလောင်းကို ဆေးရုံသို့ စစ်ဆေးရန် ပို့လိုက်ဖို့ အမိန့်ပေးလိုက်လေသည်။

အလောင်းကို ယူသွားကြပြီးနောက် တင်မောင်ဆွေအား ကိုသောင်းဖေသည် စိတ်မသက်မသာ အမူအရာနှင့် ကြည့်လိုက်လေသည်။

'ဒီလိုအခြေအနေမျိုးမှာ မင်းသာမဟုတ်ဘဲ တခြားတစ်ယောက်သာဆိုရင်တော့ မင်းကို ငါမသက်ညှာဘဲ ဖမ်းချုပ်ထားရမှာပဲ တင်မောင်ဆွေရာ...'

'ခင်ဗျား ကျွန်တော့်ကို ဖမ်းချင်လည်း ဖမ်းပေါ့ဗျာ... ကျွန်တော်လည်း ဒီည ဒီမှာ မအိပ်ချင်တာနဲ့ အချုပ်ခန်းထဲ သွားအိပ်ရရင် ဟော်တယ်ခတော့ သက်သာသွားမှာပေါ့...'

'တော်စမ်းပါ တင်မောင်ဆွေရာ... မင်းဒီည ဘယ်မှာပဲ သွားအိပ်အိပ်... မနက်ဖြန်ကျရင်တော့ မင်း ငါ့ဆီကို လာခဲ့ဦး... ဒါပဲ...'

'ကောင်းပါပြီ ရဲမှူးမင်းရယ်...'

ကိုသောင်းဖေသည် နှုတ်ခမ်းကြီးကို တစ်ချက်စူလိုက်ပြီးမှ ဘာမှ ပြန်မပြောတော့ဘဲ တိုက်ခန်းထဲမှ ထွက်သွားလေတော့သည်။ တင်မောင်ဆွေသည် အိမ်ရှေ့ခန်းတွင် ခေတ္တမျှ ထိုင်ကျန်ရစ်ခဲ့ပြီးမှ သူ့အိပ်ခန်းတွင်းသို့ ပြန်ဝင်ကာ ညဝတ် အဝတ်အစား အနည်းငယ်ကို ယူ၍ လစ်ဘာတီ ဟော်တယ်သို့ ညအိပ်ရန် ထွက်လာခဲ့လေ၏။

◆ ◆ ◆

www.burmeseclassic.com

# — ၆ —

နောက်တစ်နေ့နံနက် ၁၀နာရီခန့်တွင် စုံထောက်ဌာနချုပ်သို့ သွား၍ ကိုသောင်းဖေနှင့် သွားရောက်တွေ့ဆုံခဲ့သော်လည်း ဘကျင် အသတ်ခံရမှုနှင့် ပတ်သက်၍ ဘာမျှ ထူးထူးခြားခြား စုံစမ်း၍ မရသေး ကြောင်းကိုသာ သိခဲ့ရလေသည်။

'အခု... ဘကျင်ရဲ့ အပေါင်းအသင်းတွေဆီမှာ လျှောက်ပြီး စုံစမ်းနိုင်းထားတယ်... ဘကျင်ပြောတဲ့ သူတံခါးသွားဖွင့်ပေးရတယ် ဆိုတဲ့ နေရာကို လှည်းကူးတစ်ဝိုက်မှာ လိုက်ရှာကြည့်နိုင်းထားတယ်... ဒါပေမယ့် ဘယ်နေရာမှန်းမသိရတော့ ရှာတွေ့ဖို့ သိပ်ပြီး မျှော်လင့်ချက် မထားမိပါဘူးကွာ...'

ဟု ကိုသောင်းဖေက သိပ်အားမရှိလှသော အသံနှင့်ပြော လေသည်။

'ဘကျင်ရဲ့ အပေါင်းအသင်းတွေဆီက သူ့ကိုငွေပေးပြီး သော့ဖွင့်နိုင်းတဲ့ လူတစ်ယောက်အကြောင်းသိချင်ရင် သိရမှာပေါ့ ဗျာ...'

'အေး... ဒါကိုပဲ ငါကမျှော်လင့်ချက် ထားရတာပေါ့ ကွာ...'

www.burmeseclassic.com


တင်မောင်ဆွေသည် ကိုသောင်းဖေထံမှ ထွက်လာပြီးနောက် ချက်ချင်းမပြန်သေးဘဲ သူ့ရောင်းရင်း မိတ်ဆွေကြီးဖြစ်သူ စုံထောက်ရဲဝန်ကလေး ကိုရန်ကင်းနှင့် သွားရောက်တွေ့ဆုံကာ ဦးကံထားက မိမိအားပေးအပ်သည့်တာဝန်ကို လက်ခံလိုက်ပြီဖြစ်၍ မကြာမီ ဂျပန်ပြည်သို့ သွားရမည့်အကြောင်း ပြောပြလိုက်လေသည်။

'အေးကွ... ငါလည်း ဦးကံထားက ငါ့ဆီလာပြီး ယုံကြည်စိတ်ချရတဲ့ အလွတ်စုံထောက် ကောင်းကောင်းတစ်ယောက် လိုချင်တယ်ပြောတာနဲ့ ငါက မင်းဆီကို သွားဖို့ ညွှန်လိုက်တာပဲကွ...'

ကိုရန်ကင်းကို တင်မောင်ဆွေက ဦးကံထားအကြောင်းကိုလည်း မေးမြန်းကြည့်မိလေသည်။ တင်မောင်ဆွေက ဦးကံထားအကြောင်းကိုလည်း ကိုရန်ကင်းထံ မေးမြန်းကြည့်မိလေသည်။

'ဦးကံထားဟာ ခင်ဗျားနဲ့ တော်တော်ရင်းနှီးသလား... သူ့အကြောင်း ကျွန်တော် နည်းနည်းပါးပါး သိပါရစေလားဗျာ...'

'ဦးကံထားဟာ ငါနဲ့ သိပ်ရင်းနှီးတဲ့ မိတ်ဆွေကြီးတော့ မဟုတ်ဘူးကွ တင်မောင်ဆွေ... ဒါပေမယ့် သူ့အကြောင်းတော့ ငါဟာ အတော်အတန် သိထားရပါတယ်။ သူဟာ ရန်ကုန်မြို့ပေါ်မှာ အအောင်မြင်ဆုံး ဝတ်လုံတော်ရတစ်ယောက်ပါပဲ... ဒါပေမယ့် အမှုတွေ ဘာတွေတော့ လိုက်လေ့မရှိပါဘူး... သူက ကုမ္ပဏီကြီးတွေ၊ သူဌေးကြီးတွေရဲ့ ဥပဒေဆိုင်ရာအကျိုးကို ကာကွယ်ပေးတဲ့ ဝတ်လုံတော်ရတစ်ဦးပါပဲ... သူဟာ ရှုပ်ရှုပ်ယှက်ယှက်ထဲကလည်း မဟုတ်ပါဘူးကွ...'

'ဟုတ်ကဲ့ ကျွန်တော်လည်း အဲဒါကိုပဲ သိချင်တာပါပဲ'

ကိုရန်ကင်းနှင့် နောက်ထပ်၍ စကားအနည်းငယ်ပြောဆိုပြီးနောက် တင်မောင်ဆွေသည် ဂျပန်ပြည်သွားမည့် ကိစ္စကို မေစီတို့နှင့်

www.burmeseclassic.com


တိုင်ပင်ရန် အလုပ်တိုက်သို့ ပြန်လာခဲ့ရလေသည်။

သော့ဝိဇ္ဇာ ဘကျင် အသတ်ခံရသော အမှုသည် တစ်ရက်ပြီး တစ်ရက် ဘယ်လိုမှ မထူးခြားဘဲ ရှိနေခဲ့သည်။ ကိုသောင်းဖေကြီး ခမျာ သဲလွန်စ ဘယ်လိုမှ ရှာ၍မရသဖြင့် ဦးနှောက်ခြောက် နေရှာ ၏။ ဘကျင်၏အလောင်းကို ရဲဘက်ဆရာဝန်က ခွဲစိတ်ကြည့်ရှုရာတွင် ည ၈–နာရီမှ ၁၀–နာရီအတွင်းဝယ် သေဆုံးရခြင်း ဖြစ်သည်ဟူ၍ သိရှိခဲ့ရကား ထိုအချိန်တွင် တင်မောင်ဆွေမှာ ဦးကံထားထံ ရောက်ရှိနေသဖြင့် သူ့အပေါ်တွင် သင်္ကာကင်းသွားရလေ၏။

'အေး... တင်မောင်ဆွေ... မင်း ဂျပန်ပြည်ကို သွားဖို့ ပတ်စပို့(တ) ရပြီဆိုရင်လည်း သွားပေတော့ပေါ့ကွာ... ဘကျင် အမှုပေါ်ဖို့ ဆိုတာကတော့ အခုထက်ထိတော့စုံစမ်းတုန်းပါပဲ... ဘာမှ စုံစမ်းလို့မရဘဲ အမှုတောင်ပိတ်ပစ်ရမလို ဖြစ်နေတယ်...'

ဘကျင် အသတ်ခံရပြီး ၁၀ ရက် မြောက်သောနေ့တွင် တင်မောင်ဆွေက ကိုသောင်းဖေထံ သွားတွေ့ကာ မိမိဂျပန်ပြည်သို့ သွားရတော့မည်ဖြစ်ကြောင်း ပြောပြလိုက်သည့်အခါတွင် ကိုသောင်းဖေကြီးက စိတ်အားလျော့စွာ ပြန်ပြောလိုက်ခြင်း ဖြစ်လေသည်။

ဒီလောက်လည်း စိတ်အားလျှော့မနေပါနဲ့ဗျာ... အမှုတစ်ခု စုံစမ်းတာမှာ တစ်ခါတလေ ဒီလိုပဲ ရှေ့မတိုးဘဲ တစ်လစ်ကြီး ဖြစ်နေ တတ်ရာက လိုအပ်တဲ့ ကွင်းဆက် သဲလွန်စလေးတစ်ခုကို အမှတ်မထင် ရလာတာနဲ့တစ်ပြိုင်နက် သူ့ဘာသာသူ သဲလွန်စတွေ တစ်ခုပြီးတစ်ခု ချိတ်ဆက်မိလာပြီး ဖြေရှင်းသွားတတ်တာပါပဲ... ခင်ဗျား စိတ်ရှည် လက်ရှည် ဆက်လက်စုံစမ်းရင် ဒီ လိုအပ်တဲ့သဲလွန်စ ကွင်းဆက်က လေးကို အမှတ်မထင် ရလာပါလိမ့်မယ်ဗျ...'

'အေး... မင်းပြောသလို ဖြစ်ပါစေလို့ ဆုတောင်းရတော့

www.burmeseclassic.com


တာပဲ တင်မောင်ဆွေရာ... ဒါနဲ့ မင်းက ဂျပန်ပြည်မှာ ဘယ်လောက် ကြာမှာလဲကွ...'

တင်မောင်ဆွေက မသိမသာ ပခုံးတွန့်ပြီးမှ ပြန်ဖြေလိုက်လေသည်။

'မပြောတတ်ဘူး ကိုသောင်းဖေ... လူတစ်ယောက်ကို လိုက်ရှာရင်း သူ့အကြောင်းကို စုံစမ်းရမှာဆိုတော့ တစ်ပတ်တည်း ကြာချင်လည်း ကြာမှာပဲ... ဒါမှမဟုတ် တစ်လ၊ နှစ်လ ကြာချင်လည်း ကြာမှာပါပဲ...'

'အေး... ဒီအတောအတွင်းမှာ ဘကျင် အသတ်ခံရမှုကို ငါက ဖြေရှင်းပြီး ဖြစ်ချင်ဖြစ်နေမှာပါလေ...'

သို့ရာတွင် သော့ဝိဇ္ဇာ ဘကျင်အသတ်ခံရသော ကိစ္စသည် အခြားနက်နဲ လျှို့ဝှက်သည့် အကြောင်းအရာများအနက် ကွင်းဆက်ကလေး တစ်ခုမျှသာ ဖြစ်သည်ကို ကိုသောင်းဖေနှင့် တင်မောင်ဆွေတို့ နောက်ကျမှ သိခဲ့ရလေ၏။

'တင်မောင်ဆွေတို့အဖို့ လောလောဆယ်တာဝန်မှာ ဂျပန်ပြည်တွင် ပျောက်ပိုက်နေသော သူဌေးကလေး မောင်စိန်လင်းအား အရှာဖွေလျက် မြန်မာပြည်သို့ ပြန်ခေါ်လာခဲ့ရန်ဖြစ်ရာ... နောက်နှစ်ရက်အကြာတွင် ကေအယ်လ်အမ် လေယာဉ်ကြီးဖြင့် ဂျပန်ပြည်သို့ လိုက်လာခဲ့ရလေ၏။

'ကိုဆွေ သိပ်ကြာမယ် မထင်ပါဘူး အစီရယ်... အလွန်ဆုံး ၁၀ ရက်လောက်ပဲပေါ့'

လေဆိပ်သို့ လိုက်ပို့ကာ မျက်ရည်ဝဲရှာနေသော သူ့အသက်ဖူး မေစီကို တင်မောင်ဆွေက ဤသို့နှစ်သိမ့်ခဲ့သော်လည်း တင်မောင်ဆွေက မြန်မာပြည်သို့ ပြန်လာနိုင်သည့် အချိန်ကား နောက်တစ်လ

www.burmeseclassic.com


ကြာမှ ဖြစ်ခဲ့လေ၏။

ချန်ကီတုာ သူဌေးကြီး၏ အမွေခံသား ချန်ဆင်လင်းခေါ် မောင်စိန်လင်းသည် တင်မောင်ဆွေနှင့် လိုက်တမ်းပြေးတမ်း ကစားသကဲ့သို့ ရှိနေ၏။ ဂျပန်ပြည်သို့ ရောက်သွားပြီး ဦးကံထားပေးလိုက်သော လိပ်စာအရ တိုကျိုမြို့တော်ရှိ ဟော်တယ်တစ်ခုသို့ သွားရှာသည်တွင် မောင်စိန်လင်းသည် ဂျပန်ပြည်တောင်ဘက်ပိုင်းသို့ ခရီးထွက်သွားရာ ၇–ရက်မျှ ကြာမည်ဖြစ်သည်ဟု စုံစမ်းသိရှိရလေသည်။ ဟော်တယ် မန်နေဂျာထံ ကပ်၍ စုံစမ်းသည့်အခါတွင်မှ မောင်စိန်လင်းသည် ဂျပန်မလေးတစ်ဦးနှင့်အတူ ကိုဘီမြို့သို့ ထွက်သွားခြင်း ဖြစ်သည်ဟု သိရှိရကား ကိုဘီသို့ ဆက်လိုက်ရပြန်သည်။

ကိုဘီမြို့တွင် တိုကျိုမြို့မှ ဟော်တယ်မန်နေဂျာ ပေးလိုက်သော လိပ်စာအရ မောင်စိန်လင်းတို့ တည်းခိုနေသည်ဆိုသည့် ဟော်တယ်၌ သွားရှာရာ မောင်စိန်လင်းသည် မိမိရောက်မလာမီ တစ်နာရီခန့်ကပင် မော်တော်ကားနှင့် ထွက်သွားကြောင်း၊ နောက်သုံးရက်ကြာမှ ပြန်လာမည် ဖြစ်ကြောင်းစသည်ကို ဟော်တယ်မန်နေဂျာထံမှ စုံစမ်းသိရှိရပြန်သည်။

တင်မောင်ဆွေကလည်း ထိုဟော်တယ်မှာပင် မောင်စိန်လင်း ပြန်အလာကို စောင့်နေရန် ဆုံးဖြတ်လိုက်ရသည်။ ထိုအတောအတွင်း ဟော်တယ်မှ ဟော်တယ်မန်နေဂျာနှင့် အလုပ်သမားများထံတွင် မောင်စိန်လင်းအကြောင်းကို စုံစမ်းကြည့်ရသေးသည်။ ဂျပန်ခေတ်အတွင်းက ဂျပန်စကား တတ်ထားခြင်းသည် ထိုနေရာတွင် တင်မောင်ဆွေအား တော်တော် အကျိုးပေးခဲ့လေသည်။

မောင်စိန်လင်းသည် ထိုဟော်တယ်ကို တစ်နှစ်တစ်ခါရောက်လာတတ်ကြောင်း ရောက်လာတိုင်းသည်လည်း ဂျပန်မကလေးတစ်

www.burmeseclassic.com


ယောက် ပါလာတတ်ကြောင်း စသည်တို့ကို စုံစမ်းသိရှိရသမျှတို့ကို စာရေး၍ ဦးကံထားထံ ပို့လိုက်လေသည်။

မောင်စိန်လင်း ပြန်ရောက်မည့် သုံးရက်မြောက်သောနေ့တွင် ကား ဟော်တယ်မန်နေဂျာက တင်မောင်ဆွေအား ခေါ်ယူတွေ့ဆုံခဲ့ လေသည်။

'ဝမ်းနည်းပါတယ် တင်မောင်ဆွေစံ... ခင်ဗျားစောင့်နေတဲ့ စိန်လင်းစံဟာ ဒီကို ပြန်မလာတော့ပါဘူး... အခုပဲ သူ့ဆီက စာတစ် စောင် ကျုပ်ဆီရောက်လာခဲ့ပါတယ်... သူ ဒီကို ပြန်မဝင်တော့ဘဲ တိုကျိုကို တိုက်ရိုက်ပြန်သွားပါပြီတဲ့...'

တင်မောင်ဆွေကလည်း မီရာရထားဖြင့် တိုကျိုသို့ ပြန် လိုက်ခဲ့ပြီး မူလဟော်တယ်၌ သွားရောက်စုံစမ်းသည်တွင် မောင်စိန် လင်းသည် ဟောင်ကောင်သို့ ထိုနေ့ကပင် ထွက်သော သင်္ဘောနှင့် ပါသွားပြီ ဖြစ်ကြောင်းကို သိရလေ၏။

တင်မောင်ဆွေသည် ဦးကံထားထံသို့ အကျိုးအကြောင်း ရေဒီယိုကြေးနန်းရိုက်လျက် အစီရင်ခံလိုက်ရာ နောက်တစ်နေ့ နံနက် တွင် ဦးကံထားထံမှ ရေဒီယို ကြေးနန်း ပြန်ရိုက်လိုက်လေသည်။ တင်မောင်ဆွေ အနေနှင့် ဟောင်ကောင်သို့ အမြန်လိုက်ကာ မောင်စိန် လင်းနှင့် တွေ့ဆုံပြီး ရန်ကုန်သို့ ပြန်ခေါ်လာဖြစ်အောင် ခေါ်ပါဟု ဦးကံထားက ညွှန်ကြားလိုက်လေ၏။

တင်မောင်ဆွေသည် ဟောင်ကောင်သို့ လေယာဉ်ပျံနှင့် လိုက် ပြီး မောင်စိန်လင်း သင်္ဘောအား စောင့်ကြည့်နေရန် ဆုံးဖြတ်လိုက်လေ သည်။ ဟောင်ကောင်သို့ နောက်တစ်နေ့တွင် ဆိုက်ရောက်သွားရာ တင်မောင်ဆွေသည် မောင်စိန်လင်း၏ သင်္ဘောကို စောင့်နေသည့် အတွင်း ၎င်းအကြောင်းကို တတ်အားသရွေ့ စုံစမ်းကြည့်ပြန်လေသည်။

www.burmeseclassic.com


တတိယမြောက်သောနေ့တွင်ကား မောင်စိန်လင်း ဂျပန်ပြည်သို့ သွားစဉ်က ဝင်ရောက်တည်းခိုသွားခဲ့သော ဟော်တယ်ကို ရှာတွေ့ကာ ဟော်တယ် စာရေးအား လာဘ်ထိုးလျက် စုံစမ်းကြည့်သည်တွင် လွန်ခဲ့သည့် နှစ်လလောက်က မောင်စိန်လင်းအမည်နှင့် မြန်မာနိုင်ငံသားတစ်ယောက် ဤဟော်တယ်တွင် လာရောက်တည်းခိုသွားဖူး ကြောင်း ဟော်တယ်တွင် နေသွားသည့်အတွင်း ငွေကိုတော်တော်ဖြုန်းခဲ့ကြောင်း၊ ကချေသည်မကလေးများနှင့် တရုံးရုံးဖြစ်နေတတ်ကြောင်း၊ ယခုလည်း ဂျပန်ပြည်မှ ဆိုက်ရောက်လာမည့် နာဂမာရူးသင်္ဘောနှင့် ပါလာမည်ဖြစ်ရာ သူ့အတွက် အခန်းတစ်ခန်း အသင့်ပြင်ထားဖို့ စာရေးမှာထားကြောင်း စသည်တို့ကို သိရှိရပြန်သည်။

တင်မောင်ဆွေသည် ထိုဟော်တယ်၌ပင် တည်းခိုလျက် မောင်စိန်လင်းအား စောင့်ဖမ်းရန် ဆုံးဖြတ်ရပြန်သည်။ ဦးကံထားသို့လည်း အကျိုးအကြောင်း အစီရင်ခံရပြန်သည်။ မောင်စိန်လင်းကား အမွေခံ သူဌေးသား ပီသလှစွာ ကမ္ဘာ့အရှေ့ပိုင်း မြို့တော်ကြီးများတွင် လျှောက်လည်ကာ အပျော်ကျူးလျက် ရှိနေကြောင်းမှာ သိသာ ထင်ရှားလေတော့၏။

ဦးကံထားထံမှ ပြန်စာသည် နာဂမာရူးသင်္ဘော ဆိုက်မလာခင် တစ်ရက်စော၍ ရောက်ရှိလာလေသည်။ ထိုစာတွင် ဦးကံထားက မောင်စိန်လင်း ဘာတွေလုပ်နေကြောင်း ယခုလို သိရသည့်အတွက် ကျေးဇူးတင်မိကြောင်းနှင့် ယခုလို သိရသည်နှင့်အမျှ ပို၍သာစိတ်ပူလာမိကြောင်း၊ ထို့ကြောင့် မောင်စိန်လင်းနှင့်တွေ့ရန်စောင့်ကာ တွေ့ရလျှင် ယခုစာနှင့်ပူးတွဲ၍ ပို့လိုက်သောစာကို မောင်စိန်လင်းအား ပြလျက် ရန်ကုန်သို့ အရပြန်ခေါ်လာရန် အကြောင်း ထပ်မံ ညွှန်ကြားလိုက်လေသည်။

www.burmeseclassic.com


သို့ရာတွင် တင်မောင်ဆွေအတွက် ခြေမငြိမ်သော သူဌေးသား မောင်စိန်လင်းနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံရဖို့မှာ မဖြစ်နိုင်သော ကိစ္စတစ်ခု ဖြစ်ခဲ့ရလေသည်။ အကြောင်းမူ နာဂမားရူးသင်္ဘော ဟောင်ကောင်သို့ ဆိုက်ရောက်လာသည့်အခါတွင် မောင်စိန်လင်း ပြန်မပါလာသောကြောင့် ဖြစ်လေ၏။

သင်္ဘောကုမ္ပဏီသို့လိုက်၍ စုံစမ်းပြန်သည့်အခါတွင်မှ တိုကျိုမြို့မှ လိုက်ပါလာသည့် မောင်စိန်လင်းဆိုသူ မြန်မာတိုင်းရင်းသား ခရီးသည်သည် ဖိလစ်ပိုင်ကျွန်း၏မြို့တော် မနီလာ၌ သင်္ဘောဝင်ဆိုက်စဉ်က ဆင်းနေခဲ့သည်ဟု သိရပြန်တော့သည်။

တင်မောင်ဆွေမှာ တော်တော်ပင် ဦးနှောက်ခြောက် လာမိလေသည်။ မောင်စိန်လင်းသည် ၎င်းအား မိမိလိုက်ရှာနေကြောင်းကို တနည်းနည်းနှင့် သိသွားသဖြင့် တမင်တကာပင် ရှောင်နေခြင်းဖြစ်သလောဟု သင်္ကာမကင်းပင် ဖြစ်လာမိလေသည်။

တင်မောင်ဆွေသည် ဟော်တယ်သို့ ပြန်လာပြီး အကျိုးအကြောင်းကို ဦးကံထားထံ စာရေးအစီရင်ခံစာကို ပို့လျက် လက်လျှော့ပြီး ပြန်လာရမည်လော၊ သို့မဟုတ် မနီလာသို့ ဆက်လိုက်ရမည်လောဟု မေးမြန်းလိုက်ရာ သုံးရက်အကြာတွင် ဦးကံထားထံမှ သံကြိုးစာတစ်စောင် ရောက်လာလေတော့သည်။ သံကြိုးစာကား... မနီလာသို့ ဆက်ဆက်လိုက်ကာ မောင်စိန်လင်းအား တွေ့အောင်ရှာပါဟူသည့် ညွှန်ကြားချက် ဖြစ်နေ၏။ မနီလာတွင် မောင်စိန်လင်း တည်းခိုတတ်သည့် ဟော်တယ်၏အမည်ကို ထည့်သွင်းဖော်ပြခဲ့လေသည်။

တင်မောင်ဆွေကလည်း ဒီလောက်တောင် လိုက်နေရမှတော့ မိသည့်အထိ လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်ကာ မနီလာသို့လိုက်ရန် စီစဉ်ရပြန်သည်။ သို့ရာတွင် ဖိလစ်ပိုင်သို့ ပြည်ဝင်ခွင့်လက်မှတ်

www.burmeseclassic.com


ရရန် စောင့်စားရပြီး လေယာဉ်ပျံရရန် အခက်အခဲ တွေ့နေပြန်ရာ နောက်ဆုံးတွင် မနီလာသို့ ငါးရက်အတွင်း ရောက်မည့်ခရီးသည်တင် ကုန်သင်္ဘောတစ်စင်းနှင့် လိုက်လာခဲ့ရလေသည်။

တင်မောင်ဆွေသည် လမ်းတွင် ယခု မိမိ ထမ်းဆောင်နေရသည့် တာဝန်ဖြစ်သည့် မောင်စိန်လင်းအား အမိဖမ်း မရနိုင်သည့်အတွက် စိတ်ညစ်စရာဖြစ်ရသော်လည်း တစ်ဖက်ကနေ၍ တွေးကြည့်လိုက်လျှင် ကျေနပ်စရာ တစ်မျိုးကောင်းနေသည်ဟု စဉ်းစားလိုက်မိလေသည်။ အကြောင်းမူ ရန်ကုန်တွင် ရာဇဝတ်ကောင်တွေ အမျိုးမျိုးနှင့် ရင်ဆိုင်တွေ့ဆုံ စွန့်စားရကာ အမှုတွေ အမျိုးမျိုးဖြေရှင်းရခြင်းဘဝမှ ခေတ္တခဏ လွတ်မြောက်ရကာ မိမိအတွက် ကမ္ဘာ့အရှေ့တိုင်း မြို့တော်ကြီးများသို့ သူများ၏စရိတ်ဖြင့် ရောက်ဖူးပြီး ဒေသန္တရ ဗဟုသုတရသည်နှင့်အမျှ ကျေနပ်လောက်ဖွယ်ရာ အနားယူခွင့်လည်း ရနေသောကြောင့် ဖြစ်လေ၏။

မနီလာမြို့တော်တွင် သင်္ဘောပေါ်မှ ဆင်းမိသည်နှင့် တစ်ပြိုင်နက် တက္ကဆီကားငှားကာ... ဦးကံထား၏ သံကြိုးစာတွင်ပါသော ဟော်တယ်သို့ တိုက်ရိုက်လိုက်ခဲ့လေသည်။ သို့ရာတွင် ဟော်တယ်သို့ လိုက်ခဲ့သည့်အခါ၌ မောင်စိန်လင်းနှင့် တော့လွဲကလေးလွဲခဲ့ရပြန်ပြီ ဖြစ်သည်ကို တွေ့ရလေသည်။ ဟော်တယ် မန်နေဂျာအား ရောက်ရောက်ချင်းစုံစမ်းကြည့်ရာ...

'ဆီညော် စိန်လင်း မနေ့ကပဲ ဘန်ကောက်ကို လေယာဉ်ပျံနဲ့ လိုက်သွားပါပြီ... သူ့ကို လာမေးတဲ့လူရှိရင်လည်း ပြောလိုက်ဖို့ မှာလိုက်ပါတယ်...'

ဟု ဆို၏။

'ဟုတ်ကဲ့ ဘယ်လိုများ မှာသွားပါသလဲ ဆီညော်'

www.burmeseclassic.com


'သူ့နောက်ကို တကောက်ကောက် လိုက်မနေပါနဲ့တဲ့... ရန်ကုန်က သူ့ဝတ်လုံဆီကိုလည်း သူ မကြာခင် ပြန်လာမယ်ဆိုတာ အကြောင်းကြားထားပြီးပြီတဲ့...'

တင်မောင်ဆွေလည်း စိတ်ပျက်စွာပင် ပခုံးများ တွန့်လိုက်မိတော့သည်။ မောင်စိန်လင်းထံသို့ ဦးကံထားက မိမိအား လွှတ်ထားကြောင်း စာရေးအကြောင်းကြားခဲ့မည် ဖြစ်ရာ မောင်စိန်လင်းကလည်း မိမိအား ရန်ကုန်သို့ ပြန်ခေါ်မည်စိုး၍ တမင်တကာ အတွေ့မခံဘဲ ရှောင်သွားခြင်း ဖြစ်ကြောင်းမှာ ထင်ရှားနေလေတော့၏။

တင်မောင်ဆွေသည် ဦးကံထားထံ အကျိုးအကြောင်း ချက်ခြင်း စာရေး အစီရင်ခံလိုက်ကာ ၎င်းထံမှ ပြန်စာကို မနီလာမြို့တော်မှပင် စောင့်နေရန် ဆုံးဖြတ်လိုက်လေ၏။

ဟော်တယ် မန်နေဂျာသည် တင်မောင်ဆွေအတွက် မောင်စိန်လင်းနေသွားသည့် အခန်း၌ပင်နေရန် စီစဉ်ပေးလေသည်။

ထိုည မနီလာမြို့တော်တွင် လျှောက်လည်ကြည့်ပြီး ပြန်လာသည့်အခါတွင် တင်မောင်ဆွေသည် အခန်းထဲရှိ စာရေးစားပွဲ အံဆွဲထဲ၌ စာရေးစက္ကူကဒ်ကို မောင်စိန်လင်းများ အသုံးပြုသွားလေသလားဟု တွေးကာ ထုတ်ယူကြည့်မိသည်တွင် စက္ကူကဒ်၏ မင်နှိပ်စက္ကူတွင် ထင်ကျန်ရစ်ခဲ့သည့် အင်္ဂလိပ်စာလုံးအချို့ကို တွေ့ရလေသည်။ တင်မောင်ဆွေလည်း ထိုမင်နှိပ်စက္ကူကိုယူ၍ မှန်တွင်ထောင်ကြည့်သည်တွင် လိပ်စာ တစ်ခု ဖြစ်နေ၏။

ဦးကိုဒီ

မြေပိုင်ရှင်

ဖိုးထောင်ရွာ

လှည်းကူးစာတိုက်

www.burmeseclassic.com


ကိုဒီဆိုသော နာမည်ကို တင်မောင်ဆွေက ခေတ္တစဉ်းစား ကြည့်ပြီးမှ ပြန်၍ သတိရလာမိလေသည်။ ပညာရဲရင့်စာကြည့်တိုက်မှ ပျောက်ဆုံးသွားသော စာအုပ်နှင့်ပတ်သက်၍ ဆရာဝန်ဆန်းကြီး ဒေါက်တာဇာစကီအား အဆိုပါ ဖိုးထောင်ရွာ၌ သွားရောက်တွေ့ဆုံစဉ် ထိုနာမည်ကို ကြားခဲ့ရခြင်း ဖြစ်လေသည်။ ထိုစဉ်က ဒေါက်တာ ဇာစကီ အိမ်တွင် မော်တော်ကားသူခိုးဂိုဏ်းဝင်တစ်ယောက် ဖြစ်ခဲ့ဖူးသော ကပြားတော်မီအား... အသွင်တစ်မျိုးပြောင်းလျက် တွေ့ခဲ့သည် ဖြစ်ရာ... အဆိုပါတော်မီက ၎င်းသည် ယခုဖိုးထောင်ရွာမှ မြေပိုင်ရှင် ဦးကိုဒီဆိုသူထံတွင် မော်တော်ဒရိုင်ဘာ အဖြစ်ရိုးရိုးတန်းတန်း လုပ်ကိုင်စားသောက်နေပါပြီဟု ပြောခဲ့သည် မဟုတ်လား။

ယခု မိမိလိုက်ရှာနေရသော အမွေခံ သူဌေးသားမောင်စိန်လင်းသည် လှည်းကူးမြို့အနီး ဖိုးထောင်ကုန်းဆိုသည့် ကရင်ရွာတွင် ရှိသည့် မြေပိုင်ရှင် ဦးကိုဒီဆိုသူနှင့် ဘယ်လိုများ အဆက်အသွယ် ရှိနေသနည်း။

တင်မောင်ဆွေသည် ထိုအချက်ကို စဉ်းစားနေရာက သော့ဝိဇ္ဇာ ကိုဘကျင်ကိုလည်း ပြန်သတိရလာမိလေသည်။ ဘကျင် ပြောပြချက်အရဆိုလျှင်... ထိုစဉ်က ၎င်းသော့သွားဖွင့်ပေးရသည့်နေရာမှာ လှည်းကူးမြို့ အနီးတစ်ဝိုက်တွင် ဖြစ်နေ၏။ သူ့အား ရန်ပြုရန် လိုက်ခဲ့သည်ဆိုသည့် ရောမလူ့ဘီလူးကြီး ဆိုသည်ကိုလည်း ထိုနေရာတစ်ဝိုက်တွင် တွေ့ခဲ့ရခြင်း ဖြစ်လေသည်။

တင်မောင်ဆွေသည် ထိုညတွင် တော်တော်နှင့် မအိပ်နိုင်သေးဘဲ စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် သောက်ကာ စဉ်းစားခန်းဝင်နေလိုက်လေသည်။

နောက်နှစ်ရက် အကြာတွင် ဦးကံထားထံမှ သံကြိုးစာတစ်

www.burmeseclassic.com


စောင် ရောက်လာလေသည်။ တင်မောင်ဆွေအား မောင်စိန်လင်း နောက်သို့ ဆက်မလိုက်တော့ဘဲ အမြန်ပြန်လာရန် ခေါ်လိုက်ခြင်းဖြစ်လေ၏။

တင်မောင်ဆွေလည်း ဖမ်းမမိသည့် မောင်စိန်လင်းနောက်သို့ တကောက်ကောက် လိုက်ခြင်းကို ငြီးငွေ့ပြီဖြစ်ရာ ဝမ်းသာမိပြီး နောက်နှစ်ရက်အကြာ လေယာဉ်ပျံရသည်နှင့် ပြန်လိုက်လာခဲ့လေ၏။ လေယာဉ်ပျံသည် စက်ကာပူသို့ ရောက်လာပြီးသော် တင်မောင်ဆွေသည် ရန်ကုန်သို့ သွားမည့် လေယာဉ်ပျံကို ပြောင်းစီးရလေသည်။

လေယာဉ်ပေါ်အရောက်တွင် တင်မောင်ဆွေသည် ကျေနပ်ဖွယ်ကောင်းသော အံ့အားသင့်စရာတစ်ခုကို တွေ့ရလေသည်။ ရန်ကုန်သို့ လိုက်ပါမည့် ခရီးသည်တွေအကြားတွင် မမျှော်လင့်ဘဲ မမြနှင်းကို ဘွားခနဲ တွေ့လိုက်ရခြင်းပင် ဖြစ်တော့သည်။

◆ ◆ ◆

www.burmeseclassic.com

— ၇ —

မမြနှင်းကလည်း တင်မောင်ဆွေကို တွေ့ရလျှင် အင်မတန်မှ အားရ ဝမ်းမြောက်သွားရှာဟန် တူ၏။

'အို... ကြည့်စမ်း ကိုဆွေကြီးပါလား... တွေ့ရတာ ဝမ်းသာလိုက်တာ၊ ကိုဆွေလည်း စက်ဘီးပူကို ရောက်နေတာကိုးနော်...'

ဟု ဝမ်းသာအားရ နှုတ်ဆက်ရှာသည်။

'မဟုတ်ဘူး နှင်းရဲ့... ကိုဆွေက မနီလာကနေ လိုက်လာပြီး လေယာဉ်ပြောင်းစီးရတာပါ။ အနှင်းကို တွေ့လိုက်ရတော့ တော်တော့်ကို အံ့သြသွားမိတာပဲ'

သူတို့နှစ်ယောက်သည် လေယာဉ်မယ်အား... ပြောလိုက်ကာ ခုံတန်းတစ်ခုတွင် ဘေးချင်းယှဉ်လျက် နေရာယူလိုက်ကြလေသည်။ လေယာဉ်ပျံ ထွက်သည့်အခါတွင်ကား မမြနှင်းတစ်ယောက်တည်း စက်ဘီးပူကို စွန့်စွန့်စားစား ရောက်ရှိလာခဲ့ရသည့်အကြောင်းကို တင်မောင်ဆွေက စိတ်ဝင်စားစွာ မေးကြည့်မိလေသည်။

'ကဲ... ဆိုစမ်းပါဦး အနှင်းရာ... အဖော်မပါ တစ်ကိုယ်တည်း ဘာကိစ္စနဲ့ စက်ဘီးပူကို ရောက်နေတာလဲ'

www.burmeseclassic.com


မမြနှင်းသည် ရုတ်တရက် ပြန်မဖြေသေးဘဲ ခေတ္တမျှ မျက်မှောင်ကလေး ကြုတ်ကာ ရွှေ့တည့်တည့်သို့ စူးစိုက်ကြည့်နေသည်။ ပြီးမှ ဖြည်းညင်းစွာ ပြန်ဖြေရှာ၏။

'ကျွန်မ ကိစ္စက တော်တော်ဆန်းတာပဲ ကိုဆွေရဲ့၊ လွန်ခဲ့တဲ့ တစ်လလောက်ကပဲ ထင်တယ်။ ကျွန်မ မေမေဆီကို စက်ာပူက ဗရင်ဂျီ ဘုန်းကြီးတစ်ပါးဆီက စာတစ်စောင် ရောက်လာခဲ့တယ်၊ စာထဲမှာ ပါတာက ဗရင်ဂျီ ဘာသာဝင် ဟိုးဝမ်ဆိုတဲ့ တရုတ်လူမျိုး တစ်ယောက်ဟာ... သူ သေကာနီးမှာ ကျွန်မ မေမေကို ပေးဖို့ဆိုပြီး အထုပ်ကလေးတစ်ထုပ် ထားခဲ့ပါတယ်တဲ့။ အဲဒါ မေမေကိုယ်တိုင် သို့မဟုတ် မေမေ့ရဲ့ သားသမီး တစ်ယောက်ကိုယ်တိုင် မေမေ ဖြစ်ကြောင်း သို့မဟုတ် မေမေ့ရဲ့သားသမီးတစ်ယောက်ဖြစ်ကြောင်း ထောက်ခံချက် အခိုင်အလုံယူပြီး... စက်ာပူကို လိုက်လာခဲ့ရင်... ဒီအထုပ်ကလေးကို ပေးပါ့မယ်တဲ့... ဒီအထုပ်ထဲမှာပါတဲ့ ပစ္စည်းဟာလည်း... ကျွန်မတို့ရဲ့ ဘဝတစ်ခုလုံးကို အကြီးအကျယ် တိုးတက်ပြောင်းလဲစေမှာမို့... ဆက်ဆက်လာယူဖြစ်အောင် လာယူပါဆိုပြီး... စက်ာပူကို အသွားအပြန် စရိတ်ကိုပါ ပို့ပေးလိုက်တယ်...'

'အင်း... တော်တော် စိတ်ဝင်စားစရာ ကောင်းပါတယ်... ဒီ ဟိုးဝမ် ဆိုတဲ့ တရုတ်ကိုရော... အနှင်းတို့မေမေက သိဖူးသလား'

'ဟုတ်ကဲ့... သိဖူးပါတယ်... ဒီ ဟိုးဝမ် ဆိုတာဟာ... ကျွန်မ ဖေဖေရှိစဉ်တုန်းက ကျွန်မ ဖေဖေရဲ့ လက်အောက်မှာ လုပ်ခဲ့ဖူးတာပဲ... ကျွန်မ ဖေဖေဟာ အဲဒီတုန်းကတော့ တော်တော်ချမ်းသာခဲ့ဖူးတာ... ကိုဆွေ သိမှာပေါ့'

'အင်း... အင်း... ဒါနဲ့ပဲ အနှင်းက လိုက်လာခဲ့သလား'

'ပထမတော့ မေမေကိုယ်တိုင် လိုက်မလို့ပါပဲ... ဒါပေမယ့်

www.burmeseclassic.com


မေမေက ကောင်းကောင်းနေမကောင်းတာနဲ့ သွားဖြစ်မယ်၊ မသွားဖြစ်ဘူး ဖြစ်နေတုန်း ကျွန်မတို့ဆီကို နောက်ထပ် စာတစ်စောင်ရောက် လာပြန်တယ်'

'အဲဒီ ဗရင်ဂျီ ဘုန်းကြီးဆီကပဲလား'

'မဟုတ်ဘူး ကိုဆွေရဲ့... အဲဒီ ဗရင်ဂျီဘုန်းကြီးဟာ ကျွန်မတို့ဆီကို စာရေးပြီး မကြာခင်ပဲ သူခိုးတစ်ယောက်ရဲ့ အသတ်ကိုခံသွားရရှာသတဲ့။ အဲဒါ ကျွန်မတို့နဲ့ ဆိုင်တဲ့ ပစ္စည်းကို အမြန်လာယူလှည့်ပါလို့ အဲဒီ ဗရင်ဂျီဘုန်းကြီးရဲ့ ဦးပဥ္စင်းတစ်ပါးက ထပ်ရေးလိုက်တာပါ'

'အင်း အတော်ဆန်းတာပဲ၊ ကဲ... ဆက်ပါဦး'

'ဒါနဲ့ မေမေ့ကိုယ်စား ကျွန်မပဲ စက်ာပူကို လွှန်ခဲ့တဲ့လေးရက်က လိုက်လာခဲ့ရတာပဲ ကိုဆွေ။ မူလက ဗရင်ဂျီဘုန်းကြီးမှာလိုက်တဲ့အတိုင်း... ကျွန်မဟာ... မေမေ့ရဲ့ သမီးအရင်းဖြစ်ကြောင်း သက်သေခံအထောက်အထားတွေ အနိုင်အလုံ ယူလာခဲ့ရတယ်... စက်ာပူကို ရောက်လာမယ့် အကြောင်း ကျွန်မက ကြိုတင်သံကြိုးရိုက်ထားတော့... ဗရင်ဂျီကျောင်းက လေဆိပ်ကို အကြိုကားတစ်စင်း လွှတ်ထားတယ်... ဒါနဲ့ပဲ ကျွန်မလည်း စက်ာပူမြို့ အစွန်နားမှာရှိတဲ့ ဗရင်ဂျီဘုန်းကြီးကျောင်းကို အလွယ်တကူ ရောက်သွားရတော့တာပေါ့...'

မမြနှင်းသည် ခေတ္တ စကားရပ်နားလိုက်ကာ ပေါင်ပေါ်တွင် တင်ထားသည့် လက်ပွေ့အိတ်ကြီးကို ဖွင့်ပြီး အတွင်းမှ တရုတ်ယွန်းထည် သေတ္တာပြားကလေးတစ်ခုကို ထုတ်ယူလိုက်လေသည်။ ပြီးမှ စကားဆက်ပြန်သည်။

'ဟိုရောက်တော့... ကျွန်မကို ဒုတိယ စာရေးပို့လိုက်တဲ့

www.burmeseclassic.com


ဗရင်ဂျီ ဦးပဥ္စင်းဘရားသား ဖရန့်စစ်က ကျွန်မကို သူ့ရုံးခန်းထဲ ခေါ်တွေ့ပြီး ဟောဒီ သေတ္တာကလေးကို ထုတ်ပေးလိုက်တာပဲ၊ ပြီးတော့ ကျွန်မဆီကို မူလက စာရေးတဲ့ ဗရင်ဂျီ ဘုန်းကြီးအသတ်ခံရပုံကိုလည်း ပြောပြတယ်... လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ဗရင်ဂျီ ဘုန်းကြီးဟာ အိပ်ရာက ထချိန်တန် မထတာနဲ့ ဝင်ကြည့်ကြတော့... ကြမ်းပြင်ပေါ်မှာ ဓားဒဏ်ရာကြီးနှင့် သေနေတာကို တွေ့ရသတဲ့။ အခန်းထဲက သူ့ရဲ့အဖိုးတန် ပစ္စည်းတွေထားတဲ့ ဘီဒိုကြီးရဲ့ တံခါးဟာလည်း တစ်ယောက်ယောက်က မွှေနှောက် ရှာသွားတာကိုလည်း တွေ့ရတယ်... သေနေတဲ့ ဘုန်းကြီးရဲ့လက်ထဲမှာတော့... ဟောဒီ သေတ္တာကလေးကို ဆုပ်လျက်သား တွေ့ရတယ်တဲ့... ဒီသေတ္တာလေးဟာ ကျွန်မတို့ မေမေ့ကိုပေးဖို့... ဟိုးဝမ် ထားခဲ့တဲ့ အထုပ်ထဲမှာ အပါအဝင်ဆိုတာကိုလည်း ဦးပဥ္စင်းက သိထားရတယ်... အထုပ်ထဲမှာပါတဲ့ တခြားပစ္စည်းကတော့ စာရွက်တစ်ထပ်ပဲတဲ့...။ အဲဒီ စာရွက်တစ်ထပ်ကတော့ ပျောက်နေပြီ...။ ဒီတော့ သူခိုးတစ်ယောက်ယောက်က ကျွန်မတို့ မေမေကိုပေးဖို့ ဟိုဝမ်းအပ်သွားခဲ့တဲ့ အထုပ်ကို လာခိုးရင်း ဘုန်းကြီးက ပက်ပင်းမိသွားလို့ ဓားနဲ့ထိုးပြီး ထွက်ပြေးသွားရာမှာ ဒီသေတ္တာကလေးဟာ ဘုန်းကြီးရဲ့ လက်ထဲမှာကျန်နေခဲ့တာပဲလို့ တွက်ကြတာပေါ့...'

'အင်း... ဆန်းသထက် ဆန်းလာပြီ...'

သေတ္တာကလေးထဲမှ အရာဝတ္ထုကို ထုတ်ယူလိုက်ရာ ကြေးနှင့်သွန်းလုပ်ထားသော ထူးခြားသည့်သဏ္ဌာန်ရှိနေသည့် သော့တံကြီး တစ်ချောင်း ဖြစ်နေသည်ကို တင်မောင်ဆွေက တွေ့ရှိလိုက်ရလေသည်။

'အဲဒီ သော့ကြီးတစ်ချောင်းပဲ ပါတယ် ကိုဆွေရဲ့'

တင်မောင်ဆွေက သော့ကို မမြနှင်းလက်ထဲမှ ယူကာ

www.burmeseclassic.com


သေချာစွာ စစ်ဆေးကြည့်ရှုနေစဉ်အတွင်း မမြနှင်းက စကားဆက်ပြန်သည်။

'ကျွန်မလည်း တော်တော် စိတ်ပျက်သွားမိတာ ဝန်ခံပါတယ်... ဒီသေ့ကြီးတစ်ချောင်းနဲ့ ကျွန်မတို့ ဘဝဟာ ဘယ်လိုအကြီးအကျယ်တိုးတက် ပြောင်းလဲ လာရမယ်ဆိုတာကို ကျွန်မလည်း မစဉ်း စားတတ်တော့ပါဘူး ကိုဆွေ'

'အင်း... ဗရင်ဂျီ ဘုန်းကြီးကို အသေသတ်သွားတဲ့ သူရိုးလက်ကို ပါသွားတဲ့ စာရွက်စာတမ်းတွေထဲမှာတော့ ဒီပြဿနာကို ဖြေရှင်းပြထားမှာပဲ ထင်တယ်...'

မမြနှင်းက ဖြည်းညင်းစွာပင် ခေါင်းညိတ်ပြ လိုက်လေသည်။

'ဟုတ်တယ် ကိုဆွေ... ကျွန်မကို ဒီသေတ္တာကလေးအပ်တဲ့ ဗရင်ဂျီ ဦးပဥ္စင်း ဘရားသား ဖရန့်စစ်ကလည်း ဒီလိုပဲ ယူဆတာပါပဲ... သူက ကျွန်မကို မေးသေးတယ်... ဒီသေ့ကြီးအကြောင်းကို ကျွန်မ ဘာများသိသေးလဲတဲ့... ကျွန်မက ဘာမှမသိကြောင်း အမှန်အတိုင်းပြောပြီး ဒီသေ့ကြီးနဲ့ စာရွက်စာတမ်းတွေ ထားခဲ့တဲ့ ဟိုးဝမ်အကြောင်း မေးကြည့်ရတာပေါ့...'

'ဒီတော့ သူက ဘာပြောသလဲ...'

'ဟိုဝမ်းဟာ မသေခင်ခြောက်လလောက်က သူတို့ကြီးကြပ်တဲ့ ဆေးရုံကို ရောက်လာတာပါတဲ့... ဟိုဝမ်းမှာ ဆွေမျိုးညာတိလည်း မရှိဘဲ အတိဒုက္ခရောက်နေတာတဲ့... သူဟာ စက်ာပူကို လွန်ခဲ့တဲ့ ငါးနှစ်လောက်က မြန်မာပြည်ကရောက်လာပြီး အဲဒီတုန်းကတော့ ငွေကြေးတော်တော် ချောင်လည်ခဲ့ပုံရသတဲ့... ပြီးမှ အလောင်းအစား ဖက်ပြီး ဆင်းရဲမွဲတေ၊ ရောဂါရပြီး ဘရားသားဖရန့်စစ်တို့ရဲ့ ဆေးရုံကို

www.burmeseclassic.com


ရောက်လာရတာပဲတဲ့။ သူ သေခါနီးကျတော့ အသတ်ခံရတဲ့ ဘုန်းကြီး ဖားသားအက်ဒ်မွန်ကိုခေါ်ပြီး သူ ကျူးလွန်ခဲ့တဲ့ အပြစ်တွေကို ဝန်ခံသွားသတဲ့။ ပြီးတော့ သူ အဲသလို ကျူးလွန်ခဲ့တဲ့အပြစ်တွေကို ပြန်ချေနိုင်အောင် ဒီပစ္စည်းတွေကို မြန်မာပြည်က ကျွန်မတို့မေမေကို ခေါ်ပေးပေးပါဆိုပြီး အပ်သွားတာပဲတဲ့'

'ဟိုးဝမ် ဖွင့်ဝန်ခံသွားတဲ့အပြစ်တွေက ဘာလဲဆိုတာကိုတော့ ဘရားသားဖရန်စစ်က မသိဘူးတဲ့လား'

မမြနှင်းက ဖြည်းညင်းစွာ ခေါင်းကိုခါယမ်းပြလိုက်၏။

'ဗရင်ဂျီဘာသာ ထုံးစံအရ ဘုန်းကြီးဆီမှာ လူတစ်ယောက်က အပြစ်ဖွင့်ဟဝန်ခံသွားတာတွေကို တခြား ဘယ်သူတွေကိုမှ ပြန်မပြောရတဲ့ထုံးစံ ရှိသတဲ့ ကိုဆွေ။ ဒါနဲ့ ဖားသားအက်ဒ်မွန်ဟာ ဟိုးဝမ်က သူ့ဆီမှာ ဘာတွေ ဖွင့်ဟဝန်ခံသွားတယ်ဆိုတာကို ဘရားသားဖရန်စစ်ကို ဘယ်လိုမှ ဖွင့်ပြောမသွားခဲ့ပါဘူးတဲ့။ ဒီပစ္စည်းတွေကို မြန်မာပြည်မှာရှိနေတဲ့ မေမေ့လက်ထဲကို အရောက်အပ်ရမယ်ဆိုတာလောက်ကိုသာ ပြောပြသွားခဲ့သတဲ့'

တင်မောင်ဆွေသည် ဘာမှမပြောတော့ဘဲ မစဉ်းစားတတ်သည့်အမူအရာနှင့်သာ လက်ထဲက ကြေးသော့ကြီးကို မမြနှင်းလက်ထဲသို့ ပြန်ထည့်ပေးလိုက်လေသည်။ မမြနှင်းကလည်း စိတ်ရှုပ်သောအမူအရာကလေးနှင့် သော့ကြီးကို ခေတ္တကြည့်နေပြီးမှ သက်ပြင်းလေးတစ်ချက်ချကာ လက်ပွေ့အိတ်ထဲသို့ ပြန်ထည့်ထားလိုက်လေ၏။

'ဒီသော့ကြီးဟာ ဘာအဓိပ္ပာယ်ရှိတယ်ဆိုတာကို ကျွန်မနားမလည်ပေမယ့် နားလည်တဲ့လူတစ်ယောက်တော့ ရှိမယ်ထင်တာပဲ ကိုဆွေ'

ဟု ပြောပြီးမှ သူမက စကားဆက်ပြန်သည်။

www.burmeseclassic.com


'ဘာပြုလို့လဲဆိုတော့ ကျွန်မ ဒီသေတ္တာကလေးကို ဘရားသားဖရန်စစ်ဆီက ယူလာပြီး သူက စီစဉ်ပေးတဲ့ ဗရင်ဂျီမစ်ရှင်ဟော်စတယ်တစ်ခုမှာ တည်းခိုဖို့ပြန်လာတုန်း ကျွန်မ စီးလာတဲ့ ကားနောက်က တခြားကားတစ်စင်းဟာ နောက်က တကောက်ကောက်လိုက်လာခဲ့တယ်။ ပြီးတော့ လေယာဉ်ပျံရက်စောင့်နေတုန်း ကျွန်မအဲဒီဟော်စတယ်မှာပဲ တည်းခိုနေရတော့ ကျွန်မ တစ်နေ့ ဟော်စတယ်က တရုတ်မကလေးတွေနဲ့ မြို့ထဲကိုထွက်လည်ပြီး ပြန်ရောက်တော့ကျွန်မအခန်းကို တစ်ယောက်ယောက် ဝင်မွှေသွားတာကို တွေ့ခဲ့ရပြန်တယ်။ ဝင်မွှေတဲ့လူဟာ ဒီသေတ္တာကလေးကို ရှာဟန်တူပါတယ်။ ဘာပြုလို့လဲဆိုတော့ တခြား ကျွန်မရဲ့ပစ္စည်းတွေကို ဘာမှယူမသွားဘဲကိုး။ သော့ကြီးပါမသွားတာက ဒီသေတ္တာကလေးကို ကျွန်မရဲ့ လက်ပွေ့သေတ္တာထဲမှာ ထည့်ယူသွားမိပေလို့ပေါ့'

'အင်း... ဒီသော့ကြီးဟာ တစ်စုံတစ်ယောက်အတွက် သိပ်အရေးကြီးတဲ့ပစ္စည်းတစ်ခု ဖြစ်နေတာဟာ သေချာနေတော့တာပေါ့အနှင်းရယ်'

တင်မောင်ဆွေသည် ထိုသို့ပြောပြီး တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးနေသည့်အလား နှုတ်ဆိတ်နေတော့၏။ အတန်ကြာသွားမှ မမြနှင်းကလည်း ခပ်တွေတွေကလေး ဖြစ်နေရာက တင်မောင်ဆွေ့အား လှည့်ကြည့်ကာ ခပ်ပြုံးပြုံးကလေး စကားပြန်စလိုက်လေသည်။

'ကျွန်မလည်း ကိုယ့်အကြောင်းတွေချည်းကိုသာ ပြောနေမိတော့တာပဲ... ကိုဆွေ့အကြောင်းကိုတော့ မမေးမိသေးဘူး၊ ကဲ... ဆိုစမ်းပါဦး။ ကိုဆွေကရော မနီလာကို ဘာသွားလုပ်တာလဲ၊ အလုပ်ကိစ္စနဲ့လား၊ အပျော်သက်သက်ပဲလား'

www.burmeseclassic.com


'အလုပ်ကိစ္စနဲ့ပါပဲ အနှင်းရယ်၊ ဒါပေမယ့် အပျော်ခရီးထွက်ရတာ ကျနေတာပါပဲ။ မနီလာ တင် ဘယ်ကမလဲ၊ တိုကျို၊ ကိုဘီ၊ ဟောင်ကောင်ဆိုတဲ့ မြို့ကြီးတွေပါရောက်ခဲ့ရတယ်'

'ကိုဆွေ့အလုပ်က ဒီလိုဆိုရင် တော်တော်ဟန်ကျတာပေါ့၊ ဘာများလဲဆိုတာကိုရော မေးခွင့်ရှိသလား ကိုဆွေ'

'အထူးလျှို့ဝှက်ထားစရာ မလိုပါဘူး။ ကိုဆွေဟာ ကမ္ဘာ အရှေ့ပိုင်း မြို့တော်တွေမှာ လှည့်လည်စိမ်ခံ အပျော်ကျူးနေတဲ့ စိန်လင်း ဆိုတဲ့ အမွေခံသူဌေးသားတစ်ယောက်ကို ရန်ကုန်ပြန်ခေါ်ဖို့ အမိလိုက် ဖမ်းရတာပါ'

'စိန်လင်း... ဟုတ်လား'

ဟု မမြနှင်းသည် နဖူးကလေး မသိမသာတွန့်လျက် ရေရွတ် ရာက တင်မောင်ဆွေ့အား မော့ကြည့်လိုက်လေသည်။

'နေပါဦး ကိုဆွေ... အဲဒီစိန်လင်းဆိုတာဟာ တရုတ်ရော်ဘာ သူဌေးကြီး ချန်ကီဟုရဲ့သားကို ပြောတာလား'

'ဟုတ်တယ် အနှင်း၊ သူ့ကို အနှင်း သိလို့လား'

မမြနှင်းသည် ခေါင်းကလေးကို ယမ်းခါပြလိုက်လေသည်။

'သိတယ်ရယ်လို့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် သူဟာ ကျွန်မတို့နဲ့ ဆွေမျိုးနီးစပ်တော်တယ် ကိုဆွေရဲ့။ အနှင်းတို့ဖေဖေက တရုတ်ကပြားဆိုတာ ကိုဆွေ သိသားပဲ မဟုတ်လား။ အနှင်းတို့ဖေဖေနဲ့ စိန်လင်းတို့ဖေဖေဟာ ညီအစ်ကိုနှစ်ဝမ်းကွဲတော်တယ်လေ။ ဒါပေမယ့် စိန်လင်းဆိုတာကိုတော့ အနှင်းတို့ တစ်ခါကမှ မမြင်ဖူးခဲ့ပါဘူး'

တင်မောင်ဆွေကား မမြနှင်းအား စူးစိုက်ကြည့်ရှုလျက် ရှိနေ ၏ ။

'ဒီလိုဆိုရင် အနှင်း ဝတ်လုံတော်ရဦးကံထားဆိုတာနဲ့ရော

www.burmeseclassic.com


သိမှာပေါ့'

'သိပါတယ်… မေမေနဲ့ဆိုရင် သူက တော်တော် ရင်းနှီးတာပဲဟာ၊ သူကလည်း သူဌေးကြီးချန်ကီတုာနဲ့ ဆွေမျိုးနီးစပ်တော်တာပဲ၊ ဒါပေမယ့် ဖေဖေလောက်တော့ မရင်းဘူး ထင်ပါရဲ့'

မမြနှင်းသည် ခေတ္တမျှ တိတ်ဆိတ်သွားပြီးမှ တစ်စုံတစ်ခုကို သတိရမိဟန်ဖြင့် ဆတ်ခနဲ မော့ကြည့်လိုက်လေသည်။

'ကျွန်မ အခုမှ သတိရတယ် ကိုဆွေ… ဟိုးဝမ်ဆိုတဲ့တရုတ်ကြီးဟာ ဖေဖေ့ဆီမှာ အလုပ်မလုပ်ခဲ့ခင်တုန်းက အဲဒီသူဌေးကြီး ချန်ကီတုာဆီမှာ လုပ်ခဲ့ဖူးတာပဲ။ ချန်ကီတုာရဲ့ လူယုံကြီးတစ်ယောက်ပဲတဲ့၊ ချန်ကီတုာဆုံးသွားမှ ဖေဖေ့ဆီကို ရောက်တာတာရှင့်'

'အင်း… တော်တော် စိတ်ဝင်စားစရာ ကောင်းတာပဲ အနှင်း'

တင်မောင်ဆွေက စဉ်းစဉ်းစားစား အမူအရာနှင့် ပြောလိုက်သော်လည်း ဘယ်လိုစိတ်ဝင်စားစရာကောင်းသည်ဆိုသည်ကိုတော့ ရှင်းမပြတော့ချေ။

◆ ◆ ◆

www.burmeseclassic.com

— ၈ —

မင်္ဂလာဒုံလေဆိပ်၌ လေယာဉ်ပျံဆိုက်သည့် အခါတွင် ညမိုးချုပ်နေပြီဖြစ်လေရာ တင်မောင်ဆွေနှင့် မမြနှင်းတို့သည် လေယာဉ်ကုမ္ပဏီမှလိုက်ပို့သော ဘတ်စ်ကားကြီးဖြင့်ပင် မြို့ထဲမှ လေယာဉ်ကုမ္ပဏီရုံးသို့ လိုက်ခဲ့ရလေသည်။ လမ်းတစ်လျှောက်လုံးတွင် မမြနှင်းက စကားတတွတ်တွတ် ပြောလာသော်လည်း တင်မောင်ဆွေကား စကားနည်းနေကာ နောက်သို့ မကြာခဏ လှည့်ကြည့်နေလေသည်။

အကြောင်းမူကား သူတို့ကို တင်ဆောင်လာသည့် ဘတ်စ်ကားကြီး လေယာဉ်ကွင်းမှာ ထွက်လာကတည်းက မော်တော်ကားတစ်စင်းသည် နောက်က မှန်မှန်လိုက်လာနေကြောင်းကို သတိပြုမိခဲ့သောကြောင့် ဖြစ်လေသည်။

ဘတ်စ်ကားကြီးသည် မြို့ထဲသို့ရောက်လာသည့်အချိန်အထိ နောက်ကကားသည် ခပ်လှမ်းလှမ်းမှနေ၍ တောက်လျှောက်လိုက်လာနေဆဲသာ ရှိနေခဲ့လေသည်။ တင်မောင်ဆွေသည် မျက်မှောင်ကြုတ်လျက် ရှိနေလေတော့၏။

လေယာဉ်ကုမ္ပဏီရှေ့တွင် ကားကြီးရပ်သွားပြီး ခရီးသည်

www.burmeseclassic.com


များ ဆင်းကြရသည့်အခါတွင် တင်မောင်ဆွေသည် မမြနှင်းအား သူမ၏ လက်ပွေ့အိတ်၊ လက်ဆွဲ ခရီးဆောင်သားရေသေတ္တာများနှင့် ကုမ္ပဏီရှေ့တွင် ခဏစောင့်နေခိုင်းကာ တက္ကစီကားသွားငှားဦးမည်ဟု ဆိုလျက် မှောင်ရိပ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

မမြနှင်းသည် တစ်ဖက်က ခရီးဆောင်လက်ဆွဲ သားရေသေတ္တာ၊ တစ်ဖက်က လက်ပွေ့အိတ်ကိုကိုင်လျက် လမ်းဘေးပလက်ဖောင်းပေါ်တွင် ရပ်စောင့်နေစဉ် မလှမ်းမကမ်း၌ ရပ်ထားသော ဆလွန်းကားတစ်စင်းပေါ်မှ လူနှစ်ယောက်ဆင်းလာကြကာ သူမအနီးသို့ မယောင်မလည် ကပ်လာကြလေသည်။

မမြနှင်းမှာ ၎င်းတို့နှစ်ယောက်အား သတိမမူမိဘဲ တင်မောင်ဆွေကိုသာ မျှော်နေစဉ် လျှောက်လာသောလူတစ်ယောက်သည် ရုတ်တရက် သူမအား ပခုံးချင်း ခပ်ကြမ်းကြမ်းဝင်တိုက်ချလိုက်ရာ မမြနှင်းမှာ ကိုယ်ရှိန်မဟန်နိုင်ဘဲ ဘေးသို့ ခွေလျက်သားကလေး လဲကျသွားရရှာ၏။ တစ်ပြိုင်နက်တည်းမှာပင် ဘေးချင်းဝင်တိုက်လိုက်သူသည် မမြနှင်း၏လက်တွင် ပွေ့ထားသည့် လက်ပွေ့အိတ်ကြီးကို ဆတ်ခနဲ ဆွဲယူလိုက်ကာ လစ်ပြေးလေတော့၏။

'အံမယ်လေး... လုပ်ကြပါဦး၊ ကျွန်မ ပိုက်ဆံအိတ်ကို လုသွားပါပြီ'

မမြနှင်းသည် ခွေလျက်သားကလေး လဲနေရာကပင် စူးစူးဝါးဝါးကလေး အော်လိုက်လေသည်။ ဤတွင် အနီးအနားတွင်ရှိနေသော လူလေးငါးယောက်က ထွက်ပြေးသွားသူ အလစ်သမားနောက်သို့ ဝိုင်းလိုက်သွားကြလေသည်။

ထိုစဉ်မှာပင် မှောင်ရိပ်ထဲမှ လူတစ်ယောက်သည် လျှင်မြန်စွာ ထွက်လာကာ အလစ်သမားရှေ့က ရုတ်တရက်ဝင်ရပ်ပြီး မေးရိုး

www.burmeseclassic.com


သို့ လက်သီးနှင့် ဖမ်းထောက်ထားလိုက်ရာ အလစ်သမားသည် နောက်သို့ ယက်ကန်ယက်ကန်နှင့် လန်ကျသွားလေသည်။ အလစ်သမားအား ထိုးချလိုက်သူကား တင်မောင်ဆွေပင် ဖြစ်နေလေ၏။

သို့ရာတွင် အလစ်သမားက လဲကျသွားစဉ် လမ်းဘေးတွင် ရပ်နေသော ၄င်း၏အဖော်သည် တင်မောင်ဆွေ့ဘေးနားသို့ ခုန်ကပ်လာကာ လက်ထဲတွင်ပါသော တုတ်တိုကလေးနှင့် ရိုက်ချလိုက်လေသည်။

တင်မောင်ဆွေက မျက်စိလျင်စွာ ရှောင်လိုက်သဖြင့် ရိုက်ချလိုက်သောတုတ်သည် ရည်မှန်းရာခေါင်းပေါ်သို့ ကျမလာဘဲ ပခုံးပေါ်သို့သာ ကျသွားကာ တစ်ဖက်သို့ယိုင်သွားရလေ၏။ တုတ်သမားက တင်မောင်ဆွေ့အား ဆက်ရန်မရှာတော့ဘဲ လဲကျသွားသည့် ၄င်း၏အဖော်ကို ကပျာကရာ ဆွဲထူကာ နစ်ယောက်သားသည် ရပ်ထားသော အငှားဆလွန်းကားပေါ်သို့ ခုန်တက်လိုက်ကြပြီးနောက် ချက်ချင်းပင် ကားကြီးကလည်း ဝူးခနဲမောင်းထွက်သွားလေတော့၏။

'ကိုဆွေ... ကိုဆွေ... ဘာဖြစ်သွားသေးသလဲဟင်၊ ထိသွားသေးသလား'

နောက်ကလိုက်လာကြသူများနှင့် မရှေးမနှောင်းပင် မမြနှင်းကလည်း ရောက်လာကာ ပခုံးတစ်ဖက်ကို လက်နှင့်ဆုပ်ကိုင်ထားသော တင်မောင်ဆွေ့အား စိုးရိမ်မကင်း မေးလိုက်လေသည်။

'ခေါင်းကိုရိုက်ချလိုက်တာပဲ၊ ရှောင်လိုက်လို့ ပုခုံးကိုသာ ထိသွားတယ်။ ကိစ္စမရှိပါဘူး။ ဒါပေမယ့် အနှင်းရဲ့လက်ပွေ့အိတ်တော့ ပါသွားပြီ'

'ဒီလိုဆိုရင် ကျွန်မ စက်ာပူကရခဲ့တဲ့ သော့ကြီးလည်း ပါ သွားပြီ ကိုဆွေ'

www.burmeseclassic.com


မမြနှင်းသည် မျက်နှာငယ်ကလေးနှင့် ပြောလိုက်ရှာ၏။

တင်မောင်ဆွေလည်း မမြနှင်း၏လက်မောင်းကလေးတစ်ဖက်ကို ဆုပ်ကိုင်ကာ ဝိုင်းအုံပြီး တစ်ယောက်တစ်ပေါက် ပြောနေကြသည့် လူတွေကြားမှ တိုးထွက်လိုက်ကာ သူ ငှားရလာသော အငှားကားပေါ်သို့ တက်နိုင်းလိုက်လေသည်။

'ကျွန်မပြောတဲ့အတိုင်းပါပဲ ကိုဆွေရယ်၊ ဒီသော့ကြီးဟာ ကျွန်မတို့အတွက် ဘယ်လိုအသုံးချရမှန်းမသိပေမယ့် တစ်ယောက်ယောက် အတွက်တော့ တော်တော့်ကို အဖိုးတန်နေပုံပါပဲ။ ဒီကိုတောင်လိုက်ပြီး နှောက်ယှက်နေကြတာကို ကြည့်ပေတော့'

တက္ကစီကား ထွက်လာသည့်အခါတွင် တင်မောင်ဆွေကို မမြနှင်းက ညည်းညည်းညူညူ ပြောလိုက်ခြင်း ဖြစ်လေသည်။

ပြီးမှ တင်မောင်ဆွေ့အား လှည့်ကြည့်ကာ မေးခွန်းတစ်ခု ထုတ်လိုက်လေသည်။

'ဒါမှမဟုတ် ခုနကလူတွေက ရိုးရိုးအလစ်သမားတွေပဲလား ကိုဆွေ၊ ကျွန်မပိုက်ဆံအိတ်ထဲကငွေတွေကို လိုချင်လို့သာ လုပြေးတာပဲလား'

သို့ရာတွင် တင်မောင်ဆွေက ခေါင်းကို ဖြည်းညှင်းစွာ ယမ်းခါလိုက်လေ၏။

'ရိုးရိုးအလစ်သမားတွေဟာ ကားနဲ့ ထွက်မပြေးကြပါဘူး အနှင်း... သေချာပါတယ်၊ အနှင်း ရလာတဲ့ သော့ကြီးကိုလိုချင်လို့ လာလုကြတာပါ'

'ကျွန်မတော့ ဒီသော့ကြီးပါသွားတာ တစ်မျိုးလည်း စိတ်အေးမိပါတယ်လေ။ ဘာမှန်းမသိဘဲ ဒါလောက် ရန်များနေရတာ လက်ထဲမရှိတော့ ရန်အေးသွားရတာပါပဲ'

www.burmeseclassic.com


တင်မောင်ဆွေသည် တစ်စုံတစ်ရာ ပြောလိုက်တော့မည်ဟု ပါးစပ်ပြင်လိုက်ပြီးမှ တိတ်ဆိတ်နေလိုက်လေသည်။

မမြနှင်းအား အိမ်သို့ အရောက်လိုက်ပို့ပြီးမှ တင်မောင်ဆွေသည် တက္ကစီကားကို သူ့တိုက်ခန်းဆီသို့ ပြန်မောင်းနိုင်းလိုက်လေသည်။

တိုက်ခန်းတွင်းသို့ ပြန်ရောက်လာလျှင် တင်မောင်ဆွေသည် အဝတ်အစားများ လဲပြီးနောက် အိမ်ရှေ့ခန်းတွင် ဝီစကီတစ်ဖန်ခွက်နှင့် အေးအေးသက်သာ ထိုင်လိုက်လေသည်။

သူသည် ဝီစကီကို ဇိမ်ခံသောက်ကာ စီးကရက်တစ်လိပ်ကို မီးညှိရင်းက တော်တော် လေးလေးနက်နက်ပင် စဉ်းစားခန်းဝင်နေလိုက်လေသည်။

ဟိုးဝမ်ဆိုသည့် တရုတ်ကြီးသည် ဤသော့ကြီးတစ်ချောင်းအားဖြင့် မမြနှင်းတို့သားအမိ၏ဘဝသည် အကြီးအကျယ် တိုးတက်ပြောင်းလဲလာရမည်ဟု ဆိုခဲ့၏။

အဘယ်သို့အဘယ်ပုံ ပြောင်းလဲတိုးတက်လာနိုင်သည်ဆိုခြင်းကိုလည်း သူထားခဲ့သည့် စာရွက်စာတမ်းများတွင် ရေးသားညွှန်ကြားထားခဲ့မည်မှာ အမှန် ဖြစ်လေသည်။

သို့တစေလည်း ထိုစာရွက်စာတမ်းများသည် မမြနှင်း၏လက်ထဲသို့ ရောက်မလာရဘဲ အခိုးခံခဲ့ရ၏။ ခိုးသွားသူသည် ထိုစာရွက်စာတမ်းများထဲတွင် ပါဝင်သည့် အကြောင်းအရာများကို ပြောပြနိုင်မည့် ဗရင်ဂျီဘုန်းကြီး ဖားသားအက်ဒမွန်ကိုပါ အသေသတ်၍ နှုတ်ပိတ်သွားခဲ့၏။

ထိုသူကား အဘယ်သူနည်း။ သို့မဟုတ် ထိုသူ့ကို အဘယ်သူက ကြိုးကိုင်စေခိုင်းခဲ့လေသနည်း။

www.burmeseclassic.com


တင်မောင်ဆွေသည် ရုတ်တရက်ထိုင်ရာမှထကာ အိပ်ခန်းထဲသို့ဝင်ခဲ့ပြီး သူ ချွတ်ထားသော ကုတ်အင်္ကျီအတွင်းအိတ်ထဲမှ သားရေအိတ်ကလေးကို ထုတ်ယူလိုက်လေသည်။

ထိုသားရေအိတ်ကို တင်မောင်ဆွေသည် ဖွင့်လိုက်ပြီးနောက် အထဲမှ အရာဝတ္ထုတစ်ခုကို ထုတ်ယူလိုက်ပြန်သည်။

ထိုအရာဝတ္ထုကား အခြားမဟုတ်၊ ဟိုးဝမ်က မမြနှင်းတို့သားအမိအားပေးခဲ့သည့် ထူးခြားသောပုံသဏ္ဍာန်ရှိသော ကြေးသော့ကြီးပင် ဖြစ်နေလေ၏။

တင်မောင်ဆွေသည် ထိုသော့ကြီးကို မျက်မှောင်ကြုတ်ကာ ကြည့်နေပြီးနောက်မှ သူ့မီးခံသေတ္တာဆီသို့ လျှောက်သွားကာ အထဲတွင် ကျနစွာ သိမ်းဆည်းထားလိုက်လေ၏။

နောက်တစ်နေ့ နံနက်စောစောတွင် တင်မောင်ဆွေသည် ဦးကံထားထံသို့ ဖုန်းဆက်ကာ မိမိ ညကပင် ပြန်ရောက်ကြောင်း၊ အကယ်၍ ဦးကံထားသည် အချိန်ရပါက မိမိ ယခုပင်လာရောက်၍ အစီရင်ခံမည်ဖြစ်ကြောင်း အကြောင်းကြားလိုက်ရာ ဦးကံထားက မိမိ စောင့်နေပါမည်ဟု ပြန်လည်ဖြေကြားလေ၏။

ဦးကံထားသည် တင်မောင်ဆွေ့အား ဝမ်းသာအားရပင် တံခါးဝမှဆီးကြိုကာ သူ၏ခမ်းနားသော စာကြည့်ခန်းထဲသို့ ခေါ်ဆောင်သွားလေသည်။ ယခင်ကအတိုင်းပင် စကော့(ချ)ဝီစကီထုတ်၍ ဧည့်ခံပြီး...

'အေးဗျာ... ဦးတင်မောင်ဆွေတော့ တော်တော့်ကို ပင်ပန်းသွားမှာပဲ ထင်တယ်၊ မောင်စိန်လင်းတစ်ယောက်ဟာ တော်တော်ဆိုးတဲ့ သူငယ်ပါပဲ'

ဟု ညည်းရှာ၏။

www.burmeseclassic.com


တင်မောင်ဆွေကလည်း မောင်စိန်လင်းအား လိုက်ရှာရသည့် ခရီးတစ်လျှောက် သူ စုံစမ်းသိရှိရသရွေ့ကို ရှင်းပြကာ ကုန်ကျခဲ့သည့် စရိတ်ငွေကိုလည်း စာရင်းအတိအကျ တင်ပြလိုက်လေသည်။

'ခင်ဗျားကို ကျွန်တော် အများကြီး ကျေးဇူးတင်ပါတယ် ဦးတင်မောင်ဆွေ... ခင်ဗျား မောင်စိန်လင်းကို အမိမဖမ်းနိုင်ခဲ့ပေမယ့် ခင်ဗျား သူ့နောက်ကို တကောက်ကောက်လိုက်နေခဲ့လို့သာ အခု သူ ရန်ကုန်ကို ပြန်ရောက်လာတော့မှာပါ'

ဦးကံထားသည် ပြောပြောဆိုဆို စားပွဲကြီးတစ်ခုဆီသို့ လျှောက်သွားကာ အံဆွဲကိုဖွင့်လျက် အထဲမှစာရွက်တစ်ရွက်ကို ထုတ်ယူပြီး တင်မောင်ဆွေ့အား ပြလိုက်လေသည်။

'သူ့ဆီက သံကြိုးစားတစ်စောင် ဘန်ကောက်က ရောက်လာခဲ့တယ်ဗျ၊ ခင်ဗျား မနီလာမှာရှိနေတုန်းမှာပဲပေါ့။ ဖတ်သာကြည့်ပေတော့'

တင်မောင်ဆွေသည် သံကြိုးစာရွက်ကို ယူဖတ်ကြည့်လိုက်ရာ အောက်ပါအတိုင်းတွေ့ရလေ၏။

*ဦးလေး*

*'ကျွန်တော့်နောက်က တကောက်ကောက်လိုက်နေတဲ့လူကို ပြန်ခေါ်စမ်းပါတော့၊ ကျွန်တော်လည်း အခု ဘန်ကောက်သွားပြီး ဒီလအတွင်းမှာ ရန်ကုန် ပြန်ရောက်မည်'*

*စိန်လင်း*

'ဒီသံကြိုးစာကိုရတော့ ကျွန်တော့်အနေနဲ့လည်း ခင်ဗျားကို

www.burmeseclassic.com


ပြန်ခေါ်လိုက်ရတော့တာပဲဗျာ၊ ဒါပေမယ့် ခင်ဗျားကို ကျေးဇူးတင်ပါတယ်။ ဒါကြောင့် ပေးမယ်လို့ ကျွန်တော် ကတိပေးထားတဲ့ငွေ ၅၀၀၀ အပြင် 'ဘိုးနပ်စ်'အဖြစ်နဲ့ ၁၀၀၀ ထပ်ပေးပါဦးမယ်ဗျာ၊ ကျေနပ်ပါရဲ့ မဟုတ်လား ဦးတင်မောင်...'

ဦးကံထားသည် စာရေးစားပွဲဆီသို့ လျှောက်သွားကာ ချက်လက်မှတ်တစ်စောင်ကိုရေးပြီး တင်မောင်ဆွေ့အား လှမ်းပေးလိုက်လေသည်။ တင်မောင်ဆွေက ကြည့်လိုက်သည်တွင် ငွေ ၆၀၀၀ တန်ဖြစ်နေလေ၏။

'မောင်စိန်လင်းဟာ ခင်ဗျား စုံစမ်းခဲ့ရတဲ့အတိုင်းဆိုရင်တော့ ကမ္ဘာ့ဇိမ်ခံမြို့တော်တွေမှာ လျှောက်ပွေနေတာကလွဲလို့ ကျွန်တော်စိုးရိမ်သလို ဘယ်သူကမှ ကြိုးကိုင်ခြယ်လှယ်နေတာမဟုတ်ဘူးလို့ ယုံကြည်ရတာပဲ။ ဒီအတွက်ပဲ ကျွန်တော်က တော်တော့်ကို စိတ်သက်သာရာရသွားပါပြီ။ သူ အခုလို လျှောက်ပွေနေတာကတော့ လူငယ်လည်းဖြစ်၊ ပိုက်ဆံကလည်းဖြုန်းနိုင်တော့ ပွေမှာပေါ့လေ'

တင်မောင်ဆွေလည်း ချက်လက်မှတ်ကို အင်္ကျီအိတ်ထဲသို့ ထည့်လိုက်ပြီးနောက် ဦးကံထားအား မပြန်မီ မေးခွန်းတစ်ခုထုတ်လိုက်လေသည်။

'ဒါနဲ့ ဦးကံထား၊ ကျွန်တော် တစ်ခု မေးပါရစေဦး'

'မေးပါ ဦးတင်မောင်ဆွေ'

'မောင်စိန်လင်းမှာ အနီးဆုံးဆွေမျိုးဆိုလို့ ဦးကံထားတစ်ယောက်ပဲ ရှိတော့တာလား'

ဦးကံထားသည် တင်မောင်ဆွေ၏မေးခွန်းကို ရုတ်တရက်ပြန်မဖြေသေးဘဲ သူ၏ကုလားထိုင်တွင် ပြန်၍ထိုင်လိုက်လေ၏။ ပြီးမှ...

www.burmeseclassic.com


'ချုန်ကီဟှာမှာ ညီအစ်ကိုနှစ်ဝမ်းကွဲတော်တဲ့ ဦးစိန်ချင်းဆိုတဲ့ လူတစ်ယောက်တော့ ရှိခဲ့ဖူးတယ်။ အခုတော့ သူ ကွယ်လွန်သွားခဲ့ပါပြီ။ ဦးစိန်ချင်းမှာ ဇနီးနဲ့သမီးကလေးတစ်ယောက် ကျန်နေရစ်ပါတယ်။ အခု သူတို့ကို ကျွန်တော်က မကြာမကြာသွားတွေ့ပြီး ကူညီစရာရှိရင် ကူညီနေတာပါပဲ'

'သူတို့ကလွဲရင်တော့ တခြားဆွေမျိုးမရှိတော့ဘူးလား'

'မရှိတော့ပါဘူး'

တင်မောင်ဆွေလည်း ထိုအခါမှ ကျေနပ်သွားသည့်အလား ထိုင်ရာမှထလိုက်လေသည်။

'ကိုင်း... ကျွန်တော့်ကို ခွင့်ပြုပါဦး ဦးကံထား၊ ခင်ဗျား ဘိုးနပ်စ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်ဗျာ'

'ကိစ္စမရှိပါဘူးဗျာ။ နောက်ကိုလည်း ကျွန်တော်က အလွတ်စုံထောက်အသုံးပြုဖို့လိုလာရင် ခင်ဗျားကိုပဲ အားကိုးရမှာပါပဲ'

တင်မောင်ဆွေသည် ဦးကံထားထံမှ သူ၏ရေးနီးလ်ကားကလေးကို မောင်းထွက်ခဲ့ပြီးနောက် ကားဦးကို ရန်ကုန်ဘက်သို့ ဦးလှည့်လိုက်လေသည်။ သူသည် မိတ်ဆွေစုံထောက် ရဲမျူးကြီးကိုသောင်းဖေနှင့်တွေ့ဆုံကာ သော့ဝိဇ္ဇာဘကျင် အသတ်ခံခဲ့ရသောကိစ္စ စုံစမ်းစစ်ဆေးရေး ဘယ်အခြေအနေ၌ ရောက်နေသည်ကို မေးစမ်းကြည့်ရဦးမည် ဖြစ်လေ၏။

◆ ◆ ◆

www.burmeseclassic.com

## – ၉ –

လှည်းကူးမြို့အနီးရှိ ကရင်အများစုနေကြသည့် ဖိုးထောင်ရွာကြီး၏မြောက်ဘက်အစပ်တွင် ဝါးရုံပင်များ အုပ်ဆိုင်းနေသည့် ဝင်းခြံကြီးတစ်ခုအတွင်း၌ သွပ်မိုးပျဉ်ထောင်ကာ နှစ်ထပ်အိမ်ကြီးတစ်ဆောင်ရှိလေသည်။ ထိုနှစ်ထပ်အိမ်ကြီးသည် ကြီးမားလှသော်လည်း အိမ်ထဲတွင်နေထိုင်လျက် ရှိသူများကား သုံးဦးသာလျှင် ရှိလေသည်။ ၎င်းတို့မှာ ခြံပိုင်ရှင်ဦးကိုဒီခေါ် ကရင်ကပြား၊ ၎င်း၏ဇနီး ဒေါ်အဲလစ်ဟုခေါ်ကြသည့် အင်္ဂလိုဘားမင်းကပြားမကြီးနှင့် ၎င်းတို့ထံတွင် ဒရိုင်ဘာလုပ်နေသည်ဆိုသော တော်မီဟူသည့် ကပြားလူလည်ကလေးပင်ဖြစ်လေသည်။

၎င်းတို့ထံသို့ ဧည့်သည်ဆို၍လည်း ရောက်လာတတ်လေ့မရှိချေ။

သို့ရာတွင် ယနေ့ ညနေစောင်းတွင်တော့ ဂျစ်ကားကလေးတစ်စင်းသည် ခြံထဲသို့မောင်းဝင်လာကာ ကားမောင်းလာသူ အသက် ၃၀ ခန့်ရှိ အရပ်မြင့်မြင့်၊ ပခုံးကျယ်ကျယ်နှင့်လူရွယ်သည် ပိတ်ထားသော အိမ်တံခါးကို တဒေါက်ဒေါက်ခေါက်လိုက်လေ၏။

www.burmeseclassic.com


ထိုအချိန်တွင် အိမ်ကြီး၏အရှင်သခင် ဦးကိုဒီသည် အိမ်ကြီး၏မြောက်ဘက်တွင် ရှိသည့် အလုပ်ခန်းထဲမှ အလုပ်စားပွဲကြီးတွင်ထိုင်ကာ စာအုပ်ပါးပါးကလေးတစ်ခုကိုဖွင့်လျက် တစ်စုံတစ်ရာကို ရေးမှတ်လျက်ရှိနေ၏။

ဦးကိုဒီမှာ အသက် ၅၀ ကျော်ခန့်ရှိသည့် ကိုယ်လုံးကိုယ်ပေါက် တုတ်တုတ်ခိုင်ခိုင်နှင့် မျက်နှာပြားပြားရှိသည့် လူကြီးတစ်ယောက် ဖြစ်လေသည်။ ၎င်း၏ကိုယ်၊ တုတ်သောနှာခေါင်းတွင်ကားကော်ကိုင်း မျက်မှန်ကြီးတစ်လက်က တဝင်းဝင်းရှိနေ၏။ မျက်မှန်အတွင်းမှ မျက်လုံးကြီးများသည် ကောက်ကျစ်စဉ်းလဲသော ဉာဏ်၏ ကြေးမုံပြင်များသဖွယ် ဖြစ်နေကြလေ၏။

ခေတ္တအကြာတွင် ၎င်း၏အလုပ်ခန်းစားပွဲကို တွန်းဖွင့်ကာ၊ ၎င်း၏ဇနီးဖြစ်သူ ဒေါ်အဲလစ်က ဝင်လာလေသည်။ သူမမှာ ၎င်း၏လင်ယောကျ်ားနည်းတူပင် ကိုယ်လုံးတုပ်ခိုင်သော်လည်း အရပ်ပို၍ ထောင်ထောင်မောင်းမောင်းရှိကာ၊ ဆံပင်များမှာ နီကြောင်ကြောင်ရှိကြလေ၏။

'ကိုဒီ... အိမ်ရှေ့မှာ ညှော်သည်တစ်ယောက် ရောက်နေတယ်၊ ရှင့်ကို တွေ့ချင်လို့တဲ့...'

ဦးကိုဒီသည် လက်ထဲမှ စာအုပ်ကလေးကို ဘေးတွင်ချထားလိုက်ကာ မျက်မှောင်မသိမသာ ကုပ်လျက် မော့ကြည့်လိုက်လေ၏။

'ဘယ်သူတဲ့လဲ အဲလစ်...'

'ကချင်ပြည်က ဓော်ဘွန်းတဲ့... ရှင့်ဆီကို သူစာရေးထားတယ်ဆို...'

ဦးကိုဒီသည် နှုတ်ခမ်းကို မသိမသာမဲ့လိုက်ပြီးမှ ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်လေ၏။

www.burmeseclassic.com


'သြော်... သူလား၊ အင်း... အင်း... ကောင်းပြီ၊ သူ့ကို အထဲသာလွှတ်လိုက်ပါကွာ၊ ဒါပေမယ့် အပြင်ဘက်ကတော့ လိုလို မယ်မယ်စောင့်နေ... ကြားလား'

ဒေါ်အဲလစ်သည် သူ့လင်အား အကဲခတ်သလို တစ်ချက် ကြည့်လိုက်ပြီးနောက်မှ ခေါင်းကို ဆတ်ခနဲညိတ်လိုက်ပြီး ပြန်ထွက် သွားလေ၏။

ခေတ္တကြာလျှင်ကား ညှော်သည်လူရွယ်သည် အခန်းထဲသို့ လှမ်းဝင်လာကာ ဦးကိုဒီအား ဦးညွှတ်၍ နှုတ်ဆက်လိုက်လေ၏။

'ဂွတ်အီးဗနင်း... ဦးကိုဒီ၊ ကျွန်တော်ဟာ မြစ်ကြီးနားက မစ္စတာဇော်ဘွန်းပါပဲ၊ ခုလို ကျွန်တော့်ကို လက်ခံတွေ့ဆုံတာ အများ ကြီး ဝမ်းသာပါတယ်...'

ဦးကိုဒီသည် ထိုင်ရာမှမထ ညှော်သည်ဇော်ဘွန်းဆိုသူကို အကဲခတ်ကြည့်နေလိုက်ပြီးနောက်မှ ဦးခေါင်းကို ဆတ်ခနဲ ညိတ် လိုက်လေ၏။

'ထိုင်ပါ... ထိုင်ပါ... မစ္စတာဇော်ဘွန်း...'

ဇော်ဘွန်းဆိုသည့် လူရွယ်သည် ဦးကိုဒီညွှန်ပြသည့် ကုလား ထိုင်တွင် ဝင်ထိုင်လိုက်ပြီးနောက် ဖျတ်လတ်တက်ကြွသော အမူအရာ နှင့် စကားစလိုက်လေ၏။

'ဦးကိုဒီဆီကို ကျွန်တော်စာရေးထားပြီးဖြစ်တော့ ကျွန်တော် ဦးကိုဒီဆီကို ဘာကြောင့်လာရတယ်ဆိုတာကို သိထားပြီးရောပေါ့...'

ဦးကိုဒီသည် စားပွဲအံဆွဲကိုဖွင့်ကာ စာရွက်တစ်ရွက် ထုတ်ယူ ပြီး ဖတ်ကြည့်နေလိုက်သည်။

'အင်း... ခင်ဗျားရေးလိုက်တဲ့စာကို ကျုပ်ဖတ်ရပါတယ် ကိုဇော်ဘွန်း၊ ဖတ်ပြီးတော့ အံ့အားလည်းသင့်မိတယ်။ ဆွန်ပရမ်ဘွန်

www.burmeseclassic.com


နားက ကျုပ်ဝယ်ထားတဲ့မြေပေါ်မှာ ရွှေကြောတွေ့ရတယ်လို့ ခင်ဗျားက ရေးလိုက်တယ်။ ခင်ဗျားမြေနဲ့ ကျုပ်မြေကလည်း ဆက်စပ်နေတော့ ခင်ဗျားနဲ့ကျုပ် စပ်တူလုပ်ပြီး ဒီရွှေကြောကို တူးကြရအောင်လို့ဆို တယ် ဟုတ်စ'

ဇော်ဘွန်းဆိုသော လူရွယ်သည် စိတ်အားထက်သန်လာဟန်နှင့် တဆတ်ဆတ်ခေါင်းညိတ်လိုက်လေ၏။

'ဟုတ်ပါတယ် ဦးကိုဒီ။ ကျွန်တော်ဒီအတိုင်းပဲ ရေးလိုက်တာပါပဲ။ ကျွန်တော်ပြောတာကို ဦးကိုဒီက သဘောတူညီနိုင်လိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။ ဒီရွှေကြောကြီးကို စနစ်တကျ ကျွန်တော်တို့က တူးနိုင်မယ်ဆိုရင် ကျွန်တော်တို့နှစ်ယောက်စလုံးဟာ သူဌေးကြီးတွေ ဖြစ်လာနိုင်ပါတယ်'

ဦးကိုဒီကမူ ဇော်ဘွန်းကဲ့သို့ စိတ်အားထက်သန်မှု ဘယ်လိုမှ မပြချေ။

'အဲဒီက ကျုပ်မြေပေါ်မှာ ရွှေထွက်တယ်ဆိုတာကို ကျုပ်သိထားတာ ကြာလှပါပြီ။ ဒါပေမယ့် ထွက်တဲ့ရွှေက အညံ့စားဖြစ်ပြီး ဘယ်လိုမှအဖိုးမတန်ပါဘူး။ ကျုပ်ကိုယ်တိုင်က ဘူမိဗေဒ ဆရာတွေကို ခေါ်ပြပြီး စစ်ဆေးခိုင်းခဲ့တာပဲ။ ခင်ဗျားလိုက်လာတာ အချည်းအနှီး ဖြစ်နေပြီ ကိုဇော်ဘွန်း'

'အချည်းနှီးမဖြစ်ပါဘူး ဦးကိုဒီရဲ့။ ခင်ဗျားခေါ်ပြတဲ့ ဘူမိဗေဒ ဆရာတွေဟာ မှားလို့သာဖြစ်မှာပေါ့။ ခင်ဗျားမြေကထွက်တဲ့ရွှေဟာ အစစ်ဖြစ်ပြီး အကြောကြီးဘယ်လောက်နက်တယ်ဆိုတာကို ကျွန်တော် ပြနိုင်ပါတယ်။ ဟောဒီမှာ ကြည့်ပါ'

ဇော်ဘွန်းသည် စိတ်အားထက်သန်လှစွာဖြင့် ပြောရာက ထိုင်ရာကမထကာ ဦးကိုဒီ၏ စားပွဲဆီသို့ လျှောက်လာပြီး မြေပုံစာရွက်

www.burmeseclassic.com

တစ်ရွက်ကို ဖြန့်ပြလိုက်လေသည်။ ထို့နောက် မြေပုံကိုထောက်ကာ ထောက်ကာ ရွှေကြောကြီးသည် မည်သည့်နေရာကစရင် ဦးကိုဒီ၏ မြေထဲတွင် အနက်ဆုံး အထူဆုံးဖြစ်နေပုံ စသည်တို့ကို စိတ်အားထက် သန်စွာ ရှင်းလင်းပြောဆို နေလိုက်ပြန်လေ၏။

ဦးကိုဒီကတော့ ဖော်ဘွန်းပြောသမျှကို မတုန်မလှုပ်အမူအရာ နှင့် နားထောင်နေလိုက်၏။ ပြီးမှ လက်တစ်ဖက်မြှောက်ကာ စကား ဖြတ်ပစ်လိုက်သည်။

'တော်ပါပြီ မစ္စတာဖော်ဘွန်း၊ ခင်ဗျား ဘယ်လိုပဲပြောပြော ကျုပ်အနေနဲ့ကတော့ ကျုပ်မြေထဲမှာ ရွှေကြောရှိတယ်ဆိုတာကို ဘယ် လိုမှ မယုံကြည်နိုင်ပါဘူး။ ကျွမ်းကျင်ပြီးသား ဘူမိဗေဒနဲ့ သတ္တုဗေဒ ဆရာတွေရဲ့ ဆုံးဖြတ်ချက်ကိုပဲ ကျုပ်က အတည်ယူနိုင်မယ်။ ဒီတော့ ခင်ဗျား ကျုပ်ဆီကို လိုက်လာတာဟာ အချိန်ကုန်လူပန်းရုံ ရှိတာပဲ၊ ဝမ်းနည်းပါတယ်... အဲ... မစ္စတာဖော်ဘွန်း'

ဖော်ဘွန်းကား စိတ်ပျက်သွားဟန်နှင့် သူ့မြေပုံကြီးကို ပြန် ခေါက်ကာ ဘောင်းဘီအိတ်ထဲသို့ ပြန်ထည့်လိုက်လေသည်။ ဦးကိုဒီက လည်း ထိုင်ရာမှထလိုက်၏။

'ကဲ... ကျုပ်မှာလည်း အလုပ်တွေရှိနေသေးတယ် မစ္စတာ ဖော်ဘွန်း၊ ခွင့်ပြုပါဦးဗျာ...'

'ခင်ဗျား ကျွန်တော်ပြောတာကို ပြန်စဉ်းစားပါဦး ဦးကိုဒီ ဟုတ်လား၊ ကျွန်တော်တို့နှစ်ယောက်စလုံးဟာ သူဌေးကြီးတွေ ဖြစ်လာ နိုင်တာဗျ...'

ဖော်ဘွန်းက ထပ်ပြောလိုက်ပြန်သည်ကို ဦးကိုဒီသည် မသိ မသာကလေး ပြုံးလိုက်ပြီးနောက်မှ ခေါင်းကိုခါပြလိုက်လေသည်။

'ဝမ်းနည်းပါတယ် မစ္စတာဖော်ဘွန်း၊ ကျုပ်ဟာ သူဌေးကြီး

www.burmeseclassic.com


ဖြစ်ဖို့လည်း မလိုတော့ပါဘူး။ ကျုပ်ရဲ့ အခုလက်ရှိ အခြေအနေဟာပဲ တော်တော်ဟန်ကျနေပြီဟာပဲ...'

ဇော်ဘွန်းလည်း မသိမသာ ပခုံးတွန့်လိုက်စဉ် ဦးကိုဒီက သူ့ဇနီးအား လှမ်းခေါ်လိုက်လေသည်။

'အဲလစ်ရေ... ဟောဒီက ဧည့်သည်ကို အိမ်တံခါးဝအထိ လိုက်ပို့လိုက်စမ်းပါကွယ်'

ဒေါ်အဲလစ်သည် ဧည့်သည်အား လိုက်ပို့ပြီးနောက် အခန်းထဲသို့ ပြန်ဝင်လာရာတွင် ဦးကိုဒီသည် အခန်းထဲ၌ စိတ်မငြိမ်မသက်ဖြစ်နေဟန်နှင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်ကို တွေ့ရလေသည်။

'ဒီဇော်ဘွန်းဆိုတာက ရှင့်ဆီကို ဘာလာလုပ်တာလဲ ကိုဒီ'

ဦးကိုဒီသည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရာက ဇနီးဖြစ်သူအား မသိမသာ မျက်မှောင်ကြုပ်လျက် လှည့်ကြည့်လိုက်လေသည်။

'သူ့နာမည်က အမှန် ဇော်ဘွန်းမဟုတ်ဘူး အဲလစ်၊ ကချင်ပြည်နယ်က လာခဲ့တာလည်း မဟုတ်ပါဘူး။ သူ့နာမည်အမှန်က တင်မောင်ဆွေတဲ့။ ရန်ကုန်က အလွတ်စုံထောက်တစ်ယောက်ပေါ့။ သူငါ့ဆီကို ဇော်ဘွန်းယောင်ဆောင်ပြီး လာအနံ့ခံတာပဲ။ ငါတို့ကိစ္စတွေကို ဒီကောင် တော်တော် အနှောင့်အယှက်ပေးလိမ့်မယ် ထင်တယ်။ ဟိုကောင်မလေးဆီက ငါတို့ လိုချင်တာ မရခဲ့တာဟာလည်း ဒီကောင်ဝင်နှောင့်ယှက်လို့ပဲပေါ့'

ဦးကိုဒီသည် မကျေနပ်သော အမူအရာကြီးနှင့်ပြောရာက သူ့အလုပ်စားပွဲသို့ ပြန်သွားကာ ဇော်ဘွန်းမလာခင်ကလေးက သူရေးမှတ်နေခဲ့သော စာအုပ်ကလေးကို ရှာနေလေ၏။ စာအုပ်ကလေးကို

www.burmeseclassic.com


ဘယ်လိုမှ ရှာမတွေ့တော့သည့်အခါတွင်ကား ၄င်း၏အမူအရာသည် ပျာရိပျာရာ ဖြစ်လာလေတော့၏။

'ဟာ... စာအုပ်ကလေး မရှိတော့ဘူး။ ပါသွားပြီ... ပါသွားပြီ'

'ပါသွားပြီ ဟုတ်လား၊ ဘယ်ကိုပါသွားတာလဲ'

'ဟို ခွေးစုံထောက်နောက်ကိုပေါ့၊ ငါ့ကို မြေပုံပြချင်ယောင်ဆောင်ပြီး စာအုပ်ကလေးကို အလစ်ယူသွားတာ ဖြစ်မှာပေါ့'

'စာအုပ်ကလေးက အရေးကြီးလို့လားရှင့်'

'စာအုပ်က အရေးမကြီးဘူး... စာအုပ်ထဲမှာပါသွားတာက အရေးကြီးတာ... မဖြစ်ဘူး... မဖြစ်ဘူး... ငါ ဒေါက်တာဓာစကီဆီကို အမြန်ဆုံး တယ်လီဖုန်းဆက်မှပဲ'

ဦးကိုဒီသည် ပြောပြောဆိုဆို အရေးတကြီး အမူအရာနှင့် နံရံကပ်တယ်လီဖုန်းဆီသို့ လျှောက်သွားကာ စကားပြောခွက်ကို ကောက်ကိုင်လိုက်လေသည်။

◆ ◆ ◆

www.burmeseclassic.com

## - ၁၀ -

ဦးကိုဒီတို့အိမ်နှင့် မိုင်ဝက်ခန့်အကွာတွင်ကား တင်မောင်ဆွေသည် ၄င်း၏ဂျစ်ကားကလေးကို လမ်းဘေးတွင် ထိုးရပ်လိုက်ကာ စာအုပ်ကလေးတစ်အုပ်ကို ဖွင့်ကြည့်လျက်ရှိနေသည်။ ထိုစာအုပ်ကလေးကို ဦးကိုဒီက မိမိ မမြင်အောင် စာရွက်တစ်ရွက်နှင့် မသိမသာ ဖုံးကွယ်လိုက်သည်ကို သတိပြုမိခဲ့သဖြင့် တင်မောင်ဆွေက မြေပုံဖြန့် ပြရင်းက အလစ်သုတ်လာခဲ့ခြင်း ဖြစ်လေသည်။

စာအုပ်ကလေးကို တစ်ရွက်ချင်းလှန်ကြည့်ပြီး လက်နှိပ်ဓာတ်မီးအရောင်ဖြင့် စစ်ဆေးကြည့်ရှုရာ ငွေစာရင်းအချို့ရေးမှတ်ထားခြင်း ဖြစ်နေသည်ကိုသာ တွေ့ရလေသည်။ ထိုငွေစာရင်းများမှာလည်း များလှသည်မဟုတ်ဘဲ မြေခွန်ဆောင်ခ၊ အိမ်သုံးစရိတ်၊ လယ်ထောက်ခ စသည့် ခေါင်းစဉ်များနှင့်သာဖြစ်နေရာ ဘယ်လိုမှ မသင်္ကာစရာဖြစ်မနေချေ။ သို့နှင့်လည်း ဦးကိုဒီသည် အဘယ်ကြောင့် ဤစာအုပ်ကို မိမိ မမြင်အောင် ဖွက်ထားခဲ့ရလေသနည်း။

တင်မောင်ဆွေသည် မကျေနပ်သေးဘဲ စာအုပ်ကို သေချာစွာ ပြန်လည်စစ်ဆေးကြည့်ရှုရာ စာအုပ်အနောင့်ထဲတွင် မာကျော

www.burmeseclassic.com


သော အရာတစ်ခုရှိနေသည်ကို စမ်းကြည့်မိလေသည်။ ထို့ကြောင့် ထိုအရာကို အနှောင့်ထဲမှ တဖြည်းဖြည်း တွန်းထုတ်ကြည့်ရာ ထွက်လာသည့်အခါတွင် တင်မောင်ဆွေသည် တော်တော်ပင် ကျေနပ်သွားမိလေသည်။

အကြောင်းမူကား ထိုအရာသည် မမြနှင်းအား စက်ဘပူမှ တရုတ်ကြီး ဟိုးဝမ်ဆိုသူက မသေမီပေးအပ်ရန် မှာကြားသွားခဲ့သည့် ကြေးသော့ကြီးနှင့် တစ်ထေရာတည်းတူနေသောကြောင့် ဖြစ်လေ၏။

တင်မောင်ဆွေသည် ထိုသော့ကြီးကို လက်နှိပ်ဓာတ်မီးရောင်နှင့် အတော်ကြာအောင်ပင် စစ်ဆေးကြည့်ရှုနေလိုက်လေသည်။ ဤတွင် သော့ကြီးမှာ မမြနှင်း စက်ဘပူမှရလာသော သော့ကြီးနှင့် ပုံသဏ္ဌာန်ချင်းတူသော်လည်း သော့အထစ်များမှာမူ ကွဲပြားခြားနားလျက်ရှိနေကြောင်းကို တွေ့လိုက်ရပြန်သည်။

တင်မောင်ဆွေလည်း ထိုသော့ကြီးကို မိမိ ရှပ်အင်္ကျီအိတ်ထဲသို့ သေချာစွာထည့်ကာ စာအုပ်ကလေးကိုလည်း ဘောင်းဘီနောက်အိတ်ထဲသို့ ထည့်သိမ်းလိုက်ပြီးမှ ဂျစ်ကားကိုပြန်၍စက်နှိုးကာ မောင်းထွက်ခဲ့လေသည်။

ကွေ့ကောက်သော လမ်းကလေးအတိုင်း တင်မောင်ဆွေသည် သူ ငှားလာခဲ့သော ဂျစ်ကားကို ခပ်သုတ်သုတ် မောင်းလာခဲ့လေသည်။ ပတ်ဝန်းကျင်တွင်ကား ည၏အမှောင်ထုက သိပ်သည်းစွာလွှမ်းခြုံရစ်ပတ်ထားလျက် ရှိနေ၏။

ဖိုးထောင်ရွာကြီးကား နောက်ဘက် ခပ်လှမ်းလှမ်းတွင် ကျန်နေရစ်ခဲ့ပြီဖြစ်သော မှင်စာကုန်းဟုခေါ်သည့် ဒေါက်တာဇာစကို့နေအိမ်ရှိရာ ကုန်းမြင့်ကလေးကို ရှေ့တွင် တွေ့လာရလေသည်။ လှည်းကူးကားလမ်းမကြီးကား ရှေ့ခပ်လှမ်းလှမ်းတွင် ရှိနေသေးပေ၏။

www.burmeseclassic.com


ထိုစဉ် တင်မောင်ဆွေသည် ကားဘရိတ်ကို ရုတ်ခြည်း နင်းချလိုက်ရလေသည်။ အကြောင်းမူ ရှေ့တည့်တည့်တွင် လမ်းကို ဖြတ်၍ မီးအိမ်နီသုံးခု စီတန်းချထားသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

တင်မောင်ဆွေသည် ကားကိုရပ်လိုက်ပြီးနောက် ကားဒက်ရှ်ဘုတ်ထဲတွင် ထည့်ယူလာသည့် ပွိုင့် ၃၂ ဘရောင်းနင်းပစ္စတို သေနတ်တိုကလေးကို ဆွဲထုတ်လိုက်ကာ အရိပ်အခြည်ကို စောင့်စားကြည့်နေလိုက်လေသည်။

ရှေ့မှကားလမ်းကို ဖြတ်၍လင်းနေသော မီးအိမ်နီသုံးလုံးသည် လင်းမြဲလင်းနေကာ အနီးအနားပတ်ဝန်းကျင်တွင်ကား လူရိပ်လူခြည် ဆို၍ ဘယ်လိုမှမတွေ့ရဘဲ ရှိလေသည်။ ထိုအခါမှ တင်မောင်ဆွေလည်း သေနတ်ကို ခါးကြားတွင်ထိုးကာ ညာဘက်တွင် လက်နှိပ်ဓာတ်မီးကိုကိုင်လျက် ကားပေါ်မှဆင်းပြီး မီးအိမ်နီသုံးလုံး စီတန်းချထားရာသို့ သတိထားလျက် လျှောက်လာခဲ့လေသည်။

လက်နှိပ်ဓာတ်မီးရောင်အောက်တွင် တွေ့ရသည့် မီးအိမ်နီသုံးလုံးကား လမ်းပြင်ဌာနမှသုံးသည့် မီးအိမ်မျိုးမဟုတ်ဘဲ အိမ်သုံးရိုးရိုးမှန်အိမ်သုံးလုံးကို စက္ကူအနီရစ်ပတ်ထားခြင်းသာ ဖြစ်နေ၏။ ထိုမီးအိမ်နီသုံးလုံး၏ နောက်ဘက်တွင်လည်း လမ်းက ပကတိအကောင်းတိုင်း ရှိနေသည်။

ထိုစဉ် သူ့နောက်ဘက် ကားဆီမှ ဂျိုင်းခနဲသံလိုထုရိုက်လိုက်သံကြီးတစ်ခု ထွက်ပေါ်လာရာ တင်မောင်ဆွေသည် ချာခနဲလှည့်လျက် လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်လေသည်။ သို့ရာတွင်ကား အနီး၌ တစ်စုံတစ်ယောက်ကိုမှမတွေ့ရဘဲ ရှိလေ၏။

တင်မောင်ဆွေလည်း ကားဆီသို့ ပြန်ပြေးလာခဲ့လေသည်။

www.burmeseclassic.com


သူ့ရင်ကား တဒိတ်ဒိတ်ခုန်နေ၏။ ကားဆီသို့ရောက်သွားလျှင်ကား သူသည် အံ့အားသင့်ဖွယ်ရာ အခြင်းအရာတစ်ခုကို တွေ့ရလေသည်။ ဂျစ်ကားနောက်ဘက်တွင် သူ ထည့်ယူလာသော ဓာတ်ဆီထည့်သည့် တိုင်ကီအပိုသည် လမ်းပေါ်တွင်ရောက်နေကာ ဓာတ်ဆီများသည် လမ်းပေါ်တွင် စီးဆင်းနေ၏။ ကား၏ ဓာတ်ဆီတိုင်ကီထဲမှ ဓာတ်ဆီများကိုလည်း ရော်ဘာပြွန်လုံးဖြင့်စုပ်ကာ လမ်းပေါ်သို့ ဖောက်ချလိုက်သဖြင့် ဖင်ကပ်မျှသာ ကျန်နေတော့သည်ကို တွေ့ရလေ၏။

တစ်စုံတစ်ယောက်သောသူသည် မိမိအား ရန်ကုန်မြို့သို့ ဤည ပြန်မရောက်စေချင်ကြောင်းမှာ ထင်ရှား၍နေပေပြီဟု တင်မောင်ဆွေက တွေးလိုက်မိလေ၏။

သူသည် ခါးကြားကသေနတ်ကို အသင့်ကိုင်ကာ ဘေးပတ်ဝန်းကျင်မှ ခြုံများကို လက်နှိပ်ဓာတ်မီးနှင့်ထိုးကြည့် ရှာဖွေသော်လည်း ဘာကိုမှမတွေ့ရချေ။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ ပိုးမွှားအော်သံများမှအပ လုံးဝတိတ်ဆိတ်နေ၏။

တင်မောင်ဆွေသည် ကားဘေးတွင်ကပ်လျက် အရိပ်အခြေကို ၁၅ မိနစ်မျှ စောင့်စားကြည့်ရှုနေသော်လည်း အခြေအနေက ဘယ်လိုမှထူးခြား၍မလာခဲ့ချေ။

နောက်ဆုံးတွင် ဤနေရာ၌ တစ်ညလုံးနေ၍ မဖြစ်ရကား တင်မောင်ဆွေသည် တစ်စုံတစ်ယောက်က သွန်ထားပစ်ခဲ့သည့် သူ၏ ဓာတ်ဆီအပိုတိုင်ကီကြီးကို လက်တစ်ဖက်တွင်ဆွဲကိုင်ကာ ဓာတ်ဆီရှာရန် ထွက်လာခဲ့ရလေ၏။ အနီးဆုံးအိမ်ကား နောက်ဘက်နားတွင် ကျန်ရစ်ခဲ့သည့် ဒေါက်တာဓာစကီအိမ် ဖြစ်နေသည်။ ဒေါက်တာ ဓာစကီ၏ထံတွင် ဓာတ်ဆီအပိုတော့ ရှိတန်ကောင်းပါရဲ့ဟု တင်မောင်ဆွေသည် မျှော်လင့်ရာက မှင်စာကုန်းပေါ်သို့ သတိကြီးစွာထားလျက်

www.burmeseclassic.com


တက်ခဲ့လေသည်။

သို့ရာတွင် သူသည် လမ်း၌ ဘယ်လိုအနှောင့်အယှက်ကိုမှ မတွေ့ရဘဲ ဒေါက်တာဓာစကီ၏ ဝင်းတံခါးဝသို့ ရောက်သွားလေသည်။ ဒေါက်တာဓာစကီ၏အိမ်ကား တိတ်ဆိတ်နေသော်လည်း ပြတင်းပေါက်တစ်ခုတွင်တော့ မီးရောင်တစ်ခု ခပ်လဲ့လဲ့လင်းနေ၏။

တင်မောင်ဆွေလည်း စေ့ထားသည့်ဝင်းတံခါးကို အသာတွန်းဖွင့်ကာ ခြံထဲကိုဝင်ခဲ့ပြီး အိမ်ကြီးဆီသို့ တစ်လှမ်းချင်းလျှောက်ခဲ့လေသည်။ အိမ်ကြီးကား တိတ်ဆိတ်မြဲ တိတ်ဆိတ်လျက်သာ ရှိနေ ၏။

အိမ်တံခါးဝဆီသို့ရောက်မလာခင် တင်မောင်ဆွေ၏ လက်နှိပ်ဓာတ်မီးရောင်တန်းသည် လမ်းဘေးခြုံတစ်ခြုံဘေးသို့ ကျရောက်သွားရာ သူ့ခြေလှမ်းများသည် တုံ့ခနဲ ရပ်တန့်သွားကြလေသည်။ လက်နှိပ်ဓာတ်မီးရောင်အောက်တွင် သူ တွေ့လိုက်ရသည်ကား အသစ်တူးပြီးခါစ တွင်းကြီးတစ်တွင်း ဖြစ်နေသောကြောင့်တည်း။

'ကြည့်ရတာတော့ လူသေအလောင်းမြှုပ်ဖို့ တူးထားတဲ့တွင်းနဲ့တူလိုက်တာ... ဘယ်သူ့အတွက် ရည်ရွယ်တာလဲ မသိဘူး'

တင်မောင်ဆွေသည် ကိုယ့်ကိုယ်ကို ပြန်ပြောမိရာက ရှေ့သို့ ဆက်လျှောက်ခဲ့ပြီး တံခါးကို တဒုံးဒုံးခေါက်လိုက်လေ၏။ ခေတ္တကြာတော့မှ တံခါးကြီးသည် ကျွီခနဲပွင့်သွားကာ တံခါးဝတွင် မုတ်ဆိတ်ဖားဖား နဖူးပြောင်ပြောင်နှင့် ဒေါက်တာဓာစကီ၏သဏ္ဍာန်ကမားမားကြီးပေါ်လာလေ၏။

'မင်း ဘယ်သူလဲ၊ အချိန်မတော် ဘာလိုချင်သလဲ'

ဒေါက်တာဓာစကီသည် တင်မောင်ဆွေ၏မျက်နှာကို စူးစိုက်ကြည့်ရှုရာက ခပ်ဆတ်ဆတ် မေးလိုက်လေသည်။

www.burmeseclassic.com


'ဒေါက်တာ ကျွန်တော့်ကို မမှတ်မိဘူးလား၊ တစ်ခါတုန်းက ကျွန်တော် ခင်ဗျားဆီ လာခဲ့ဖူးပါတယ်'

'အား... ဟုတ်ပြီ၊ စာကြည့်တိုက်က စာအုပ်တစ်အုပ် ငှားမိတာနဲ့ ကျုပ်ကို လာနှောင့်ယှက်ဖူးတဲ့စုံထောက်မဟုတ်လား၊ အင်း... အင်း... ဆိုစမ်းပါဦး၊ ခင်ဗျားက အခု ကျုပ်ကို ဘာများ လာနှောင့်ယှက်ဦးမလို့လဲဗျ'

'အခုလာတာက ခင်ဗျားဆီကို ကျွန်တော် အကူအညီ လာ တောင်းတာပါ ဒေါက်တာ'

'အကူအညီ ဟုတ်လား၊ ဘာအကူအညီလဲ'

'ကျွန်တော်ကား... အဲ... လမ်းမှာ ဓာတ်ဆီကုန်သွားလို့ အခက်အခဲတွေ့နေရပါတယ်။ အဲဒါ ဒေါက်တာ့ဆီမှာ ဓာတ်ဆီများ အပိုရှိရင် ကျွန်တော့်ကို နည်းနည်းမျှလိုက်ပါလို့'

ဒေါက်တာဓာစကီသည် ခေါင်းကြီးကို တဆတ်ဆတ်ညိတ်လိုက်လေ၏။

'ဓာတ်ဆီ... ဟုတ်လား၊ အား... ရပါတယ်။ ကျုပ် အသုံးပြုဖို့ဝယ်ထားတဲ့ ဓာတ်ဆီတွေတော့ ရှိပါတယ်။ ဒါပေမယ့် ခင်ဗျားကို ကျုပ် အလကားတော့ မပေးနိုင်ဘူး၊ ပိုက်ဆံပေးရမယ်'

တင်မောင်ဆွေလည်း ငွေတစ်ဆယ်တန်တစ်ချပ်ကို ထုတ်ပေးလိုက်ရ၏။

'ခင်ဗျား ဒီမှာ ခဏစောင့်နေဦး'

ဒေါက်တာဓာစကီသည် တင်မောင်ဆွေ၏ လက်ထဲမှ ဓာတ်ဆီပုံးကိုဆွဲယူကာ အိမ်ထဲသို့ လှည့်ဝင်ပျောက်ကွယ်သွားလေသည်။ ငါးမိနစ်ခန့်ကြာလျှင် ဓာစကီသည် ဓာတ်ဆီပုံးကြီးကို မနိုင့်တနိုင်ဆွဲလျက် ပြန်ပေါ်လာ၏။

www.burmeseclassic.com


'ပုံးအပြည့် ထည့်ပေးလိုက်တာပဲ စုံထောက်ကြီး၊ ကျေနပ်ရဲ့ မဟုတ်လား'

'ကျေးဇူးပါပဲ ဒေါက်တာ... ဒါနဲ့... ခင်ဗျားခြံရှေ့မှာ တွင်းတစ်ခုတူးထားတာ တွေ့ရပါကလား၊ ဘာမြှုပ်ဖို့လဲဗျ...'

ဒေါက်တာဇာစကီသည် ရုတ်တရက်ပြန်မဖြေဘဲ တင်မောင်ဆွေကိုသာ စူးစိုက်ကြည့်နေ၏။ ပြီးမှ သွားကြီးများဖြီပြလိုက်ကာ–

'ကျုပ်ရဲ့ အိပ်စပီးရမင့်မှာ အသုံးပြုတဲ့ခွေးကြီးတစ်ကောင် သေသွားလို့ မြှုပ်ရအောင် တူးထားတာပါ။ ကဲ... ကျုပ် အလုပ်ရှိသေးတယ်၊ ခင်ဗျား သွားပေတော့ စုံထောက်ကြီး'

ဟုပြောကာ တံခါးကို ရုတ်တရက် ပြန်ပိတ်လိုက်လေ၏။

တင်မောင်ဆွေလည်း ဓာတ်ဆီပုံးကို လက်တစ်ဖက်တွင် ဆွဲကာ ပြန်လျှောက်လာခဲ့လေသည်။ ခြံဝင်းထဲမှ ထွက်လာပြီး ကုန်းကလေးအတိုင်း ဆင်းလျှောက်လာရာတွင် တင်မောင်ဆွေသည် ဘာကြောင့်မှန်းမသိ အလိုလိုနေရင်းက ကြက်သီးမွေးညှင်းများထလာကာ ကျောရိုးတစ်လျှောက် စိမ့်တက်လာမိလေ၏။

ကုန်းကလေးပေါ်မှ ဆင်းလာမိ၍ ကားလမ်းပေါ်သို့အရောက်တွင် သူ့နောက်ဘက်မှ ခြေသံတရှပ်ရှပ်ကို တင်မောင်ဆွေက ကြားလိုက်ရာ တင်မောင်ဆွေသည် ဓာတ်ဆီပုံးကို လွှတ်ချလျက် ခါးကြားထဲမှ သေနတ်ကိုထုတ်ယူလိုက်ပြီး ချာခနဲ လှည့်လိုက်လေသည်။ သို့ရာတွင် သူသည် ဆယ်စက္ကန့်မျှ နောက်ကျသွားလေ၏။

ကြီးမားတုပ်ခိုင်လှသော လက်မောင်းကြီးတစ်ဖက်သည် တင်မောင်ဆွေ၏လည်ပင်းကို နောက်ကနေ၍ သိုင်းဖက်ညှပ်ထားလိုက်လေသည်။ တင်မောင်ဆွေသည် ပထမတော့ ရုန်းကန်မိသေးသော်လည်း ချက်ချင်းပင် သတိရကာ ကိုယ်ကို ပျော့ချလိုက်လေသည်။

www.burmeseclassic.com


ထို့နောက် သူ၏လက်နှစ်ဖက်က လည်ပင်းကိုညှပ်ဖက်ထားသော တံတောင်ဆစ်နားတွင် ရုတ်တရက်ဆုပ်ကိုင်လိုက်ကာ သူ့ခြေထောက်များကိုလည်း နောက်သို့ တစ်လှမ်းဆုတ်လိုက်ပြီးနောက် နောက်က ညှပ်ဖက်ထားသူ၏အားကိုယူကာ ရုတ်တရက် ကိုယ်ကို တစ်ဝက်လှည့်ပြီး ရှေ့သို့ကုန်းချလိုက်လေ၏။

တတ်မြောက်ထားသော ဂျူဒိုပညာသည် ယခု တင်မောင်ဆွေ၏အသက်ကို ကယ်ခဲ့ပြန်ပြီ ဖြစ်လေသည်။ အကြောင်းမူ သူ့လည်ပင်းအား ညှပ်ဖက်ထားသူသည် သူ့ခေါင်းပေါ်က အားလွန်၍ မြောက်တက်လိုက်ခါ ရှေ့သို့ ဖုန်းခနဲ ကားယားကြီးကျသွားသောကြောင့် ဖြစ်လေ၏။

ထိုလူကို မြင်တွေ့လိုက်ရသည်နှင့် တပြိုင်နက်ပင် တင်မောင်ဆွေမှာ အံ့အားသင့်လှသဖြင့် ရုတ်တရက်ကြောင်ကြည့်နေလိုက်မိလေသည်။ အကြောင်းမူ သူ့ရှေ့တွင်တွေ့လိုက်ရသူမှာ သာမန်လူတစ်ယောက်မဟုတ်ဘဲ အနည်းဆုံး ၇–ပေမျှ အရပ်မြင့်မားကာ လူဝံ ကြီးတစ်ကောင်တမျှ ကိုယ်ခန္ဓာကြီးမားတုတ်ခိုင်လှသော လူ့ဘီလူး ကြီးတစ်ယောက် ဖြစ်နေသောကြောင့်တည်း။

တင်မောင်ဆွေက ကြီးမားလှသော အံ့အားသင့်မှုနှင့် ကြောင်ကြည့်နေမိစဉ်မှာပင် ထိုဘီလူးကြီးသည် ကြောင်တစ်ကောင်၏ ပေါ့ပါးမှုဖြင့် ခုန်ထကာ ခြုံတောတွေကြားထဲသို့ ကလေးငယ်တစ်ယောက်၏ သေးငယ်သောအသံကလေးနှင့်အော်ကာ လျင်မြန်စွာ တိုးဝင်ပျောက်ကွယ်သွားလေတော့၏။

ထိုအခါမှ တင်မောင်ဆွေလည်း သတိရလာကာ ကပျာကရာ လက်က လွတ်ကျသွားသော လက်နှိပ်ဓာတ်မီးကိုကောက်ယူပြီး လူ့ဘီလူးကြီးတိုးဝင်သွားရာ ခြုံများဆီသို့ ထိုးကြည့်လိုက်လေသည်။

www.burmeseclassic.com


သို့ရာတွင် လက်နှိပ်ဓာတ်မီးရောင်အောက်တွင် ခြုံတွေမှအပ အခြားဘာကိုမှ မတွေ့ရတော့ချေ။ အနီးအနားတစ်ဝိုက်တွင် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရှာဖွေသော်လည်း ထို့အတူသာ ဖြစ်လေ၏။

နောက်ဆုံးတွင် တင်မောင်ဆွေလည်း လက်လျှော့ကာ ဓာတ်ဆီပုံးကို ပြန်ကောက်ယူလျက် ကားဆီသို့ ခပ်သုတ်သုတ် ပြန်လျှောက်လာခဲ့လေသည်။ ကားတွင် ဓာတ်ဆီပြန်ထည့်ပြီး မောင်းထွက်လာသည့်အခါတွင်ကား တင်မောင်ဆွေသည် မိမိ တစ်ခဏတာမျှ တွေ့လိုက်ရသော လူဘီလူးကြီး၏သဏ္ဌာန်ကို မျက်စိထဲတွင် မြင်ယောင်နေမိလျက် သော့ဝိစ္စာဘကျင်ပြောခဲ့သည့် စကားများကိုလည်း ပြန်လည် အမှတ်ရနေမိသေးတော့၏။

တင်မောင်ဆွေ၏ကား ထွက်လာပြီး ငါးမိနစ်ခန့်အကြာတွင် အခြားကားတစ်စင်းသည် ဒေါက်တာဓာစကီ၏အိမ်တည်ရှိရာ မှင်စာကုန်းသို့တက်လာပြီး အိမ်ဝင်းခြံရှေ့တွင် ရပ်လိုက်လေသည်။ ကားမောင်းလာသူကား တော်မီခေါ် ကပြားဖြစ်ကာ ကားပေါ်မှ ခပ်သုတ်သုတ်ဆင်းသွားပြီး အိမ်ဝင်းထဲသို့ ဝင်သွားသူကား ဦးကိုဒီပင်ဖြစ် လေ၏။

ဦးကိုဒီကို ဒေါက်တာဓာစကီက တံခါးဖွင့်ပေးပြီးနောက် နှစ်ယောက်စလုံး အိမ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားကြလေသည်။ တော်မီကား ကားပေါ်တွင်ပင် စီးကရက်တစ်လိပ်ကိုခဲလျက် ထိုင်စောင့်ကျန်နေရစ်ခဲ့သည်။

ငါးမိနစ်ခန့်ကြာလျှင်ကား ဒေါက်တာဓာစကီ၏ အိမ်တွင်းမှ ကြောက်မက်ဖွယ်ရာ စူးရှစွာအော်သံကြီးတစ်ခု ထွက်ပေါ်လာရာ တော်မီမှာ ခဲထားသည့် စီးကရက် ပါးစပ်မှ လွတ်ကျသွားအောင်ပင် လန့်သွားရှာလေ၏။ အော်သံကြီးကား ခေတ္တအကြာတွင် ပျောက်ကွယ်

www.burmeseclassic.com


သွားလေသည်။

တော်မီသည် အိမ်ထဲသို့ ဆင်းလိုက်သွားရမလားဟု ချီတုံချတုံဖြစ်နေစဉ်မှာပင် အိမ်တံခါးပွင့်လာကာ ဦးကိုဒီသည် ခပ်သုတ်သုတ် ထွက်လာ၏။

'အန်ကယ်… ခုနက ကြားလိုက်ရတဲ့ အော်သံကြီးက ဘာ လဲဟင်'

ဦးကိုဒီ ကားပေါ်သို့တက်လာသည့်အခါ၌ တော်မီက မေးလိုက်ခြင်း ဖြစ်လေသည်။ ဦးကိုဒီကား တစ်စုံတစ်ရာကို မကျေမနပ်ဖြစ်နေပုံရလေ၏။

'ဒေါက်တာဇာစကီက တာဝန်မကျေပွန်တဲ့ သူ့တပည့်တစ်ယောက်ကို ဆုံးမနေတာပါကွာ၊ ကဲ… မောင်းပေတော့'

တော်မီသည် ဦးကိုဒီ၏မျက်နှာကိုကြည့်ကာ ဆက်မမေးရဲတော့ဘဲ ကားကို မောင်းထွက်ခဲ့ရလေ၏။

◆ ◆ ◆

## – ၁၁ –

နောက်တစ်နေ့တွင် တင်မောင်ဆွေသည် ပထမဦးစွာ ဦးကံထား၏ နေအိမ်သို့ သွားပြီး ဦးကံထားနှင့် တွေ့ဆုံလေသည်။ ဦးကံထားသည် တင်မောင်ဆွေအား ထုံးစံအတိုင်းပင် သူ၏ ခမ်းနားသော စာကြည့်ခန်းထဲ၌ လက်ခံတွေ့ဆုံလေသည်။

တင်မောင်ဆွေလည်း မနေ့က သူ ဖိုးထောင်ရွာမှ ဦးကိုဒီထံ သွားရောက် တွေ့ဆုံသည့် အကြောင်းကို ဦးကံထားအား ပြောပြလိုက်လေသည်။

‘ကျွန်တော် မနီလာမှာ နေတုန်းက မောင်စိန်လင်း အသုံးပြုသွားတဲ့ စာရေးစက္ကူကဒ်က မင်နှိပ်စက္ကူမှာ အဲဒီလူရဲ့ လိပ်စာကို တွေ့ခဲ့ရပါတယ်... ဒါနဲ့ ကျွန်တော်လည်း... မောင်စိန်လင်းနဲ့ အဲဒီလူ ဘယ်လို အဆက်အသွယ်ရှိသလဲဆိုတာ သိချင်တာနဲ့ သူ့ဆီကို သွားတွေ့မိတာပဲ’

‘ဦးကိုဒီ... ဟုတ်လား... ကျွန်တော်တော့ မကြားဖူးပါဘူး ဦးတင်မောင်ဆွေ၊ ကိုစိန်လင်းရဲ့မိတ်ဆွေတစ်ယောက် ဖြစ်မှာပေါ့... အဲ ခင်ဗျား... သူ့ကို သွားတွေ့တော့ ထူးခြားတာ တွေ့ခဲ့ရသလဲဗျ’

www.burmeseclassic.com


တင်မောင်ဆွေကလည်း... ဦးကိုဒီ၏ အလုပ်စားပွဲမှ လစ်ယူလာသော စာအုပ်ကလေး အကြောင်းနှင့် စာအုပ်ကလေး၏ အနောင့်တွင် ဖွက်ထားသော ကြေးသော့ကြီး ရှာတွေ့ပုံကို ပြောပြလိုက်လေသည်။ ညက အပြန်တွင်... ရောမဘီလူးကြီး၏ အတိုက်အခိုက်ခံရပုံကိုမူ... တင်မောင်ဆွေက တမင်သက်သက်ပင် ချန်လှပ်ထားလိုက်လေ၏။

'အဲဒီစာအုပ်ကလေးကို ကျွန်တော့်တိုက်ခန်း ပြန်ရောက်ပြီး... သေသေချာချာ စစ်ဆေးမိတော့ ထူးဆန်းတာ တစ်ခု တွေ့ရတယ်... စာအုပ်ရဲ့နောက်ဘက်ကစာရွက်တွေမှာ လွန်ခဲ့တဲ့ သုံးလအတွင်းက မောင်စိန်လင်းရဲ့.. သွားလာမှုတွေကို အတိအကျ နေ့စွဲ နေရာတွေနဲ့... ရေးမှတ်ထားတာကို တွေ့ရတာပဲ...'

ဦးကံထားက အံ့အားလည်းသင့်၊ စိုးရိမ်မကင်းလည်း ဖြစ်လာ ပုံရလေသည်။

'တော်တော်ကို ဆန်းတာပဲ ဦးတင်မောင်ဆွေ... ဒီအတိုင်းဆိုရင် မောင်စိန်လင်းဟာ ဒီလူနဲ့ တနည်းနည်း အဆက်အသွယ်ရှိနေတာ အမှန်ပဲပေါ့... ဒီလူကို စုံစမ်းရဖို့ တာဝန် ကျုပ်မှာ ရှိလာပြီ... ဒီလူ ဘယ်သူဘယ်ဝါဖြစ်ပြီး မောင်စိန်လင်းနဲ့ ဘယ်လိုအဆက်အသွယ်ရှိတယ်ဆိုတာကို ကျုပ်သိချင်တယ် ဦးတင်မောင်ဆွေ၊ အဲဒါ ခင်ဗျားပဲ စုံစမ်းပေးပါတော့...'

'ကောင်းပြီလေ... ခင်ဗျားက တာဝန်ပေးရင်လည်း ကျုပ်ယူပါ့မယ်... ဒီသော့ကြီးအကြောင်းတော့ ဦးကံထားက ဘာမှ မသိဘူးပေါ့...'

ဦးကံထားသည် တင်မောင်ဆွေ လက်တွင်းမှ ကြေးသော့ကြီးကို ယူကြည့်ပြီးမှ ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်လေသည်။

www.burmeseclassic.com


'ဆောရီးပဲ ဦးတင်မောင်ဆွေ... ဒီသော့ကို ကျုပ်အခုမှပဲ မြင်ဖူးတာပဲ...'

တင်မောင်ဆွေကလည်း သော့ကို ပြန်ယူကာ ဝတ်ထားသော ကုတ်အင်္ကျီအတွင်းအိတ်ထဲတွင် ပြန်ထည့်ထားလိုက်လေသည်။

'ဒီသော့ကိုတော့ ကျွန်တော်ပဲ သိမ်းထားဦးမယ် ဦးကံထား၊ ဒီလိုသော့မျိုး နောက်တစ်ချောင်းကို ကျွန်တော်တော့ မြင်ဖူးထားပါတယ်...'

ထို့နောက် တင်မောင်ဆွေလည်း ဦးကိုဒီအကြောင်းကို သူဆက်လက် စုံစမ်းကာ ဦးကံထားထံ အစီရင်ခံစာများ ပို့ပေးမည်ဖြစ်ကြောင်း ကတိခံလျက် နှုတ်ဆက်၍ ထွက်လာခဲ့လေသည်။

တင်မောင်ဆွေသည် နောက်သွားသော နေရာကား မမြနှင်းတို့အိမ် ဖြစ်လေသည်။ မမြနှင်း၏မိခင် ဒေါ်ရွှေသင်းသည် တင်မောင်ဆွေအား ဝမ်းသာအားရ ဆီးကြိုလေသည်။ မမြနှင်းမှာလည်း စာကြည့်တိုက်သို့ အလုပ်မဆင်းဘဲ ခွင့်ယူထားသဖြင့် အိမ်တွင် ရှိနေလေသည်။

မမြနှင်း ဖျော်တိုက်သော ကော်ဖီကို သောက်ပြီးသည့်အခါတွင်မှ တင်မောင်ဆွေသည် သူပြောလိုသော စကားကို စ လိုက်လေသည်။

'အနှင်းကို ကိုဆွေ ပြောစရာတစ်ခုရှိလို့ လာခဲ့တာပဲ၊ အနှင်း စက်ဘီကို သွားယူရတဲ့ ကြေးသော့ကြီးအကြောင်းပါပဲ...'

'ဘာလဲ ကိုဆွေ... ဒီကြေးသော့ကြီးကို ပြန်ရလာပြီလား... မနက်ကပဲ မေမေနဲ့ ဒီကြေးသော့ကြီးအကြောင်းကို ပြောနေမိကြသေးတယ်... ဟိုဝမ်းက ဘာပြုလို့ ဒီကြေးသော့ကြီးကို ကျွန်မတို့လို ပေးခဲ့တယ်ဆိုတာ ကျွန်မတော့ စဉ်းစားလို့ကို မရပါဘူး'

နဖူးရေကလေးတွန့်လျက် ပြောနေသော မမြနှင်းအား

www.burmeseclassic.com


တင်မောင်ဆွေက ခပ်ပြုံးပြုံး ကြည့်လိုက်လေ၏။

'ထူးခြားတဲ့ အကြောင်းတစ်ခုတော့ ရှိရမှာ အမှန်ပါပဲ... ဘာအကြောင်းဆိုတာကိုလည်း အခု ကိုဆွေက လိုက်စုံစမ်းနေပါတယ်...'

'ဒုက္ခရှာလို့ ကိုဆွေရယ်... စုံစမ်းလို့ရလည်း ဘာထူးတော့မှာလဲ... ဒီသော့ကြိုးက အခုအနှင်းတို့ လက်ထဲမှာ ရှိတော့တာမှ မဟုတ်တာဘဲ'

ဤတွင် တင်မောင်ဆွေက ပြုံးကာ ခေါင်းကို ယမ်းခါပြလိုက်လေသည်။

'ကြေးသော့ကြိုးဟာ ဟိုနေ့က အလစ်သုတ်သမား လက်ထဲပါသွားတယ် မဟုတ်ပါဘူး အနှင်းရဲ့'

'ဟင်... ဘယ်လို'

'ဒီလိုလေ... ဒီကြေးသော့ကြိုးဟာ တစ်နည်းနည်းတော့ အရေးကြီးရမယ်... ပြီးတော့ အနှင်းလက်ထဲကအရ ယူချင်နေတဲ့ လူတွေလည်း ရှိနေတယ်ဆိုတာကို ကိုဆွေ ရိပ်မိထားတော့ လေယာဉ်ပျံပေါ်မှာတုန်းကတည်းက အနှင်းအိပ်နေတုန်း အနှင်းရဲ့ လက်ပွေ့အိပ်ထဲက ကိုဆွေကပဲ နှိုက်ယူထားလိုက်တာကလား... အခုတော့ ဒီသော့ကို ကိုဆွေ ဘဏ်တိုက်မှာ လုံလုံခြုံခြုံ အပ်ထားပါတယ်'

မမြနှင်းကား တင်မောင်ဆွေအား အံ့အားသင့်စွာ ကြည့်နေပြီးမှ သဘောကျစွာ ပြုံးလိုက်လေ၏။

'ဒီလိုဆို... အနှင်းတို့က ကိုဆွေ့ကို ကျေးဇူးတင်ရမှာပေါ့... အခုလည်း ကိုဆွေက ဒီသော့ကြိုး ဘယ်လို အဓိပ္ပါယ်ရှိတာကို စုံစမ်း ပေးဦးမယ်ပေါ့... ဟုတ်လား'

'စုံစမ်းနေပါပြီ အနှင်း မကြာခင် ဒီသော့ကြိုးရဲ့ ပြဿနာဟာ

www.burmeseclassic.com


ပြေရှင်းသွားရလိမ့်မယ် ဆိုတာကိုလည်း ပြောချင်တယ်... ပထမ ဒေါ်ဒေါ်ကို မေးခွန်းတစ်ခု မေးချင်တယ်...'

တင်မောင်ဆွေသည် သူတို့ဘေးတွင်ထိုင်လျက် တိတ်ဆိတ်စွာ သိုးမွေးထိုးနေသော ဒေါ်ရွှေသင်းဘက်သို့ လှည့်ကြည့်လိုက်လေသည်။

'မေးပါ မောင်ဆွေ... ဘာမေးချင်လို့လဲကွယ့်'

'ချန်ကီတှာ သူဌေးကြီးဟာ... ဒေါ်ဒေါ် ခင်ပွန်းသည်နဲ့ ညီအစ်ကို နှစ်ဝမ်းကွဲ တော်တယ်လို့ သိရပါတယ်၊ အခု ချန်ကီတှာ သူဌေးကြီးရဲ့ အမွေခံ သား မောင်စိန်လင်း ဆိုတာဟာ... အနှင်းနဲ့ မောင်နှမ သုံးဝမ်းကွဲတော် နေတာပေါ့နော်...'

'ဟုတ်တယ်ကွဲ့'

'မောင်စိန်လင်းမှာ... အမျိုးဆိုလို့ ဒေါ်ဒေါ်တို့ သားအမိနဲ့ ဦးကံထားဘဲ ကျန်နေတော့တာပေါ့နော်...'

'အမှန်တော့ မောင်ကံထားဟာ... ချန်ကီတှာရဲ့ ဝတ်လုံတော်ရကြီး ဖြစ်တာကလွဲလို့ အမျိုး သိပ်မတော်ပါဘူးကွယ်... ချန်ကီတှာရဲ့ မယားဘက်က တူတော်တာပါ။ တရုပ်ထုံးစံအရ ဆိုရင်တော့ အဖေ့ဘက်ကတော်တဲ့ အမျိုးသာ အမျိုးလို့ ယူဆထားကြတာကလား...'

'ဒီလိုဆိုရင်... မောင်စိန်လင်းရဲ့ အနီးစပ်ဆုံး တိုက်ရိုက်အမျိုးဟာ... အနှင်းပဲ ရှိတာပေါ့နော်...'

ဒေါ်ရွှေသင်းက ခေါင်းညိတ်ပြလိုက်ရာ တင်မောင်ဆွေသည် မျက်မှောင်တစ်ချက် ကြုတ်လိုက်လျက် တစ်စုံတစ်ရာကို စဉ်းစားနေသည့်အလား... ခေတ္တမျှ တိတ်ဆိတ် နေလေတော့၏။

'ကိုစိန်လင်းဟာ ကျွန်မရဲ့ အစ်ကို သုံးဝမ်းကွဲသာ တော်

www.burmeseclassic.com


တယ်... ကျွန်မဖြင့် သူ့ကို တစ်ခါမှ မမြင်ဖူးသေးပါဘူး ကိုဆွေရယ်...'

ထိုအခါ တင်မောင်ဆွေက မော့ကြည့်ကာ... ဒေါ်ရွှေသင်းအား... မေးခွန်းထုတ်လိုက်ပြန်သည်။

'ဒေါ်ဒေါ်ကကော မောင်စိန်လင်း ဆိုတာကို တွေ့ဖူးသလား...'

'ငယ်ငယ်တုန်းကတော့ သုံးလေးခါ တွေ့ဖူးပါတယ်။ နောက်စစ်သကြီးဖြစ်ပြီး သူတို့နဲ့ အဆက်ပြတ်သွားလိုက်တာ အခုထက်ထိ သူ့ကို မတွေ့ရတော့ဘူး။ တွေ့ရရင်တောင် မှတ်မိပါ့မလား မသိဘူး မောင်ဆွေရယ်... ဒါပေမယ့် မောင်ကံထားကတော့ ဒေါ်ဒေါ်တို့အပေါ်မှာ ကောင်းရှာပါတယ်။ မကြာမကြာ လာလည်ပြီး အကူအညီ လိုရင်လည်း ပေးတတ်ပါတယ်ကွယ့်'

တင်မောင်ဆွေသည် တိတ်ဆိတ်နေပြန်ပြီး နောက်မှ တစ်စုံတရာကို ဆုံးဖြတ်လိုက်ပုံ ရလေ၏။

'ဒေါ်ဒေါ် အနှင်း... ကျွန်တော် ပြောတာကို သေသေချာချာ နားထောင်စေချင်တယ်'

အမျိုးသမီးနှစ်ယောက်သည် တင်မောင်ဆွေ၏ မျက်နှာကို ပြိုင်တူ မော့ကြည့်လိုက်ရာ တင်မောင်ဆွေ၏ မျက်နှာမှာ ပကတိတည်ကြည်နေသည်ကို တွေ့ကြရပြီး ခေါင်းညိတ်ပြလိုက်ကြလေသည်။

'ဒေါ်ဒေါ်တို့ နှစ်ယောက်စလုံး အထူးသဖြင့် အနှင်းဟာ... ကြီးမားတဲ့ ဘေးအန္တရာယ်ကြီး တစ်ခု ရှိနေတယ်လို့ ကျွန်တော် ယုံကြည်တယ်။ ဘယ်လို ဘေးအန္တရာယ် ဆိုတာကိုတော့ ကျွန်တော့်ကိုတော့ ကျွန်တော် ရှင်းမပြပါရစေနဲ့ဦး... ဒီတော့ ကျွန်တော့်စကားကို နားထောင်စေချင်တယ်။ ဒေါ်ဒေါ်တို့ကို ကျွန်တော် အခုတစ်ရက်၊

www.burmeseclassic.com


နှစ်ရက်အတွင်း တခြားမှာပြောင်းနေဖို့ စီစဉ်ပေးပါရစေ... ဒေါ်ဒေါ်တို့ အဲဒီမှာရှိမှန်း ကျွန်တော်ကလွဲလို့ ဘယ်သူမှ မသိတဲ့ နေရာတစ်ခုပေါ့'

အမျိုးသမီး နှစ်ယောက်သည် အံ့ဩထိတ်လန့်သော အမူအရာများဖြင့် တစ်ယောက်ယောက်ကို ကြည့်လိုက်လေသည်။ ပြီးမှ မမြနှင်းက ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်လေသည်။

'ကိုဆွေကို အနှင်းတို့ လုံးဝ ယုံကြည်စိတ်ချပါတယ်၊ အနှင်းတို့ ကိုဆွေ စီမံရာကို နာခံဖို့ အသင့်ပါပဲ'

'အခုလောလောဆယ်တော့ အရေးမကြီးသေးပါဘူးကွယ်... ဒါပေမယ့် ကိုဆွေပြောတာနဲ့တစ်ပြိုင်နက် ပြောင်းနိုင်ကြဖို့ အသင့်တော့ ပြင်ထားစေချင်တယ်နော်...'

ဒေါ်ရွှေသင်းကား တော်တော်ပင် ထိတ်လန့်စိုးရွံ့နေတော့၏။

'ဒေါ်ဒေါ်တော့ နားမလည်နိုင်ပါဘူးကွယ်... တို့သားအမိနှစ်ယောက်မှာ ရန်သူဆိုလို့ မရှိခဲ့ပါဘူး'

'ဒေါ်ဒေါ်တို့မသိတဲ့ ရန်သူတွေရှိနေတယ် ဆိုတာကိုတော့ ဒေါ်ဒေါ် ယုံပါ၊ ဒီရန်သူတွေကလည်း ဟိုးဝမ်က ဒေါ်ဒေါ်တို့ကို ပေးခဲ့တဲ့ ကြေးသော့ကြီးနဲ့ တိုက်ရိုက် သက်ဆိုင်နေတာပါ။ အခုတော့ ကျွန်တော် ဒီလောက်ပဲ ပြောပြနိုင်ပါသေးတယ်။ နောက်ကိစ္စ ရှင်းသွားတော့ ကျွန်တော် ပြောပြပါ့မယ်လေ'

တင်မောင်ဆွေလည်း စိုးရိမ် ထိတ်လန့်နေကြသော အမျိုးသမီးနှစ်ယောက်အား မိမိကို ယုံကြည်စိတ်ချရန်နှင့် မိမိက အစွမ်းကုန်စောင့်ရှောက် ကာကွယ်မည် ဖြစ်ကြောင်း အားပေးပြောဆိုကာ ပြန်လာခဲ့လေသည်။

ဒေါ်သင်းရွှေတို့ သားအမိထံမှ ထွက်ခွာလာပြီး တင်မောင်ဆွေသည် သူ၏ ရေးနိုးလ်ကားကလေးကို စုံထောက်ဌာနချုပ်သို့

www.burmeseclassic.com


မောင်းခဲ့လေသည်။ သူတွေ့ချင်သော စုံထောက်မှူးကြီး ကိုသောင်းဖေ အား... အဆင်သင့်ပင် တွေ့ရလေရာ တင်မောင်ဆွေလည်း မိမိစိတ်ထဲ သင်္ကာမကင်း ဖြစ်နေသော အချက်များကို အားလုံး ဖွင့်ပြောပြလိုက် လေတော့၏။

ကိုသောင်းဖေကား တင်မောင်ဆွေ ပြောပြသည့်အကြောင်း အရာများကို တအံ့တသြ နားထောင်ရာက တင်မောင်ဆွေ စကားဆုံး သွားလျှင် မျက်မှောင်ကြီးကြုတ်ကာ အခန်းထဲတွင် ထ၍ စကြံလျှောက် နေလေတော့၏။

ပြီးမှ တင်မောင်ဆွေအား လှည့်ကြည့်လိုက်လေသည်။

'တင်မောင်ဆွေ မင်းပြောတာတွေဟာ တော်တော့ကို ဆန်း လှတာပဲကွာ... ငါတော့... ယုံတောင် မယုံနိုင်ဘူး ဟုတ်မှ ဟုတ်ရဲ့ လားကွ'

'ကျွန်တော်က ဒီလိုပဲ ဖြစ်ရမယ်လို့ စဉ်းစားမိတာပဲ... ကိုသောင်းဖေ၊ သက်သေ အထောက်အထားတော့ ဘယ်လိုမှ မပြနိုင် သေးဘူး၊ ဒါပေမယ့်... ဒီလူတွေရဲ့ နောက်ခြေလှမ်းကို စောင့်ကြည့်ရ မှာပဲ'

'သော့ဝိစ္စာ ဘကျင် အသတ်ခံရတဲ့ ကိစ္စဟာ ဒါလောက်ကြီး ကျယ်လိမ့်မယ်လို့ ငါ မထင်ခဲ့မိဘူးကွာ... ပြီးတော့... မင်းပြောတဲ့ ရောမကြီးတဲ့ လူ့ဘီလူးကြီး ဆိုတာကလည်း ရှိနိုင်ပါ့မလားကွ...'

'ကျွန်တော့် မျက်စိနဲ့တပ်အပ် တွေ့ခဲ့ရတာပဲ... ကိုသောင်း ဖေ၊ ကျွန်တော် ဂျူဒို တတ်ထားပေလို့သာ မနေ့ညက ဘကျင်နောက်ကို မလိုက်ရတာပဲ...'

ကိုသောင်းဖေလည်း ဆေးပြင်းလိပ်ကြီးကို ပါးစပ်တွင်ဝါး ကာ တွေနေလိုက်ပြီး နောက်မှ ရုတ်တရက် စိတ်ဆုံးဖြတ်လိုက်သည့်

www.burmeseclassic.com


အလား ခေါင်းကို ညိတ်လိုက်လေ၏။

ထို့နောက် သူ့စားပွဲဆီသို့ လျှောက်သွားကာ စားပွဲပေါ်မှ ခေါင်းလောင်းကလေးကို နှိပ်လိုက်ပြီး ဝင်လာသော ရဲကြပ်တစ်ယောက်အား မိမိ၏လက်ထောက် ရဲအုပ် ကိုဘရွှေအား အမြန်ဆုံးလွှတ် လိုက်ရန် မှာကြားလိုက်လေ၏။

ထိုအခါမှ တင်မောင်ဆွေလည်း ပြုံးနိုင်တော့ပြီး စီးကရက်တစ်လိပ်ကို မီးညှိသောက်နေစဉ် ရဲအုပ်ကိုဘရွှေ ဝင်လာလေ၏။

'ဘရွှေ... ငါပြောတာကို သေသေချာချာ နားထောင်စမ်း၊ ဗဟန်းနှစ်လမ်းမှာ နေတဲ့ ဒေါ်ရွှေသင်းနဲ့... မမြနှင်းတို့ အမျိုးသမီးနှစ်ယောက်ရဲ့ အိမ်ကို နေ့ရော ညပါ ၂၄နာရီ အစောင့်နှစ်ယောက်ချထားပေးဖို့ မင်း စီစဉ်ပေတော့... အစောင့်နှစ်ယောက်စလုံးကို သေနတ်ပေးထား... အမျိုးသမီးတွေ အပြင်ထွက်ရင်လည်း လိုက်စောင့်ရှောက်ရမယ်... နားလည်ရဲ့လား...'

'နားလည်ပါတယ် အစ်ကိုကြီး၊ ကျွန်တော်အခုပဲ စီစဉ်လိုက်ပါ့မယ်'

'ပြီးတော့... လှည်းကူး ရဲဌာနကိုလည်း တယ်လီဖုန်းဆက်လိုက်စမ်း... ဒီည ၁၁နာရီမှာ ငါတို့ ဖိုးထောင်ကရင်ရွာနားက မှင်စာကုန်း ဆိုတာမှာရှိတဲ့ ဒေါက်တာ ဓာစကီ အိမ်ကိုလည်း ဝင်ရှာမလို့...'

ကိုဘရွှေက သွက်လက်စွာ ထွက်သွားလျှင် ကိုသောင်းဖေသည် တင်မောင်ဆွေအား လှမ်းကြည့်လိုက်လေသည်။

'စဉ်းစားကြည့်လိုက်တော့... မင်း ပြောတာဟာ ဖြစ်နိုင်တာပဲ... တင်မောင်ဆွေ၊ ဒေါက်တာ ဓာစကီကို တို့ မသင်္ကာလို့ ခေါ်စစ်ခဲ့ဖူးတာ မင်းသိမှာပေါ့'

'အဲဒါနဲ့ ပတ်သက်လို့ ခင်ဗျားကို ကျုပ် မေးရဦးမယ်...

www.burmeseclassic.com


ကိုသောင်းဖေ၊ ခင်ဗျားတို့ ခေါ်စစ်တုန်းက သူ ဘာတွေလုပ်နေတယ် ဆိုတာကို သိခဲ့ရရဲ့လား'

'သူ ဘာတွေလုပ်တယ် ဆိုတာကိုတော့... ငါတို့ အတိအကျ မသိခဲ့ရပါဘူး၊ ဒါပေမယ့်... သူ ဘာလုပ်ဖို့ ကြံနေတယ်ဆိုတာကို တော့... ငါ အရိပ်အမြွက် သိခဲ့ရပါရဲ့... ဒီဆရာဝန်က ခပ်ကြောင် ကြောင်ရယ်ကွ'

'ဆိုစမ်းပါဦး ဘာတွေ သိခဲ့ရတာလဲ...'

'သူ့ကို တို့ရဲဘက်က ခေါ်စစ်တော့... သူက ဆရာဝန် တစ်ယောက်ဖြစ်ပြီး ထူးခြားတဲ့ စမ်းသပ်မှု တစ်ခုကို လုပ်ဖို့ လေ့လာ နေတာပါလို့ ပြန်ဖြေခဲ့တယ်။ ဘယ်လို စမ်းသပ်မှုလဲ ဆိုတာကို မေး ကြည့်တော့... သူဟာ လူ့သဘာဝကို ပြောင်းလဲဖို့ ကြံစည်နေတယ်တဲ့ လေ...'

'လူ့သဘာဝကို သူက ဘယ်လို ပြောင်းလဲပစ်မှာတဲ့လဲ...'

'သူ့အယူအဆက တော်တော့်ကို စက်ဆုပ်စရာကောင်းတာ ပဲကွ... ကလေးငယ်တစ်ယောက်ကို ငယ်ငယ်ကလေးကစပြီး တိရစ္ဆာန် တစ်ကောင်လို အရိုင်းမွေးထားရင် ဒီကလေးဟာ တကယ့်ကိုလူတစ် ယောက်အနေနဲ့... ကာယဗလ အတောင့်တင်းဆုံး အကျန်းမာဆုံး ဖြစ်လာနိုင်တယ်တဲ့။ ဒီလိုဖြစ်လာအောင်လည်း ကလေးရဲ့... ဦးနှောက် ကို အားပေးတဲ့ သဘာဝ အင်နာဂျီအားတွေကို ကြွက်သားနဲ့ အရိုးတွေ ဆီ လွှဲပြောင်းပေးရမတဲ့။ အဲသလို လုပ်လိုက်ရင် ဒီကလေးဟာ ကြီး လာတဲ့အခါမှာ ကလေးတစ်ယောက်ရဲ့ ဦးနှောက်အသိဉာဏ်သာ ရှိနေ ပေမယ့် သူ့ခန္ဓာကိုယ်ကတော့... အသန်စွမ်းဆုံး၊ အကျန်းမာဆုံး ဖြစ်နေတော့မှာပဲတဲ့...'

တင်မောင်ဆွေက ဖြည်းညင်းစွာ လေချွန်လိုက်လေ၏။

www.burmeseclassic.com


'ကျွန်တော်နဲ့ ကိုဘကျင် တွေ့ခဲ့ရတဲ့... လူ့ဘီလူးကြီးလို အကောင်မျိုးပဲပေါ့ ကိုသောင်းဖေ'

ကိုသောင်းဖေက ခေါင်းညိတ်ကာ ရုတ်တရက် စားပွဲကို လက်သီးနှင့် ထုလိုက်လေ၏။

'ဟုတ်တယ်... သူပြောတုန်းက တို့က သူ့ကို သိပ်မယုံကြည်ခဲ့ဘူး၊ သူ့ကို ခပ်ကြောင်ကြောင် ဆရာဝန်လို့ပဲ ထင်မိခဲ့ကြတယ်... ဒါပေမယ့် တို့က သူ့ကို... တာဝန်ရှိတဲ့အတိုင်းတော့ သတိပေးလိုက်ပါတယ်၊ လူတစ်ယောက်ကို ဒီလိုဖြစ်အောင် ဆေးပညာနဲ့ စမ်းသပ်ပြုလုပ်တာဟာ... တရားမဝင်ဘူးလို့... အခုတော့ သူ့ စမ်းသပ်မှုအောင်မြင်သွားပြီ ထင်ပါရဲ့...။ အေး... ညကျတော့ သူ့အိမ်မှာ သွားရှာလို့ မင်းပြောတဲ့ ဘီလူးကြီးမျိုးကို တွေ့ရရင် ဒီဆရာဝန်ရူးကို ဖမ်းချုပ်နိုင်မှာပဲကွ...'

တင်မောင်ဆွေကလည်း ထိုအတိုင်း ဖြစ်ပါစေဟု ကြိတ်၍ ဆုတောင်းလိုက်မိလေ၏။

◆ ◆ ◆

www.burmeseclassic.com

## - ၁၂ -

အိပ်ရာမှနိုးကာစ တင်မောင်ဆွေသည် တံခါးခေါင်းလောင်းသံ ကြားလိုက်ရသဖြင့် ကော်ဖီသောက်ရင်းတန်းလန်းက တံခါးထဖွင့်ပေးလိုက်ရာ... မမြနှင်း ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

'အလို... အနှင်းပါလား... အကြောင်းများ ထူးသလားဟင်'

တင်မောင်ဆွေက အံ့အားသင့်စွာ မေးပြီး... မမြနှင်းအား တိုက်ခန်းထဲသို့ ခေါ်သွင်းလာခဲ့လေသည်။

'အကြောင်းထူးလို့တော့ မဟုတ်ပါဘူး... ဒါပေမယ့် ကိုဆွေကို ပြောစရာရှိလို့ပါ၊ မနက်အစောကြီး လာနှောင့်ယှက်ရာများ ကျနေပြီလားဟင်'

ယခုမှ အိပ်ရာနိုးစ ဖြစ်ဟန်ရှိသော တင်မောင်ဆွေအား ကြည့်၍ မမြနှင်းက အားနာသလို ပြောလိုက်လေသည်။

'မဖြစ်ပါဘူး အနှင်းရ... အနှင်းရောက်လာတာ အတော်ပဲ... အခုပဲ ကိုဆွေ ကော်ဖီ သောက်နေတာ... အနှင်းလည်း ကော်ဖီ သောက်လိုက်ပါဦး... လတ်လတ်ဆတ်ဆတ် မှော်ဘီကြက်ဥတွေ

www.burmeseclassic.com


လည်း ရှိတယ်... အပြုတ်ကြိုက်သလား... အကြော်ကြိုက်သလား ပြော'

မမြနှင်းလည်း ရယ်ရယ်မောမောနှင့်ပင် တင်မောင်ဆွေနှင့် အတူ ထမင်းစားခန်းထဲသို့ လိုက်သွားရလေသည်။

ကြက်ဥ မကျက်တကျက်ပြုတ်နှင့် ကော်ဖီကို စားသောက်ကြရင်းက...

မမြနှင်းသည် သူလာရောက်ရသည့် ကိစ္စကို ရှင်းပြလေသည်။

'ဒီလို ကိုဆွေရဲ့... ညက မေမေနဲ့ ကျွန်မ ကိုဆွေပြောသွားတဲ့အကြောင်းတွေကို ဆွေးနွေးကြရင်းနဲ့ မေမေက သူ့ဘွားကြီးချန်ကီတုဟာ ဆောက်ထားခဲ့တဲ့ သင်္ချိုင်းဂူကြီးအကြောင်းကို ပြောပြတယ်'

'သင်္ချိုင်းဂူကြီး ဟုတ်လား'

'ဟုတ်တယ်... တရုတ်တွေဟာ သင်္ချိုင်းကို အထွတ်တမြတ်ထားကြတာ ကိုဆွေ သိမှာပေါ့... ချန်ကီတုဟာလည်း သူ မသေခင်က သူသေရင် မြှုပ်ဖို့ဆိုပြီး သင်္ချိုင်းဂူကြီးတစ်ခုကို ဆောက်ထားခဲ့ပါတယ်... အဲဒီ ဂူကြီးဟာ... ကျောက်ဖြူသားတွေနဲ့ တခမ်းတနား ဆောက်ထားတာတဲ့ ကိုဆွေ... ပြီးတော့ ချန်ကီတုဟာ အဲဒီဂူကြီးထဲမှာပဲ... သူတစ်ယောက်ကလွဲလို့ တခြားလူ ဘယ်သူမှ မဝင်ရတဲ့ အလုံခန်းကြီး တစ်ခုကိုလည်း ထားခဲ့သတဲ့...။ အဲဒီ အခန်းရဲ့ တံခါးကိုလည်း အခိုင်အခံ့ လုပ်ထားခဲ့ပြီး... သော့ ခုနစ်ပေါက် လုပ်ထားခဲ့သတဲ့'

'သော့ ခုနစ်ပေါက်တံခါးကြီး ဟုတ်လား'

တင်မောင်ဆွေသည် တော်တော်ပင် စိတ်အားထက်သန်လာခဲ့မိတော့၏။ သော့ဝိစ္ဆာဘကျင် အသတ်ခံရမယ့် ညက ပြောခဲ့သော

www.burmeseclassic.com


စကားများကို သူက ချက်ချင်းပြန်၍ သတိရလာမိသောကြောင့်... ဖြစ်လေသည်။ သော့ဝိဇ္ဇာဘကျင်က တစုံတစ်ယောက်သာသူက ငွေပုံပေး၍ လျှို့ဝှက်စွာခေါ်သွားပြီး ဖွင့်ခိုင်းခဲ့သည့် တံခါးကြီးမှာလည်း သော့ခုနစ်ပေါက်ရှိသော တံခါးကြီးပင် မဟုတ်ပါလား။

'ဟုတ်တယ် ကိုဆွေ... အဲဒီ တံခါးကြီးကို သော့ ခုနစ်ချက်နဲ့မှ ဖွင့်လို့ရတယ်တဲ့...။ ဖေဖေက တစ်ခါသွားကြည့်ခဲ့ပြီး မေမေ့ကို ပြန်ပြောပြဖူးသတဲ့... ဒါနဲ့ ဟိုးဝမ်း က ကျွန်မတို့ကိုပေးခဲ့တဲ့ သော့ကြီးဟာ ဒီတံခါးကြီးကို ဖွင့်ရတဲ့ သော့တစ်ခုများ ဖြစ်နေမလားလို့ ကျွန်မတို့ စဉ်းစားမိပြီး ကျွန်မလည်း ညကပဲ ဦးကံထားဆီကို ဖုန်းဆက်ပြီး အဲဒီ သချိုင်းဂူကြီးကို သွားကြည့်ပါရစေလို့ အခွင့်တောင်းတော့ ဦးကံထားကလည်း ဒီကနေ့ သူ့ကားနဲ့ လိုက်ပို့ပါ့မယ်လို့ ပြောတယ်...။ အဲဒါ ကိုဆွေပါ လိုက်မလားလို့...'

'လိုက်ခဲ့မှာပေါ့ အနှင်းရယ်... ဒီသချိုင်းဂူကြီးအကြောင်းကို ကိုဆွေ သိရတာ တော်တော် ဟန်ကျတာပဲ၊ ဘယ်မှာ ရှိသတဲ့လဲ'

'လှည်းကူးနားက ချန်ကီဟုနေခဲ့တဲ့ ရော်ဘာခြံကြီးထဲမှာ ပဲ ကိုဆွေ... ချန်ကီဟု အသက်ရှိစဉ်တုန်းက အဲဒီ ရော်ဘာခြံကြီး ထဲမှာ တိုက်ကြီးတစ်လုံးဆောက်ပြီး နေခဲ့တယ်... သချိုင်းဂူကြီးကို လည်း အဲဒီ ရော်ဘာခြံကြီးထဲမှာပဲ ဆောက်ထားခဲ့တာပဲ...'

'လှည်းကူးနားမှာဆိုတော့ ဖိုးထောင်ရွာနဲ့ အနီးကလေးမှာပဲ ထင်တယ်... ကဲ... အနှင်း... ခဏစောင့်နေဦးနော်... ကိုဆွေ မြန်မြန်ရေချိုးပြီး အဝတ်လဲလိုက်ဦးမယ်...။ ပြီးတော့ ကိုဆွေ ဘဏ် သွားပြီး အနှင်းရဲ့ ကြေးသော့ကြီးနဲ့ ကိုဆွေ တခြားက ရထားတဲ့ သော့ကြီးကို ထုတ်ယူရဦးမယ်'

'အချိန်ရှိပါသေးတယ် ကိုဆွေ... ဦးကံထားက နေ့ခင်းနှစ်

www.burmeseclassic.com


နာရီမှ သူ အားမှာတဲ့...။ နှစ်နာရီခွဲမှာ သူက ကားနဲ့အနှင်းတို့အိမ်မှာ လာခေါ်ဖို့ ချိန်းထားတာတဲ့...'

ထိုနေ့ခင်း နှစ်နာရီခွဲကျော်ကျော်တွင်ကား ဦးကံထားသည် သူ၏ ဖောက်ဆောဖစ်ကာ ကားကြီးပေါ်တွင် မမြနှင်းနှင့် တင်မောင်ဆွေတို့အား တင်ဆောင်ကာ လှည်းကူးဘက်သို့ မောင်းထွက်ခဲ့ကြလေသည်။

'ဒီသချိုင်းဂူကြီးဟာ သွားကြည့်ဖို့ ထူးဆန်းတဲ့ နေရာတစ်ခုပါပဲ ဦးတင်မောင်ဆွေ...'

ဟု ဦးကံထားက လမ်းတွင် တင်မောင်ဆွေအား ပြောပြခဲ့လေသည်။

'စစ်ကြီး မဖြစ်ခင်ကလေးကမှ ချန်ကီဟုာဟာ သူသေရင် အဲဒီမှာ ဂူသွင်းဖို့ဆိုပြီး ငွေကုန်ကြေးကျခံလို့ ဆောက်ခဲ့တာပါပဲ...။ တရုတ်ပြည်က သပ်သပ်မှာယူတဲ့ ကျောက်ဖြူပြားကြီးတွေနဲ့ ဆောက်ထားခဲ့တာ။ သချိုင်းဂူလို့ မထင်ရဘဲ အပြင်ကနေကြည့်ရင် သိပ်ကိုခမ်းခမ်းနားနား ဖြစ်နေတော့တာပေါ့...။ သူနဲ့တကွ... သူ့သားစဉ်မြေးဆက် အဲဒီဂူထဲမှာ ဂူသွင်းဖို့ သူက ရည်ရွယ်ခဲ့တာကလား'

'သချိုင်းဂူကြီးထဲမှာ သော့ ခုနစ်ချက်နဲ့မှ ဖွင့်လို့ရတဲ့ အခန်းကြီးတစ်ခန်း ထားခဲ့တယ် ဆိုတာကရော ဦးကံထား'

ဦးကံထားအား တင်မောင်ဆွေက ပြန်မေးလိုက်ခြင်း ဖြစ်လေသည်။

'အား... ဟုတ်တယ်... အဲဒီ အခန်းကြီးဟာ တော်တော်ဆန်းတာပဲ ဦးတင်မောင်ဆွေ... ဒီအခန်းကြီးကို ချန်ကီဟုာက ဘာရည်ရွယ်ချက်နဲ့ ထားခဲ့တယ် ဆိုတာကို ဘယ်သူကမှ မသိခဲ့ကြရပါဘူး... ကျွန်တော့်ကိုတောင် ဖွင့်ပြောမသွားခဲ့ပါဘူးလေ...'

www.burmeseclassic.com


'ကျွန်တော်လည်း ကြည့်ချင်တာပဲပေါ့... ဒီအခန်းထဲမှာ ချန်ကီဗှာက ဘာများ လျှို့ဝှက် ထားခဲ့သလဲဆိုတာ ကျွန်တော်လည်း သိချင်တာပဲ... ဒါပေမယ့် ကျွန်တော့်ဆီမှာ တံခါးသော့တွေမှ မရှိတာပဲ... ခင်ဗျားဆီမှာ ပါလာတဲ့ သော့နှစ်ချောင်းဟာ အဲဒီ တံခါးက သော့တွေ ဖြစ်ဦးတော့ ကျန်ငါးချောင်းတောင် လိုနေသေးတာပဲ မဟုတ်လား'

တင်မောင်ဆွေလည်း ဖြည်းညင်းစွာ ခေါင်းညိတ်လိုက်ရလေ၏။ ဦးကံထားသည် တိတ်ဆိတ်စွာ အတန်ကြာအောင် ကားမောင်းနေလိုက်ပြီးမှ စကား စလာပြန်သည်။

'ကျွန်တော်က တစ်လတစ်ခေါက် ဆိုသလို ချန်ကီဗှာရဲ့ တိုက်ကြီးကို သွားကြည့်ရတယ်... မူလက ဒီတိုက်ကြီးမှာ လုပ်ခဲ့ကြတဲ့ အစေခံတွေကပဲ ဒီတိုက်ကြီးမှာ နေပြီး စောင့်ရှောက် ထားကြရတယ်။ မောင်စိန်လင်းတစ်ယောက် ခြေငြိမ်ပြီး အတည်တကျနေ တော့မယ်ဆိုရင် အဲဒီ တိုက်ကြီးမှာပဲ နေရမှာပဲ...'

ဦးကံထားသည် စကားကို ရပ်ထားလိုက်ရာက သူ့ဘေးမှ မမြနှင်းအား အပြုံးကလေးနှင့် လှည့်ကြည့်လိုက်လေသည်။

'ဦးလေးကတော့ မျှော်လင့်ထားခဲ့တာပဲ။ မောင်စိန်လင်း လက်ထပ်မယ့်သူငယ်မလေးဟာ ငါ့တူမကြီး မမြနှင်းပဲ ဖြစ်ပါစေလို့'

'အို... ဦးလေးကလည်း... မဖြစ်နိုင်တာပဲ၊ ကျွန်မတို့ဟာ တကယ်တော့ မောင်နှမတွေ တော်ကြတယ် မဟုတ်လား'

'မောင်နှမပေမယ့် သုံးဝမ်းကွဲတောင် ကွဲတာပဲကွယ်... ပြီးတော့ အမျိုးအချင်းချင်းထပ်တော့ ပိုတောင်မြတ်သေးတယ် ဆိုတဲ့ စကားလည်း ရှိတယ် မဟုတ်လား...'

'ကျွန်မဖြင့် သူ့ကို မြင်တောင် မြင်ဖူးတာ မဟုတ်ပါဘူး

www.burmeseclassic.com

ဦးလေးရယ်...'

'သူ မကြာခင် ဘန်ကောက်က ပြန်ရောက်လာတော့မှာပါ... ရောက်လာတော့မှ သူ့ကို ငါ့တူမကြီးနဲ့ မိတ်ဆက်ပေးရဦးမယ်...'

သူတို့ သုံးဦးသားသည် ညနေစောင်းလောက်တွင် ချန်ကီတ၏ ရော်ဘာခြံကြီးထဲသို့ ရောက်သွားကြလေသည်။ ရော်ဘာခြံဂိတ်ဝမှနေ၍ ကျောက်ခင်းလမ်းကလေးအတိုင်း တစ်ဖာလုံကျော်ကျော်မျှ သွားမိကြလျှင် ချန်ကီတ ဆောက်လုပ်ထားသော တိုက်ကြီးရှေ့တွင် ကားကိုရပ်မိကြလေ၏။

တိုက်ကြီးကား အမိုးကော့များနှင့် တရုတ်ပုံစံ ဆောက်လုပ်ထားကာ ပြုစုစောင့်ရှောက်ထားသဖြင့် သပ်သပ်ရပ်ရပ် သစ်သစ်လွင်လွင်ပင် ရှိနေသေးလေသည်။ ကားရပ်သွားသည်နှင့် တပြိုင်နက် အစေခံကြီးတစ်ယောက်က ပြေးဆင်းကြိုဆိုလေ၏။

တိုက်ကြီးအတွင်း၌လည်း အကောင်းစား အိမ်ထောင်ပရိဘောဂများနှင့် သစ်လွင်ခမ်းနားလျက်ပင် ရှိနေသည်ကို တင်မောင်ဆွေက တွေ့ရလေသည်။

'ဒီတိုက်ကြီးကို အခုလို ထိန်းသိမ်းထားရတဲ့ စရိတ်ကိုကပဲ တစ်လကို ငါးထောင်ကျော်လောက် ကုန်နေတယ် ဦးတင်မောင်ဆွေ၊ မောင်စိန်လင်းတစ်ယောက် ဒီတစ်ခါ ပြန်လာရင် ခြေငြိမ်ပြီး ဒီမှာနေပါစေတော့လို့ ကျုပ် ဆုတောင်းပါရဲ့ဗျာ'

ဦးကံထားသည် တင်မောင်ဆွေနှင့် မမြနှင်းအား တိုက်ကြီးကို အနှံ့လိုက်ပြကာ ကျယ်ဝန်းသော ထမင်းစားခန်းထဲတွင် လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံ ပြန်သည်။ ပြီးမှ ရွှေလက်ပတ်နာရီကိုငုံ့ကြည့်လိုက်ကာ ထိုင်ရာမှ ထလိုက်လေသည်။

'ကဲ နောက်တစ်နာရီဆိုရင် နေဝင်သွားတော့မှာ မိုးတွေက

www.burmeseclassic.com


အုံ့နေတယ်၊ ရွာများ ရွာမလား မဆိုနိုင်ဘူး။ သချိုင်းဂူကြီးကို ကြည့် ကြမယ်ဆိုရင် အခုပဲ သွားကြပါစို့’

ဦးကံထားက ရှေ့ဆောင်ကာ သူတို့သည် တိုက်ကြီးထဲမှ ထွက်ခဲ့ကြလေသည်။ ဦးကံထား၏ လက်ထဲတွင် လက်ဆွဲမီးအိမ်တစ်ခု ပါလာလေသည်။

တိုက်ကြီး၏နောက်ဘက် ကိုက်တစ်ရာခန့်တွင်ကား ထူထပ်သော ရော်ဘာတောအုပ်ကြီးတစ်အုပ် ရှိလေသည်။

‘သချိုင်းဂူကြီးကို ချန်ကီဗုာက အဲဒီ တောအုပ်ကြီးထဲမှာ ဆောက်ထားတာဗျ၊ ကဲ ခပ်သုတ်သုတ် လျှောက်ကြရအောင် မိုးမိနေဦးမယ်’

ရော်ဘာ တောအုပ်ကြီးထဲသို့ ဦးကံထားကရှေ့ဆောင် ဝင်ခဲ့ကြပြီးနောက် မိုင်ဝက်မျှ လျှောက်မိကြသော် တောအုပ်ကြီး၏ ကွက်လပ်တစ်ခုတွင် တရုတ်ပုံစံ ဆောက်လုပ်ထားသည့် သချိုင်းဂူကြီးကို ဘွားခနဲ တွေ့ကြရလေသည်။ ကျောက်ပြားနှင့် ဆောက်လုပ်ထားရာ ဖြူဖွေးနေပြီး လိပ်ခုံးသဏ္ဌာန်ရှိသည့် အမိုးကြီးကိုတော့ ကျောက်စိမ်းရောင် ဆေးသုတ်ထားလေသည်။

အဝင်တံခါးဝတွင်ကား တရုတ်နဂါးကြီးနှစ်ကောင် ပန်းပုလက်ရာများကို တွေ့ရလေသည်။ အဝင်တံခါးမကြီးမှာ သံတိုင်များ ကာရံထားသည့် တံခါးကြီး ဖြစ်နေရာ တင်မောင်ဆွေက ကျေနပ်စွာ ခေါင်းညိတ်လိုက်မိလေသည်။ သော့ဝိဇ္ဇာ ဘကျင် ရောက်ခဲ့သည့် နေရာသည် ဤသချိုင်းဂူကြီးပင် ဖြစ်သည်မှာ သေချာသလောက် ဖြစ်နေ၏။

ဦးကံထားသည် ပထမ ယူလာသော မီးအိမ်ကို ထွန်းလိုက်လေသည်။ ပြီးမှ ၎င်း၏ သော့တွဲမှ သော့တစ်ချောင်းနှင့် သံတိုင်တံခါး

www.burmeseclassic.com


ကြီးကို ဖွင့်လိုက်ကာ ငှင်းကပင် ရှေ့ဆောင်လျက် လှေကားထစ်များ အတိုင်း ဂူတွင်းသို့ ဆင်းဝင်ခဲ့ကြလေသည်။

ဦးကံထား ကိုင်ထားသည့် မီးအိမ်မှ အလင်းရောင်သည် ဂူကြီးထဲတွင် လွှမ်းမိုးနေသော အမှောင်ထုကြီးကို လုံးလုံးလျားလျား မဖြိုခွင်းနိုင်ဘဲ ရှိလေသည်။ လှေကားထစ်များ အဆုံးတွင် နောက်ထပ် ၍ သံတံခါးတစ်ခုကို တွေ့ရပြန်သည်။ ထိုတံခါးကို ဖွင့်ပြီး ဝင်လိုက် ကြလျှင်ကား အကျယ် ၁၀ ပေ၊ အရှည် ၂၅ ပေခန့်ရှိသည့် ခန်းမကြီး ရှိကာ သူဌေးကြီးချန်ကီဟွာ၏ အလောင်းမြှုပ်ထားရာ ကျောက်သား အုတ်ဂူကြီးက အလယ်တွင် တခမ်းတနား ရှိနေလေသည်။

ဦးကံထားသည် မီးအိမ်ကြီးကိုမြှောက်ပြကာ အခန်းရှည်ကြီး ၏ တစ်ဖက်သို့ ညွှန်ပြလိုက်လေသည်။ မှုန်ဝါးသော မီးရောင်အောက် တွင် မည်းနက်သော ဆေးသုတ်ထားသည့် သံတံခါးကြီးတစ်ချပ်က ကာဆီးနေလေ၏။

'ခင်ဗျားတို့ ကြည့်ချင်တဲ့ အခန်းက အဲဒီ တံခါးကြီးနောက် မှာပဲ ဦးတင်မောင်ဆွေ... ဒါပေမယ့် ခင်ဗျားတို့ ဝင်လို့တော့ ရမယ် ဟုတ်ပါဘူး၊ ဒီအခန်းကြီးထဲကို သူဌေးကြီး ချန်ကီဟွာကလွဲလို့ ဘယ်သူ မှ မဝင်ခဲ့ကြဖူးသေးပါဘူး'

တင်မောင်ဆွေသည် ဦးကံထား၏ လက်ထဲမှ မီးအိမ်ကို ယူလိုက်ကာ သံတံခါးကြီးဆီသို့ လျှောက်လာခဲ့လေသည်။ ထို့နောက် မီးရောင်ဖြင့် တံခါးကြီးကို သေချာစွာ စစ်ဆေး ကြည့်ရှုရာ... ဘကျင် ပြောခဲ့သည့်အတိုင်းပင်... သံနှင့်အတိပြီးကာ ထုထဲခိုင်ခံ့လှပြီး သော့ ပေါက်ခုနစ်ပေါက် ရှိနေသည်ကို တွေ့ရလေသည်။

'ဒီတံခါးကြီးနောက်မှာ... ဘာတွေများ ရှိနေမလဲဗျ...'

တင်မောင်ဆွေက ပြောလိုက်ရာ... ဦးကံထားက ခေါင်းကို

www.burmeseclassic.com


ဖြည်းညင်းစွာ ယမ်းခါလိုက်လေ၏။

'ဘယ်သူမှ မသိပါဘူး… သူဌေးကြီးချန်ကီဝှာဟာ… ဒီအခန်းကြီးရဲ့ လျှို့ဝှက်ချက်ကို သူနဲ့အတူ သင်္ချိုင်းထဲကို ယူသွားခဲ့တာပဲ'

'ကိုဆွေ… ဟိုးဝမ်ဆီက ကျွန်မရခဲ့တဲ့ သော့ကြီးနဲ့… ဒီတံခါးက သော့ပေါက်များ တန်နေမလား မဆိုနိုင်ဘူး…'

တင်မောင်ဆွေကို မမြနှင်းက ပြောလိုက်ခြင်း ဖြစ်လေသည်။ သူမသည် သင်္ချိုင်းဂူကြီးထဲသို့ ဝင်ရောက်နေရသည့်အတွက် မသိမသာ စိတ်တုန်လှုပ် ချောက်ချားနေပုံလည်း ရလေသည်။

တင်မောင်ဆွေလည်း ခေါင်းညိတ်ကာ သော့ကြီးကို ထုတ်ယူရန် ကုတ်အင်္ကျီအိတ်အတွင်းသို့ လက်နှိုက်လိုက်စဉ်… သင်္ချိုင်းဂူကြီး၏ တံခါးမကြီးဆီမှ ဂျိုင်းကနဲ အသံကြီးတစ်ခုကို ကြားလိုက်ရလေ၏။

မမြနှင်းသည် ကိုယ်လုံးကလေး ဆတ်ခနဲ တုန်သွားကာ တင်မောင်ဆွေ့လက်မောင်းအား တင်းကြပ်စွာ ဖက်ထားလိုက်လေသည်။

'ဘာလဲ ကိုဆွေ… ဘာသံကြီးလဲဟင်'

'တံခါးပိတ်သွားသံပဲဗျို့…'

ဦးကံထားကလည်း မျက်စိ၊ မျက်နှာပျက်လျက် တုန်တုန်ယင်ယင် ပြောလိုက်လေသည်။ တင်မောင်ဆွေသည် မီးအိမ်ကိုဦးကံထား၏ လက်ထဲသို့ ထိုးထည့်ပေးလိုက်လေသည်။

'ကဲ… ဦးကံထား အနှင်းကို ကြည့်ထားစမ်းပါ… ကျွန်တော် သွားကြည့်လိုက်ဦးမယ်…'

တင်မောင်ဆွေသည် မမြနှင်းအား၏ ဦးကံထားနှင့်အတူ ထားခဲ့ပြီး ခပ်သွက်သွက် သင်္ချိုင်းဂူခန်းမကြီးထဲမှ ထွက်ခဲ့လေသည်။

www.burmeseclassic.com


လှေကားအောက်ဆုံးထစ်မှ သံတိုင်တံခါးသည် ပွင့်လျက်သားပင် ဖြစ် နေသော်လည်း အပေါ်ဆုံးထစ်မှ သံတံခါးကြီးကား ပိတ်လျက်သား ဖြစ်နေလေသည်။ တွန်းဖွင့်ကြည့်သော်လည်း မရတော့ချေ။ အပြင်မှ နေ၍ တစ်စုံတစ်ယောက်က သော့ခတ်သွားခဲ့ပြီ ဖြစ်၏။

ရွာရန် မြိမ်းခြောက်နေသည့် မိုးကား ယခုတော့ တော်တော် ပင် သည်းသည်းမည်းမည်း ရွာချနေ၏။ လျှပ်စစ်များမှာလည်း တဝိုးဝိုး တဝင်းဝင်း လက်နေသည်။

တင်မောင်ဆွေသည် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရာ မြေပြင်ပေါ်တွင် ထူးခြားစွာ ကြီးမားလှသည့် ခြေရာကြီးများကို တွေ့ လိုက်ရလေသည်။

ထိုခြေရာရှင်ကား သူ မနေ့ညက တွေ့ခဲ့ရသော လူဘီလူး ကြီးပင် ဖြစ်ရမည်မှာ သေချာနေတော့၏။ တင်မောင်ဆွေသည် ပခုံး စလွယ်အိတ်နှင့် ထည့်ယူလာသော သူ၏ လျှူဂါသေနတ်ကို ထုတ်ယူ လိုက်လေသည်။

ထိုစဉ်မှာကပင် သူ့နောက်မှ ဦးကံထားနှင့် မမြနှင်းတို့က တက်လာကြလေသည်။

'ဘာဖြစ်တာလဲ ဦးတင်မောင်ဆွေ'

ဦးကံထားက မသိမသာ တုန်ယင်သော အသံနှင့် မေးလိုက် လေသည်။

'တံခါးကြီးကို တစ်ယောက်ယောက်က အပြင်ကနေ သော့ ခတ်ပိတ်သွားပြီဗျ။ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ခင်ဗျားသော့ကို ပေး စမ်း... ကျုပ် သံတိုင်ကြားက လက်လျှိုပြီး... ဖွင့်လိုက်မယ်'

ဦးကံထားသည် ကပျာကရာ သူ့သော့တွဲမှ သော့တစ်ချောင်း ကို ထုတ်ပေးလိုက်လေသည်။ တင်မောင်ဆွေလည်း သံတိုင်ကြားမှ

www.burmeseclassic.com


သူ့လက်မောင်းတစ်ဖက်ကို လျှိုသွင်းကာ သော့ကို ကြိုးစား၍ ဖွင့် လိုက်ရာ ခေတ္တအကြာတွင် သော့ပွင့်သွားလေ၏။

တင်မောင်ဆွေကပင် ရှေ့ကဆောင်လျက် ညာလက်တွင် လျှူဂါသေနတ်ကို အသင့်ကိုင်ပြီး တံခါးမကြီးမှ ထွက်ခဲ့ကြလေသည်။ တင်မောင်ဆွေသည် ပတ်ဝန်းကျင်တွင် မျက်စိကစားနေမိရာ လျှပ်စစ် တစ်ချက် ဝင်းခနဲ လက်အသွားတွင် ခပ်လှမ်းလှမ်းရှိ ရော်ဘာပင် အုပ်စုအောက်မှ တစ်နေရာရာတွင် ချောင်းမြောင်းခိုကပ်နေသည့် မည်း မည်းသဏ္ဌာန်ကြီးတစ်ခုကို ရိပ်ခနဲ တွေ့လိုက်ရလေ၏။

တင်မောင်ဆွေကလည်း ချက်ချင်းပင် လျှူဂါသေနတ်ကို ထိုနေရာသို့ ချိန်၍ နှစ်ချက်ဆင့်၍ မောင်းဖြုတ်ချလိုက်လေသည်။

'အမယ်လေး... ကိုဆွေ... ဘာဖြစ်တာလဲဟင်... ဘယ် သူ့ကို ပစ်တာလဲဟင်...'

မမြနှင်းက အလန့်တကြား မေးလိုက်လေသည်။

'အနှင်း... နောက်ဆုတ်နေစမ်း... ရှေ့မှာ ရန်သူ တစ် ယောက် ရှိနေတယ်...'

'ဘာရန်သူလဲ ဦးတင်မောင်ဆွေ'

ဦးကံထားကလည်း အလန့်တကြား မေးလိုက်လေသည်။ တင်မောင်ဆွေကလည်း ခပ်ဆတ်ဆတ် မေးလိုက်လေသည်။

'ခင်ဗျားကို ကျုပ် တာဝန်တစ်ခု ပေးပါရစေ... ခင်ဗျား မမြနှင်းကိုခေါ်ပြီး တိုက်ကြီးကို အရောက်ပြန်ပါ...။ ကျုပ် နောက်က လိုက်ခဲ့မယ်...'

'ခင်ဗျားပါ တစ်ခါတည်း လိုက်ခဲ့ပါလား'

'သွားစမ်းပါလေ... ကျုပ်ပြောတာကို နားထောင်စမ်းပါ'

ဦးကံထားက မမြနှင်းအားခေါ်ကာ တိုက်ကြီးရှိရာဘက်သို့

www.burmeseclassic.com


ခပ်သုတ်သုတ် လျှောက်သွားကြသည့်အခါတွင် တင်မောင်ဆွေသည် သေနတ်ကို အသင့်ကိုင်ကာ သဏ္ဍာန်ကြီးကိုတွေ့လိုက်ရသော နေရာဆီသို့ သတိထား၍ ချဉ်းကပ်ခဲ့လေသည်။ သို့ရာတွင် ထိုနေရာသို့ ရောက်သွားသည့်အခါတွင်ကား ထိုသဏ္ဍာန်ကြီးကိုမတွေ့ရတော့ဘဲ ရှိလေသည်။ တင်မောင်ဆွေသည် အနီးအနားပတ်ဝန်းကျင်တွင် လက်နှိပ်ဓာတ်မီးနှင့်ထိုးလျက် ရှာဖွေကြည့်ရှုစဉ် သူ့ခြေထောက်များက မြေကြီးပေါ်တွင်ရှိနေသောအရာဝတ္ထုတစ်ခုကို ခလုတ်ဝင်တိုက်မိလေ ရာ ကိုယ်ရှိန်မသတ်နိုင်ဘဲ လဲကျသွားတော့မည်ကဲ့သို့ ဖြစ်သွားလေသည်။

ပြီးမှ ခလုတ်တိုက်မိသောအရာကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်မိရာ ဆေးနီရောင်သုတ်ထားသည့် မီးသတ်ဗူးနှင့်တူသော အရာဝတ္ထုကြီးတစ်ခုဖြစ်နေသည်ကို တွေ့ရလေသည်။ ဗူးကြီး၏ဘေးတွင် ကပ်ထားသောစာရွက်တစ်ရွက်ကား 'ကလိုရိုင်းဓာတ်ငွေ့အဆိပ်' ဟု အင်္ဂလိပ်စာများရေးထားလေ၏။

တင်မောင်ဆွေကား အံကြီးကိုကျိုးခနဲ ကျိတ်လိုက်မိလေသည်။

'တော်တော် အကြံပက်စက်ကြပါကလားဟင်၊ တို့တစ်တွေ သချိုင်းဂူကြီးထဲမှာရှိနေတုန်း ဒီဓာတ်ငွေ့ကို အထဲလွှတ်ပြီး အသေသတ်ဖို့ကြံကြတာကိုး'

မကျေမချမ်း တစ်ယောက်တည်းရေရွတ်လိုက်မိရင်းက တင်မောင်ဆွေသည် သေနတ်ကိုအသင့်ကိုင်ကာ အနီးအနားပတ်ဝန်းကျင် တစ်ဝိုက်တွင် ရှာဖွေကြည့်ရှုမိပြန်သည်။ သို့ရာတွင် လူဘီလူးကြီး၏ သဏ္ဍာန်ကိုကား အရိပ်အယောင်မျှပင် မတွေ့ရတော့ချေ။

နောက်ဆုံးတွင် တင်မောင်ဆွေသည် စိတ်ကို ကြိုးစား၍တင်း

www.burmeseclassic.com


ကာ သချိုင်းဂူကြီးဘက်သို့ ပြန်လျှောက်လာခဲ့လေသည်။ ဂူကြီးအတွင်း ဝယ် သူ လုပ်စရာအလုပ်တစ်ခုက ကျန်ရှိနေသေးပေသည်။

သည်းသည်းမည်းမည်းရွာနေသော မိုးသည် စဲသွားခဲ့ပြီ ဖြစ်လေသည်။ ဂူကြီး၏ သံတိုင်တံခါးကို သူသည် အသာဆွဲဖွင့်လိုက်ကာ လှေကားထစ်များကို တစ်ထစ်ချင်းဆင်းခဲ့လေသည်။ လက်နှိပ်ဓာတ်မီးရောင်အောက်တွင် ဂူကြီး၏အမှောင်ထုမှာ ပို၍သာ ထူထပ်သိပ်သည်းနေသည်ဟု ထင်မှတ်ရလေသည်။

တင်မောင်ဆွေ၏ ခြေသံများသည် ခန်းမကြီးထဲတွင် ပဲ့တင်ထပ်သလို ကျယ်လောင်လှလေ၏။ တင်မောင်ဆွေသည် သော့ ၇ပေါက်ရှိသော တံခါးကြီးရှေ့တွင် ရပ်လိုက်ကာ သူ့အိတ်ထဲတွင်ပါလာသော ကြေးသော့ကြီးနှစ်ချောင်းကိုထုတ်ယူ၍ တစ်ချောင်းပြီးတစ်ချောင်းကို သော့ပေါက်များတွင်ထိုးထည့်၍ စမ်းဖွင့်နေလိုက်လေသည်။ သော့နှစ်ချောင်းစလုံးပင် သော့ပေါက်နှစ်ပေါက်နှင့်တန်နေပြီး ဖွင့်၍ရသည့်အခါတွင်ကား တင်မောင်ဆွေသည် အားရစွာ ခေါင်းညိတ်လိုက်လေ၏ ။

သို့ရာတွင် ကျန်သော ငါးပေါက်ကိုကား ထိုသော့နှစ်ချောင်းဖြင့် ဘယ်လိုမှဖွင့်၍မရဘဲ ရှိနေလေသည်။

'အင်း... ကျန်တဲ့ သော့ငါးချောင်းကို မရသရွေ့တော့ ဒီ တံခါးကြီးနောက်မှာ ဘာရှိတယ်ဆိုတာကို တို့ သိနိုင်ဦးမှာ မဟုတ်ပါဘူး။ ကျန်တဲ့သော့ငါးချောင်းဟာလည်း ဘယ်သူတွေလက်ထဲမှာ ရှိနေတယ်ဆိုတာကို ငါ မသိရသေးပါဘူး'

တင်မောင်ဆွေသည် တစ်ကိုယ်တည်း ညည်းညူလိုက်မိရာက သော့နှစ်ချောင်းကို အိတ်ထဲသို့ သေချာစွာပြန်ထည့်ကာ သချိုင်းဂူကြီးထဲမှ ပြန်တက်လာခဲ့လေသည်။

www.burmeseclassic.com


ဂုတ်ခါးမကြီးကို ဦးကံထားပေးခဲ့သော သော့နှင့် ပြန်ပိတ်ပြီး တိုက်ကြီးရှိရာသို့ လျှောက်လာစဉ်တွင် တင်မောင်ဆွေသည် မျက်စိနှင့်နားကို အစွမ်းကုန်ဖွင့်လျက် သတိကိုလည်း ကြီးစွာထားခဲ့လေသည်။

သို့တစေလည်း လူဘီလူးကြီးကို အရိပ်အရောင်မျှ မတွေ့ရတော့ဘဲ တိုက်ကြီးသို့ ချောမောစွာပင် ပြန်ရောက်လာလေ၏။

စိတ်ပူနေသော မမြနှင်းနှင့် ဦးကံထားအား တင်မောင်ဆွေက ညတွင်းချင်းပင် ပြန်ရန် အကြံညဏ်ပေးလိုက်လေသည်။

ဦးကံထားလည်း သဘောတူညီသည်ဖြစ်ရာ သူတို့သည် ချက်ချင်းပင် ကားနှင့်ပြန်ထွက်ခဲ့ကြလေသည်။

တင်မောင်ဆွေသည် ကိုသောင်းဖေနှင့် ချိန်းထားသော ကိစ္စတစ်ခု ရှိနေသေးရကား ဦးကံထားအား သူ့ကို လှည်းကူးတွင် ကိစ္စတစ်ခု ရှိနေ၍ ဝင်ချပေးပါရန် တောင်းပန်လိုက်ရလေသည်။

ဦးကံထားက လိုက်ပို့ရာ တင်မောင်ဆွေသည် လှည်းကူးရဲဌာနရှေ့တွင် ဆင်းနေရစ်လေ၏။

ဦးကံထားနှင့်မမြနှင်းက နှုတ်ဆက်ကာ ထွက်သွားကြသည့်အခါတွင် တင်မောင်ဆွေသည် ရဲဌာနအတွင်းသို့ ဝင်ခဲ့ကာ ရဲဌာနအုပ်အား မိမိဘယ်သူဘယ်ဝါဖြစ်ကြောင်း ပြောပြပြီး ကိုသောင်းဖေထံ ဖုန်းဆက် ခွင့်တောင်းလိုက်လေသည်။

စုံထောက်ဌာနချုပ်နှင့် ဆက်သွယ်မိသည်တွင် ရဲအုပ်ကိုဘရွှေက ပြန်ဖြေကာ ကိုသောင်းဖေ အိမ်သို့ ခဏပြန်သွားကြောင်း ည၁၀– နာရီကျော်ကျော်လောက်တွင် လှည်းကူးသို့ အရောက်လာမည် ဖြစ်ကြောင်းကို ပြန်ဖြေလေ၏။

'ကိုဘရွှေ... ဒီလိုဆိုလည်း ကျုပ် လှည်းကူးရဲဌာနကပဲ စောင့်နေတော့မယ်... ကိုသောင်းဖေကိုသာ ပြောလိုက်ပါတော့...'

www.burmeseclassic.com


'ကောင်းပြီ... ကိုဆွေ၊ ကျွန်တော် အစ်ကိုကြီး... ကိုသောင်းဖေကို ပြောလိုက်ပါ့မယ်'

တင်မောင်ဆွေသည် ဖုန်းကို ပြန်ချလိုက်ကာ ရဲဌာနပိုင်အား အကျိုးအကြောင်း ပြောပြလိုက်လေသည်။

ထို့နောက် ညစာကို ရဲသားတစ်ဦးက မြို့ထဲသို့ သွားအဝယ်ခိုင်းပြီး ရဲဌာနထဲမှာပင် စားလိုက်ရလေသည်။

တင်မောင်ဆွေသည် ရဲဌာနပိုင်ထံတွင် ဒေါက်တာဓာစကီ အကြောင်းကို စုံစမ်းကြည့်မိလေသည်။

'ဒီဒေါက်တာကြီးကို ကျွန်တော်တို့ လှည်းကူးတစ်မြို့လုံးက သိနေကြတာပဲ၊ သူ့ကို အရူးဆရာဝန်ကြီးလို့ ခေါ်တယ်... သူနေတဲ့နေရာဟာ မင်စာကုန်းလို့ ခေါ်ပြီး သူရဲချောက်တယ်လို့ သိပ်ကိုနာမည် ကြီးနေတာဗျ၊ ဘယ်သူမှ အဲဒီအနားကို မသွားရဲကြဘူး။ ဒီနေရာမှာ သူမို့လို့... နေဝံ့တာပဲ...'

'လူများတွေကို ဒုက္ခပေးတတ်တယ်လို့ကော ရှိသလားဗျာ...'

'မပေးတတ်ပါဘူး... သူ့ဘာသာသူ သူ့အိမ်ကလေးမှာ ကုပ်နေတာပဲ... တစ်ခါတစ်ခါမှာ သူ့မောရစ် ကားစုတ်ကလေးနဲ့ အပြင်ထွက်သွားတတ်တယ်။ ဒါပေမယ့်... လူတွေကတော့ အမျိုးမျိုးပြောကြတာပဲ၊ ညညကျရင် သူ့အိမ်က အော်သံကြီးတွေ... ကြားရသတဲ့ဗျ... တချို့ကတော့လည်း သူဟာ သူ့လောကဓာတ်ပညာနဲ့ မှင်စာကုန်းက သူရဲသဘက်ကြီးတွေကို မွေးထားတယ်လို့ ပြောနေကြတာပဲ...'

'ဖိုးထောင်ကုန်းရွာက ဦးကိုဒီဆိုတဲ့ လူကရောဗျ...'

'ဟာ... သူကတော့ လူကောင်းတစ်ယောက်ပါ ဦးတင်မောင်

www.burmeseclassic.com


ဆွေရာ... ဖိုးထောင်ရွာက လူတွေက တော်တော် လေးစားကြပါတယ်...'

'ဦးကိုဒီနဲ့ ဒီ အရှုးဆရာဝန် ဆိုတာကကော အဆက်အသွယ်များ ရှိသလားဗျ...'

'ဒေါက်တာ ဓာစကီနဲ့ ဆက်သွယ်တဲ့ လူတွေဟာ ဖိုးထောင်ကုန်းရွာက ကရင်တွေပဲ ရှိသဗျ...။ အဲဒီအထဲမှာ ဦးကိုဒီကတော့ ဒေါက်တာ ဓာစကီနဲ့ အရင်းနှီးဆုံးပါပဲ...'

တင်မောင်ဆွေသည် ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်လေ၏။

ည ၁၀နာရီကျော်ကျော်လောက်တွင်ကား ကိုသောင်းဖေသည် သူ့အဖွဲ့သားများနှင့် ဆိုက်ရောက်လာလေရာ တင်မောင်ဆွေက ညနေက အဖြစ်အပျက်များကို ပြောပြလိုက်လေ၏။

◆ ◆ ◆

www.burmeseclassic.com

# - ၁၃ -

မှင်စာကုန်းကား နာမည်နှင့်လိုက်အောင်ပင် မှောင်မည်းတိတ်ဆိတ်ကာ တစ်မျိုးပင် ကြောက်စရာ ကောင်းနေသည်။ ကုန်းကလေးထိပ်ပေါ်ရှိ ဒေါက်တာ ဓာစကီ၏ အိမ်မှာလည်း မီးရောင်ကင်းမဲ့ကာ တစ္ဆေဖိမာန်ကြီး တစ်ခုအလား ငုတ်တုတ်ကြီး ရှိနေ၏။

ဂျစ်ကားတစ်စင်းနှင့် ထရပ်ကား တစ်စင်းသည် စက်သံညင်သာစွာနှင့် တောင်ကုန်းကလေး ခြေရင်းသို့ ရောက်လာ ထိုးရပ်လိုက်ကြလေသည်။ ဂျစ်ကားနှစ်စင်းမှ ရဲအရာရှိများသည် အရင်ကားပေါ်မှ ဆင်းလိုက်ကြကာ ပထမခေါင်းချင်းဆိုင်၍ ခေတ္တမျှ တိုင်ပင်နေကြ၏။ ပြီးမှ လှည်းကူးရဲဌာနမှ ရဲအုပ်နှစ်ယောက် ခေါင်းဆောင်သော ရဲတပ်စိတ်တစ်စိတ်က ဒေါက်တာ ဓာစကီ၏ အိမ်ကို လေးဘက်လေးတန်မှ ဝိုင်းထားရန် တောင်ကုန်းကလေးပေါ်သို့ တက်သွားကြလေ၏။

၎င်းတို့နောက်မှ မြို့မစုံထောက်ဌာနချုပ်မှ စုံထောက်ရဲမှူးကြီး ကိုသောင်းဖေ၊ လှည်းကူး ရဲဌာနပိုင် အလွတ်စုံထောက် တင်မောင်ဆွေနှင့် သက်သေ အရပ်လူကြီး နှစ်ဦးတို့သည် ခပ်သွက်သွက် တက်သွားကြလေသည်။

www.burmeseclassic.com


ရဲတပ်စိတ်က အိမ်ကို ဝိုင်းမိပြီးသည်နှင့် တစ်ပြိုင်နက် ရဲမှူး ကြီး ကိုသောင်းဖေသည် အိမ်တံခါးကို လက်ဖနောင့်ဖြင့်ပင် တဒုန်းဒုန်း ထု လိုက်လေသည်။ နှုတ်မှလည်း...

'ဒေါက်တာ ဓာစကီ၊ ကျုပ်တို့ ရဲအရာရှိတွေပဲ တံခါးဖွင့်ပေး ပါ'

ဟု ခပ်ကျယ်ကျယ် အော်ပြောလိုက်လေသည်။

ချက်ချင်းလိုလိုပင် အိမ်ထဲတွင် မီးများ လင်းလာလေသည်။ ပြီးနောက် တံခါးကြီးသည် ကျွီကနဲ ပွင့်သွားလေ၏။

ဒေါက်တာ ဓာစကီသည် လက်ထဲတွင် လက်ဆွဲမီးအိမ်ကြီး တစ်ခု ကိုင်မြှောက်ကာ တံခါးဝတွင် ရပ်နေသည်။ ယခုမှပင် အိပ်ရာ က ထလာသည့်အလား ညဝတ်အင်္ကျီရှည်ကြီးနှင့် ဖြစ်နေ၏။

'ခင်ဗျားတို့ရဲအရာရှိတွေဟာ တယ်လဲနှောင့်ယှက်ပါကလား၊ ညကြီးအချိန်မတော်မှ လာကြရသလား'

ဒေါက်တာ ဓာစကီသည် စိတ်ဆိုးသံကြီးနှင့် မေးရာက ကိုသောင်းဖေနောက်တွင် ရပ်နေသော တင်မောင်ဆွေကို တွေ့ရလျှင် မျက်မှောင်ကြီး ကြုတ်သွားလေ၏။

'အား ရန်ကုန်က စုံထောက်ဆိုတာပါကလား၊ ဒါ... ခင်ဗျား ရဲ့ စနက်ပဲနဲ့ တူတယ်၊ မနေ့ညက ကျုပ် ခင်ဗျားကို ကူညီတာကို အခုလိုလာပြီ ကျေးဇူးဆပ်တာပေါ့လေ...'

'ခင်ဗျား အိမ်ကိုရှာဖို့ ကျုပ်မှာ ဝရမ်းပါလာတယ် ဓာစကီ'

ကိုသောင်းဖေက ခပ်တည်တည်ပင် ပြန်ပြောကာ ပါလာ သော ဝရမ်းစာကို ထုတ်ပြလိုက်လေ၏။

'ကျုပ်အိမ်ကို ရှာဖို့ ဟုတ်လား... ခင်ဗျားတို့ ရဲတွေဟာ ကျုပ်ကို သက်သက် လာနှောင့်ယှက်နေတာပဲ၊ ခင်ဗျားတို့ ရှာလို့

www.burmeseclassic.com


ဘာများတွေ့ ရမယ်ထင်လဲ၊ ကျုပ်အိမ်မှာ ရာဇဝတ်ကောင်ကြီးတွေ ရှိနေလို့လား'

ဒေါက်တာ ဇာစကီသည် ဒေါကြီးမောကြီး အမူအရာနှင့် လက်များကို ဇော့ယမ်းပြောဆိုနေသည်ကို ကိုသောင်းဖေက ဂရုမစိုက်ဘဲ အိမ်ထဲသို့ တိုးဝင်လိုက်လေ၏။

'ရှာချင်သပ ဆိုရင်လည်း ရှာကြပါ ရှာကြပါ၊ ခင်ဗျားတို့ ကျေနပ်လောက်အောင် ရှာကြပါ၊ ဒါပေမယ့် တစ်ခုတော့ သတိပေးလိုက်ပါရဲ့၊ ကျုပ်လောကဓာတ် ဆေးပညာဆိုင်ရာ အဖိုးတန်ပစ္စည်းတွေကိုတော့ မပျောက်မရှပါစေနဲ့၊ ဒါပဲ'

ဒေါက်တာ ဇာစကီသည် ကိုသောင်းဖေအေးမှ ကပ်လိုက်လာပြီး ခေါင်းတရမ်းရမ်း လည်တခါခါနှင့် တတွတ်တွတ် ပြောနေလိုက်လေသည်။ ကိုသောင်းဖေက အမိန့်ပေးလိုက်လေရာ သူနှင့်ပါလာသော ရဲအုပ် ကိုဘရွှေတို့ လူစုက တစ်ခန်းပြီးတစ်ခန်း စနစ်တကျ ဝင်ရောက် ရှာဖွေကြလေတော့၏။

အိမ်တစ်ခုလုံး အခန်းနံ့အောင် မွှေနှောက်ရှာဖွေကြရာ ဒေါက်တာ ဇာစကီ၏ လက်ဘော်ထရီခေါ် ဓာတ်ခွဲခန်းသို့ နောက်ဆုံး၌ ရောက်လာကြတော့၏။ ဓာတ်ခွဲခန်းကြီးကား ကရိယာ တန်ဆာပလာတော်တော် စုံလင်လှသည်ကို တွေ့ကြရ၏။ ဓာတ်ရည်မျိုးစုံ ထည့်ထားသည့် ဖန်ဗူး၊ ဖန်ပြွန်၊ ဖန်ပေါင်းချောင်ကြီးများသည် ဆုံလည်ကြီးများပေါ်တွင် စီတန်းလျက် ရှိနေ၏။ ဆေးရည်စိမ်ထားသည့် တိရစ္ဆာန်အသေကောင်များကလည်း အမျိုးမျိုး ရှိနေသည်။

ဒေါက်တာ ဇာစကီကား ရှာဖွေနေကြသူများအပါးတွင်ကပ်ကာ ဟိုဟာ မကိုင်နှင့် သည်ဟာ မကိုင်နှင့် စသည်ဖြင့် စိုးရိမ်တကြီးလိုက်လံတားဆီး ဟန့်တားလျက် ရှိနေတော့၏။

www.burmeseclassic.com


'ခင်ဗျားတို့ မကိုင်တတ် မတွယ်တတ် အရမ်းလျှောက်ကိုင်ရင် ကျုပ်ပစ္စည်းတွေ ပျက်ကုန်လိမ့်မယ်၊ ခင်ဗျားတို့ မေးချင်တာမေး၊ ကျုပ်ပြောပြမယ်၊ ဒါပေမယ့် အရမ်းတော့ မကိုင်ကြပါနဲ့'

ကိုသောင်းဖေနှင့် တင်မောင်ဆွေသည် အဆိုပါဓာတ်ခွဲခန်းကို ဂရုစိုက်၍ စစ်ဆေးကြည့်ရှုကြလေသည်။ သို့သော်လည်း မသင်္ကာစရာကောင်းသော အချင်းအရာဆို၍ ဘာဆိုဘာမှ မတွေ့ရချေ၊ ဆေးစိမ်ထားသော တိရစ္ဆာန်အသေကောင်များမှာလည်း တိရစ္ဆာန်များ၏သဘာဝကို လေ့လာမှုအတွက် ဖြစ်သည်ဟု ဒေါက်တာ ဓာစကီက ကျေနပ်အောင် ရှင်းပြနိုင်သည်။

'ဒေါက်တာ ဓာစကီ... ခင်ဗျား ကျုပ်ကို မှန်မှန်ပြောစမ်းပါ...။ ခင်ဗျားဟာ တိရစ္ဆာန်တွေကို စမ်းသပ်ရုံမကဘဲ... သက်ရှိလူတွေကိုပါ... စမ်းသပ်နေတယ်လို့ ကျုပ်သတင်းရနေတယ်... အဲဒါ အမှန်ပဲလား'

နောက်ဆုံး ကိုသောင်းဖေက ဖွင့်၍မေးတော့ရာ ဒေါက်တာ ဓာစကီသည် သူ့မုတ်ဆိတ် ဖားဖားကြီးကို လက်နှင့်သပ်ရာက ခပ်ပြုံးပြုံး လုပ်နေလိုက်လေသည်။

'ကျုပ်ဟာ မက်ဒီကယ် ဆိုင်းယင်းတစ်(စ်) တစ်ယောက်အနေနဲ့ တိရစ္ဆာန်တွေကိုပါမက ခင်ဗျားတို့ပြောသလို သက်ရှိလူတွေကိုပါ စမ်းသပ်ကြည့်ချင်တဲ့ ဆန္ဒရှိတာတော့ အမှန်ပါပဲ အင်ပက်စတာ... ဒါပေမယ့် ကျုပ်ရဲ့ ဆေးပညာတန်ဖိုးကို နားမလည်ကြတဲ့ ခင်ဗျားတို့ သာမန်လူတွေက ဒါမျိုးကို မလုပ်ရဘူးလို့ တရားဥပဒေထုတ်ပြန်ပြီး ကာကွယ်ထားတာပဲ မဟုတ်လား...။ ဒီတော့ ကျုပ်ကလည်း ခင်ဗျားတို့ရဲ့ တရားဥပဒေကို လေးစားပြီး ကျုပ် အင်မတန်လုပ်ချင်တဲ့ ဆေးပညာ စမ်းသပ်မှုတွေကို မလုပ်ဘဲ အောင့်အည်း

www.burmeseclassic.com


မျိုသိပ်ထားနေရတာဗျာ... ဟဲ... ဟဲ'

'ဒီလိုဆို မနေ့ညက ခင်ဗျားဆီက ဓာတ်ဆီတောင်းပြီး ပြန်အလာ... ကျုပ်နောက်က လိုက်လာပြီး... ကျုပ်ကို သတ်ဖို့ ကြံစည်ခဲ့တဲ့ ဘီလူးကြီးက ဘယ်ကပေါ်လာတာလဲ...။ ခင်ဗျားရဲ့ဆေးပညာနဲ့ မွေးထားတဲ့ သတ္တဝါကြီးမဟုတ်လား... အခု ဒီသတ္တဝါကြီးကို ခင်ဗျား ဘယ်မှာ ဝှက်ထားသလဲ'

တင်မောင်ဆွေက မအောင့်နိုင်ဘဲ ဝင်မေးလိုက်ခြင်းဖြစ်ရာ ဒေါက်တာ ဓာစကီသည် ကြောင်တက်တက် အမူအရာနှင့် ပြန်ကြည့်နေလိုက်၏။

'လူ့ဘီလူးကြီး... ဟုတ်လား...။ သူဘာတွေ ပြောနေတာ လဲ အင်ပက်စတာ... သူ စိတ်မှ ကောင်းသေးရဲ့လား...'

'သူက ကျုပ်ဆီကို မနေ့က လာတိုင်ခဲ့တယ်... သူ့ကို မနေ့ညက ခင်ဗျားအိမ်က ပြန်အလာမှာ အသက်ရန်ရှာတာဟာလည်း ခုနက ပြောတဲ့အတိုင်း ရောမဘီလူးကြီး တစ်ယောက်တဲ့ဗျ'

ကိုသောင်းဖေက ဝင်၍ ထောက်ခံလိုက်ရာ ဒေါက်တာ ဓာစကီသည် ပြက်လုံးတစ်ခု နားထောင်ရသည့်အလား သဘောကျစွာ ဟက်ဟက်ပက်ပက်ကြီး ရယ်မောလိုက်လေတော့၏။ ပြီးမှ...

'ဒီစကားကို အင်ပက်စတာက ယုံပြီး ကျုပ်ဆီမှာ ဒီသတ္တဝါကြီးကို လာရှာတာဆိုရင်တော့ အင်ပက်စတာဟာ ယုံတမ်းစကားတွေကို ယုံတတ်တဲ့ လူပြိန်းတစ်ယောက် ဖြစ်သွားရပြီ...။ ဘယ့်နှယ်များ သူပြောတဲ့ ရောမဘီလူးကြီးတွေ ဆိုတာဟာ... ဒဏ္ဍာရီပုံပြင်ထဲမှာပဲ ရှိတတ်တာပါဗျ...။ သူဟာ စိတ်ကူးကောင်းတဲ့ လူတစ်ယောက်ရင်လည်း ဖြစ်ရမယ်... ဒါမှမဟုတ်... ဒီတောင်ကုန်းပေါ်မှာ ရှိနေတယ်လို့ ရွာသူရွာသားတွေက ပြောနေကြတဲ့ တစ္ဆေ သူရဲခြောက်

www.burmeseclassic.com


တာ ခံရတာလည်း ဖြစ်ချင်ဖြစ်မှာပဲ… ဟား… ဟား …ဟား… ဒါပေမယ့် ကျုပ်က တစ္ဆေသူရဲ မရွေးတတ်တာကိုတော့ ခင်ဗျားတို့ ကိုယ်တိုင် အခု ကျုပ်အိမ်ကို စိတ်ကြိုက်ဝင်ရှာပြီးလို့ တွေ့ရပြီ မဟုတ်လားဗျာ…။ ကျုပ်ဆီမှာ ဘယ်လိုသတ္တဝါကြီးမှ မရှိပါဘူးဗျ… ဟား… ဟား… ဟား…'

ဒေါက်တာ ဓာစကီသည် ခပ်လှောင်လှောင်ပြောရာက တဟားဟား ရယ်ချနေလိုက်ပြန်လေ၏။

ကိုသောင်းဖေလည်း မျက်နှာကြီး မသိမသာ နီမြန်းလာလျက် တင်မောင်ဆွေအား ကြည့်လိုက်လေသည်။ တင်မောင်ဆွေကလည်း စိတ်ပျက်လက်လျှော့ကာ ပခုံးများကိုသာ တွန့်ပြလိုက်လေ၏။

တွေ့ချင်သောအရာကို ရှာမတွေ့ရကား ဒေါက်တာဓာစကီသည် ဥပဒေလက်လွတ် စမ်းသပ်မှုများ ပြုလုပ်နေသည်ဟု စွပ်စွဲနိုင်စရာ သက်သေခံ အထောက်အထားကလည်း ဘယ်လိုမှ မပြနိုင်အောင် ရှိနေလေ၏။ တင်မောင်ဆွေမှာ သူကိုယ်တိုင် လူဘီလူးသတ္တဝါကြီးနှင့် ရင်ဆိုင်သတ်ပုတ်ခဲ့ရသည် မှန်သော်လည်း တရားဥပဒေအရတော့ ဤသို့ တွေ့ဆုံသတ်ပုတ်ခဲ့ရပါသည် ဆိုခြင်းကို ဘယ်လိုမှ သက်သေ မပြနိုင်ဘဲ ရှိနေသည်။ သက်သေပြနိုင်ဦးတော့လည်း ဤလူဘီလူး သတ္တဝါကြီးကို ဒေါက်တာ ဓာစကီက ခိုင်းစေခြင်း ဖြစ်ပါသည်ဟု သက်သေပြနိုင်ရဦးမည် ဖြစ်လေ၏။

သို့နှင့်ပင် ကိုသောင်းဖေကြီးမှာလည်း မတတ်သာတော့ဘဲ လက်လျှော့ကာ ပြန်ခဲ့ရလေသည်။

မပြန်ခင်၌ တင်မောင်ဆွေ၏ အကြံပေးချက်အရ ထိုနေ့ညက တွေ့ခဲ့ရသော ခြံထဲတွင် တူးထားသည့်တွင်းကြီးကို ပြန်ဖော်ကြည့်ကြ ပြန်ရာ ဒေါက်တာဓာစကီ၏ စကားအတိုင်း ခွေးသေကောင်ကြီး

www.burmeseclassic.com


တစ်ကောင် မြှုပ်ထားသည်ကိုသာ တွေ့ကြရလေ၏။

နောက်ဆုံးတွင် ကိုသောင်းဖေရော တင်မောင်ဆွေပါ မကျေမနပ်နှင့် တပ်ခေါက်၍ ပြန်ခဲ့ကြရကာ ရန်ကုန်သို့ အပြန်လမ်းတစ်လျှောက်တွင် တောက်တခေါက်ခေါက် ဖြစ်နေလေတော့၏။

'ဘာပဲဖြစ်ဖြစ် ကိုသောင်းဖေ ကျွန်တော် ဟိုညက တွေ့ခဲ့ရတဲ့ အကောင်ကြီးဟာ… ဒေါက်တာ ဓာစကီက သူ့ပညာနဲ့ ဖန်တီးထားတဲ့ အကောင်ကြီးပဲ ဆိုတာကိုတော့ ကျွန်တော် တထစ်ချ ယုံကြည်မိတာပဲ'

တင်မောင်ဆွေကမူ မမှိတ်မသုန် ပြောနေရာ ကိုသောင်းဖေကြီးခမျာ ညည်းညူလိုက်ရှာလေ၏။

'မင်း ယုံကြည်ရုံနဲ့ မပြီးဘူး တင်မောင်ဆွေရဲ့၊ မင်းနောက်တစ်ခါတွေ့ရရင် ဒီကောင်ကြီးကို အသေရရ၊ အရှင်ရရ ပစ်ဖမ်းပြနိုင်မှ ဖြစ်မှာ၊ ဒါတောင်မှ ဒီကောင်ကြီးဟာ… ဒေါက်တာဓာစကီရဲ့ လူပါဆိုတာကို သက်သေ လက်ဆုပ်လက်ကိုင် ပြနိုင်ရဦးမယ်ကွ'

တင်မောင်ဆွေလည်း ခေါင်းကို ဖြည်းညင်းစွာ ညိတ်ကာ တိတ်ဆိတ် သွားလေတော့၏။

အကယ်၍သာ တင်မောင်ဆွေနှင့် ကိုသောင်းဖေသည် ထိုအချိန်၌ ဒေါက်တာ ဓာစကီ၏ အိမ်အတွင်း ဖြစ်ပျက်နေသော အရျင်းအရာ တစ်ခုကို တွေ့ရလျှင်ကား အဘယ်သို့ရှိမည် မပြောတတ်ချေ။

ထိုအချိန်တွင် ဒေါက်တာ ဓာစကီသည် သူ့အိမ် စာကြည့်ခန်းထဲရှိ စာအုပ်ဘီဒိုများ စီတန်းထားလျက်ရှိရာ အခန်းနံရံ တစ်နေရာတွင်ရပ်ကာ ဘီဒိုကြီးအတွင်းရှိ ခလုတ်ကလေးတစ်ခုကို နှိပ်လိုက်ပြီး လက်ထဲတွင် ကြာပွတ်တစ်ခုကို ကိုင်လျက် စောင့်နေလေသည်။

ဘီဒိုကြီးသည် တရွေ့ရွေ့သို့ တိုးရွေ့လာရာ ဘီဒိုကြီးနောက်

www.burmeseclassic.com


တွင် ခြောက်ပေမျှမြင့်၍ လေးပေမျှ ကျယ်ဝန်းသော အပေါက်ကြီး တစ်ပေါက် ပေါ်လာလေသည်။

ဒေါက်တာစာစကီသည် လက်ထဲတွင် ကိုင်ထားသော ကြာပွတ်ကြီးကို ရှမ်းခနဲ မြည်အောင် လေထဲတွင် ရိုက်လိုက်ကာ စူးရှစွာ လေတစ်ချက် ချွန်လိုက်ပြီး…

'ကဲ… ငါ့သားလေးတွေ ထွက်ခဲ့ကြစမ်း၊ မင်းတို့ ပုန်းနေရတာ ညောင်းလှရောပေါ့… ကဲ… ထွက်လာကြစမ်းသကွာ'

ဟု တတွတ်တွတ် ခေါ်လိုက်လေသည်။

ခဏအကြာတွင်ကား သဏ္ဍာန်ကြီးနှစ်ခုသည် တစ်ခုပြီးတစ်ခု အပေါက်ဝမှ ခေါင်းကြီးတွေငုံ့ကာ ထွက်လာကြလေရာ အသည်းငယ်သူများသာ ၎င်းတို့အားတွေ့လိုက်ကြရပါက မူးမေ့လဲကျသွားကြလိမ့်မည် ဖြစ်လေသည်။

အကြောင်းမူကား… ထိုသတ္တဝါကြီးတွေမှာ မနုဿလူသားများပင် ဖြစ်ကြသော်လည်း ရောမ သန်မာကြီးမား နေကြသည့် လူ့ဘီလူးကြီးတွေ ဖြစ်နေကြသောကြောင့်ပင်တည်း။

နှစ်ယောက်စလုံးမှာ အရပ်ရှစ်ပေမျှ မြင့်မားကြကာ ပခုံးကြီးတွေမှာ ကြီးမား တုပ်ခိုင်လှပြီး သစ်လုံးလောက်နီးပါး ကြီးမားကြသည့် လက်မောင်းအိုးကြီး တွေ့ရှိနေကြ၏။ ကိုယ်ခန္ဓာ တုပ်ခိုင်ကြီးမား လှသလောက် အချိုးအစားကလည်း ပြေပြစ်ကြသော်လည်း ၎င်းတို့၏ မျက်စိမျက်နှာများကား ထုံထိုင်းကြောင်အသူနှင့်သာ တူလေတော့သည်။

'ကဲ… ကလေးတွေ မင်းတို့ သွားအိပ်ကြတော့၊ ဒီညတော့ မင်းတို့ကို ငါ ခိုင်းစရာ မရှိတော့ဘူး၊ သွားကြလေ'

ဒေါက်တာ စာစကီသည် လက်ထဲက ကြာပွတ်ကြီးကို ရှမ်း

www.burmeseclassic.com


ခနဲ မြည်အောင် လေထဲတွင် တစ်ချက် ရိုက်လိုက်ကာ အမိန့်ပေးလိုက်ပြန်သည့် အခါတွင် လူ့ဘီလူးကြီးနှစ်ယောက်သည် ကလေးငယ်များပမာ ခေါင်းကြီးတွေ ငုံ့လျက် စာကြည့်ခန်းထဲမှ ခပ်ကုပ်ကုပ်ကလေး ထွက်သွားကြလေတော့၏။

◆ ◆ ◆

www.burmeseclassic.com

# - ၁၄ -

နောက် နှစ်ရက်အကြာတွင် မမြနှင်းသည် ‘ပညာရဲရင့်’စာကြည့်တိုက် ပိဋကတ်တိုက်၌ အလုပ်ဆင်းနေစဉ် သူမထံသို့ ဧည့်သည် တစ်ယောက် ရောက်လာလေသည်။ ထိုဧည့်သည်ကား မြေပိုင်ရှင်ကြီး ဦးကိုဒီ၏ ဇနီး ဒေါ်အဲလစ်ခေါ် ကပြားမကြီးပင် ဖြစ်လေ၏။

ဒေါ်အဲလစ်သည် မမြနှင်းအား မိမိမည်သူမည်ဝါဖြစ်ကြောင်း ပြောပြပြီးသည့်အခါတွင် မိမိလာရောက်ရရင်း ကိစ္စကို မမြနှင်း အံ့သြသွားလောက်ပင် ပြောပြလိုက်လေသည်။

‘မိန်းမကလေးရဲ့ အဖေဟာ ကျုပ်ခင်ပွန်းသည်နဲ့ ယယ်သူငယ်ချင်း ဖြစ်ခဲ့ပါတယ်။ အခု ကျုပ် ခင်ပွန်းသည်ဟာ မိန်းကလေးအတွက် သိပ်ကို စိုးရိမ်ကြောင့်ကြဖြစ်နေရတယ်။ မိန်းကလေးမှာ ကြောက်စရာကောင်းတဲ့ ရန်သူကြီးတွေ ရှိနေပြီဆိုတာကို ကျုပ်ကို သွားသတိပေးဖို့ ခိုင်းလိုက်လို့ ကျုပ်အခု ရောက်လာရတာပဲ...’

ဒေါ်အဲလစ်၏ စကားများသည် မမြနှင်းအတွက် အံ့သြစရာကောင်းသည်နှင့်အမျှ စဉ်းစားစရာလည်း ဖြစ်နေလေသည်။ တင်မောင်ဆွေကလည်း တစ်နေ့ကပင် ထိုအတိုင်း ပြောပြခဲ့သည် မဟုတ်ပါလား...’

www.burmeseclassic.com


'ကျွန်မမှာ ဘယ်လို ရန်သူတွေ ရှိနေတာလဲ အန်တီ... ဒီ ရန်သူတွေက ကျွန်မကို ဘာကြောင့် အခုလို ရန်ရှာချင်ရတာလဲ... ကျွန်မက သူတို့ကို ဘာများပြစ်မှားခဲ့လို့လဲ...။ ပြီးတော့လည်း ဒီရန်သူ တွေ အကြောင်းကို အန်တီ့ယောကျ်ားက ဘယ်လို သိနေတာလဲ'

မမြနှင်းသည် ရင်ကလေး တဒိတ်ဒိတ်ခုန်လာရာက မေးခွန်း တွေကို ဆက်တိုက်ထုတ်လိုက်မိလေ၏။

'မိန်းကလေး သိချင်တဲ့ အကြောင်းတွေကို ကျုပ်ယောကျ်ား က အကုန်ပြောပြပါလိမ့်မယ်။ ဒါပေမယ့် သူက ကောင်းကောင်း မကျန်းမာတော့ မိန်းကလေးဆီကို သူ မလာနိုင်ပါဘူး... ဒီတော့ မိန်းကလေးကို သူ့ဆီကို ခေါ်လာဖို့ ကျုပ်ကို လွှတ်လိုက်တာပါပဲ...။ ပြီးတော့ ဒီကိစ္စဟာ မိန်းကလေးအတွက်သိပ်အရေးကြီးပြီး မိန်းကလေး တစ်ယောက်ထဲနဲ့သာသက်ဆိုင်နေတဲ့ ကိစ္စဖြစ်လို့လည်း မိန်းကလေး တစ်ယောက်ထဲသာ လိုက်ခဲ့ပါလို့ ကျုပ်ကို မှာလိုက်ပါတယ်...'

မမြနှင်းကား တော်တော်ပင် စိတ်လှုပ်ရှားလာမိလေသည်။ သူမတစ်ယောက်တည်းနှင့်သာပတ်သက်နေသည့် လျှို့ဝှက်မှုအကြောင်း အရာတွေကို သိရတော့မည် ဆိုခြင်းမှာလည်း အားရစရာ ကောင်းနေ ၏။ တင်မောင်ဆွေကိုယ်တိုင်ကပင် လိုက်လံစုံစမ်းနေရသည့် အကြောင်း အရာတွေဖြစ်နေရာ ယခု ထိုအကြောင်းအရာတွေကို သူမက သိလာ ရပြီး ပြန်လည်ပြောပြနိုင်ပါက တင်မောင်ဆွေသည် တော်တော်အံ့သြ သွားရလိမ့်မည် ဖြစ်လေ၏။

'ကျွန်မက လှည်းကူးကို လိုက်ခဲ့ရမှာပေါ့နော်...'

'ဟုတ်ပါတယ်... အန်တီ့မှာ ကားလည်းပါလာတယ်၊ ဒါပေ မယ့် တစ်ခုတော့ရှိပါတယ်...။ မိန်းကလေး ဘယ်ကိုသွားတယ်ဆိုတာ ကိုတော့ ဘယ်သူ့ကိုမှ မပြောပြပါနဲ့...။ မိန်းကလေးရဲ့ ရန်သူတွေ

www.burmeseclassic.com


သိသွားရင်… သူ့ကို မုချ ရန်ရှာကြတော့မှာပါ… အခုလည်း ကျုပ်ယောကျ်ားက အသက်စွန့်ပြီး မိန်းကလေးနဲ့ တွေ့ရမှာပါ'

မမြနှင်းလည်း ချက်ချင်းပင် ဒေါ်အဲလစ်နှင့်လိုက်ပါသွားရန် ဆုံးဖြတ်ချက် ချလိုက်လေတော့၏။ ထို့ကြောင့်လည်း စာကြည့်တိုက်မှူးကြီး ထံတွင် အရေးကြီးသော ကိစ္စတစ်ခုနှင့် အပြင်သွားစရာရှိ၍… ခွင့်နေ့ဝက် ပေးပါရန် ပြောပြီး ဒေါ်အဲလစ်နှင့်အတူ ထွက်လာခဲ့လေသည်။

ဒေါ်အဲလစ်၏ ကားကြီးမှာ သစ်လွင်ခန့်ညားပြီး ကက်ဦးထုပ်ဆောင်း ယူနီဖောင်းဝတ် ကပြား ဒရိုင်ဘာက မောင်းပေးလေရာ မမြနှင်းသည် ဘယ်လိုမှ သကာမကင်း မဖြစ်မိဘဲ စိတ်ချလက်ချကားပေါ်တက်၍ ပါသွားတော့သည်။ တစ်လမ်းလုံးတွင်လည်း ဤချမ်းသာကြွယ်ဝပုံရသော ကပြားမကြီး၏ လင်ယောကျ်ားသည် သူမ၏ ဖေဖေနှင့် ဘယ်တုန်းကသိပြီး သူမ၏ လျှို့ဝှက်သော ရန်သူများ အကြောင်းကို ဘယ်လိုလုပ်၍ သိထားလေသနည်းဟု စဉ်းစားမိရှာလေသည်။

တစ်နာရီလောက် မောင်းမိလျှင် ကားကြီးသည် ဖိုးထောင်ကုန်းရွာသို့ ရောက်လာကာ ခန့်ညားသော ဦးကိုဒီ၏ နှစ်ထပ်အိမ်ရှေ့ကြီးတွင် ထိုးရပ်လိုက်လေ၏။

'ကဲ…လာ…မိန်းကလေး… ကျုပ်ယောကျ်ားက… မိန်းကလေးကို အသင့်စောင့်နေလေရဲ့၊ တော်မီ… မိန်းကလေးကို မင်းနောက် တစ်နာရီလောက်ကြာရင် လိုက်ပို့ရဦးမှာနော်… ဘယ်ကိုမှ မသွားစေနဲ့ ကြားလား'

ဒေါ်အဲလစ်သည် မမြနှင်းနှင့်အတူ ကားပေါ်မှ ဆင်းရာက ဒရိုင်ဘာလုပ်သူ တော်မီအား ခပ်တည်တည် လှည့်ပြောလိုက်လေ

www.burmeseclassic.com


သည်။ ၎င်းတို့နှစ်ယောက် အိမ်ထဲသို့ ဝင်သွားသည်ကို တော်မီသည် ခပ်တွေတွေကြည့်လျက် ကျန်နေရစ်လေသည်။ သူ့မျက်နှာကား တစ်စုံတစ်ရာကို မနှစ်မြို့သည့်ပုံပေါ်နေ၏။ ပြီးမှ တော်မီသည် ငိုင်တွေတွေဖြစ်နေရာက ပခုံးကို တစ်ချက်တွန့်လိုက်ကာ ကားပေါ်မှ ဆင်းသွားလေတော့၏။

ဧည့်ခန်းတွင်ကား ဦးကိုဒီသည် ကုလားထိုင် တစ်လုံးတွင် ထိုင်လျက် အသင့်စောင့်နေလေသည်။ မမြနှင်းကို တွေ့ရသည်နှင့် တစ်ပြိုင်နက် သူသည် သွက်လက်စွာထကာ လက်ကမ်းပေးလိုက်လေသည်။

'အား... မိတ်ဆွေဟောင်းကြီးရဲ့ သမီးကို အခုလိုတွေ့ရတာ သိပ်ကိုဝမ်းသာပါတယ်...။ မိန်းကလေးကသာ... ကျုပ်ကို မသိတယ်... မိန်းကလေး ဖေဖေနဲ့ ကျုပ်ကတော့... ငယ်သူငယ်ချင်းတွေပါပဲ...'

'ဟုတ်ကဲ့... ကျွန်မ ဖေဖေရဲ့ မိတ်ဆွေဟောင်းကြီး တစ်ယောက်ကို အခုလို တွေ့ရတာ... အများကြီး ဝမ်းသာပါတယ်ရှင်...'

မမြနှင်းကလည်း ဦးကိုဒီ၏ လူကြီးလူကောင်းဆန်သော အသွင်အပြင်ကို အကဲခတ်ကြည့်ရှုရာက ပိုမို စိတ်ချသွားကာ ကမ်းပေးသောလက်ကို ဆွဲယူနှုတ်ဆက်လိုက်လေသည်။

'ထိုင်ပါ မိန်းကလေး... ထိုင်ပါ... ကျုပ်မိတ်ဆွေကြီးရဲ့ သမီးအပေါ်မှာ... ကျုပ်အနေနဲ့ တတ်အားသရွေ့ ကူညီစောင့်ရှောက်ရမယ့် တာဝန်ရှိနေပါတယ်...'

'အန်တီက ကျွန်မဆီကို ရောက်လာပြီးပြောတော့ ကျွန်မ တော်တော်ပဲ အံ့အားသင့်သွားမိပါတယ်... ကျွန်မမှာ... ဘယ်လို

www.burmeseclassic.com


ရန်သူတွေ ရှိနေတယ်ဆိုတာကိုလည်း သိချင်မိပါတယ်… ဒါကြောင့်ပဲ ကျွန်မချက်ချင်း လိုက်လာခဲ့တာပါပဲ… အန်ကယ်…'

မမြနှင်းသည် ဦးကိုဒီ ညွှန်ပြသော ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရာက စိုးရိမ်မကင်း အသံကလေးနှင့် ပြောလိုက်လေသည်။ ဦးကိုဒီကလည်း မျက်နှာကြီး ရုတ်တရက် ပြန်လည်တည်ကြည်သွားကာ ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်လေသည်။

'မိန်းကလေးအနေနဲ့လည်း… အခုလို မြုန်းစားကြီး ကြားလိုက်ရတာ စိုးရိမ်စရာပေါ့… ဒါပေမယ့် ကိုယ့်မှာ ရှိနေတဲ့ ဘေးအန္တရာယ်ကို သိထားရတော့ ကြိုတင်ကာကွယ်နိုင်တာပေါ့ကွယ်…။ အန်ကယ်ကလည်း မိန်းကလေးအတွက် တော်တော့်ကို စိုးရိမ်နေမိခဲ့တာပါပဲ… ဒါပေမယ့်… ဖြည်းဖြည်းပြောကြတာပေါ့ကွယ်… အခုတော့ မိန်းကလေးလည်း ခရီးပန်းလာမှာပေါ့… သံပုရာဖျော်ရည်လေးတစ်ခွက်လောက်တော့ သောက်လိုက်ပါဦး… ဟုတ်လား…။ ကဲ… အဲလစ်ရေ… သံပုရာဖျော်ရည် ယူလာခဲ့ပါလားကွယ်'

မရှေးမနှောင်းပင် ဒေါ်အဲလစ်သည် လင်ပန်းတစ်ချပ်ပေါ်တွင် သံပရာဖျော်ရည်ဖန်ခွက်ကိုတင်ကာ မမြနှင်းရှေ့တွင် လာချပေးလိုက်လေ၏။

'ကဲ…မိန်းကလေး…အမောပြေ သောက်လိုက်ပါဦး… ပြီးတော့မှပဲ မင်း အန်ကယ် ပြောပြစရာရှိတာကို အေးအေးဆေးဆေး နားထောင်ပေါ့ကွယ်… ဟုတ်လား…'

မမြနှင်းလည်း ဦးကိုဒီ ပြောစရာရှိသည့်အကြောင်းကို နားထောင်လိုဇောနှင့် ချပေးလာသော သံပုရာဖျော်ရည်ကို လျင်မြန်စွာပင် သောက်ချလိုက်လေ၏။ ပြီးနောက်မှ သူမအား ကျေနပ်သောအပြုံးနှင့် ကြည့်နေသူ ဦးကိုဒီအား လှမ်းကြည့်လိုက်လေသည်။

www.burmeseclassic.com


'ကဲ အန်ကယ် ကျေးဇူးပြုပြီး ကျွန်မရဲ့ ဘေးအန္တရာယ် ဘယ်လို ရှိနေတယ်ဆိုတာကို ပြောပြပါ ကျွန်မ သိချင်လှပါပြီ'

မမြနှင်းသည် ပြောနေရင်းကပင် ရုတ်တရက် မျက်လုံးများ ပြာဝေလာကာ ခေါင်းထဲမှ မူးနောက်နောက် ဖြစ်လာမိရကား စကား ရပ်သွားလေ၏။ သူမသည် နဖူးကလေးကို လက်တစ်ဖက်နှင့် ဖျစ် ရာက...

'အို... ကျွန်မ ခေါင်းထဲက မူးလိုက်တာ...'

ဟု ညည်းလိုက်ရှာ၏။

မမြနှင်း နောက်ဆုံးပိတ်သတိရသည်ကား သူမအား မျက်မှန် များအတွင်းမှ သူ့ကို စိုက်ကြည့်ရှုနေသည့် ဦးကိုဒီ၏ မျက်လုံးကြီး များပင် ဖြစ်လေသတည်း။

မမြနှင်း ပြန်လည် သတိရလာသည့်အခါတွင် ရုတ်တရက် သော် ကိုယ့်ကိုယ်ကို ဘယ်ရောက်နေမှန်း မသိဘဲ ရှိလေသည်။ ပြီး မှ ရုတ်တရက် သတိရလာကာ ပက်လက်ကလေး ဖြစ်နေရာမှ ထထိုင် ပြီး စိုးရိမ်ကြောက်လန့်မှုဖြင့် သူမ၏ ပတ်ဝန်းကျင်ကို ကပျာကရာ လှည့်ကြည့်လိုက်လေ၏။

ဤတွင် သူမသည် အိပ်ခန်းတစ်ခန်းအတွင်းရှိ ကုတင်ပေါ် တွင် ရောက်နေခြင်း ဖြစ်သည်ကို တွေ့လိုက်ရလေသည်။ ကုတင် ခေါင်းရင်းဘက်ရှိ စားပွဲကလေး တစ်လုံးတွင် စားပွဲတင် မီးအိမ်ကလေး တစ်ခုထွန်းထားသည်ကို တွေ့ရသဖြင့်လည်း ညဘက်သို့ ရောက်နေ ပြီ ဖြစ်ကြောင်းကို သိသာနိုင်လေ၏။

မမြနှင်းသည် ခေါင်းထဲက မူးနေသည်ကို ဂရုမစိုက်နိုင်။ ကြောက်ရွံ့စိတ်ကသာ လွှမ်းမိုး၍ လာရတော့ကား ကုတင်ပေါ်မှ ကပျာ ကရာ ဆင်းကာ အခန်းတံခါးဆီကို ပြေး၍ ဖွင့်ကြည့်လိုက်လေသည်။

www.burmeseclassic.com


သို့ရာတွင် တံခါးကို အပြင်မှ ကလန့်ချ၍ ပိတ်ထားရကား ဖွင့်မရဘဲ ရှိနေသည်။

'တံခါးဖွင့်ပေးပါ... ကျွန်မကို တံခါးဖွင့်ပေးပါ'

မမြနှင်းသည် တံခါးရွက်ကို လက်ဖနောင့်များနှင့် တဒုန်းဒုန်း ထုကာ အော်လိုက်လေသည်။ ဤတွင် အပြင်ဘက်မှ ရောက်လာသော ခြေသံ တရှပ်ရှပ်ကို ကြားလိုက်ရကာ ဂျောက်ခနဲ ကလန့်ဖြုတ်သံ ထွက်ပေါ်လာပြီးနောက် တံခါးဝတွင် မားမားကြီး ရပ်နေသော လူဝဝ တစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုလူကား... ဦးကိုဒီပင် ဖြစ်နေသည်ကို မမြနှင်းက တွေ့ လိုက်ရလေသည်။

'အား... ငါ့တူမကြီး ပြန်သတိရလာပြီကိုး... အန်ကယ်တို့ တောင် တော်တော် စိုးရိမ်သွားမိတယ်... ငါ့တူမကြီးက အန်ကယ်နဲ့ ထိုင်စကားပြောနေတုန်းမှာ... ရုတ်တရက် လဲကျသွားတော့တာကိုး။ ဒါနဲ့ အိပ်ခန်းထဲမှာ သိပ်ထားရတယ်'

ဦးကိုဒီသည် မမြနှင်းအား မျက်မှန်တဝင်းဝင်းနှင့် စူးစိုက် ကြည့်ရှုရာက ခပ်တည်တည်ကြီး ပြောလိုက်လေသည်။ ပြီးနောက် အခန်းထဲသို့ တစ်လှမ်းချင်း တိုးဝင်လာရာ မမြနှင်းမှာ ကြောက်ရွံ့စွာ နောက်သို့ နောက်သို့ ဆုတ်သွားရှာ၏။

ဦးကိုဒီသည် ရုတ်တရက် လက်ထဲတွင် ကိုင်လာသော စာ ရွက်ကို မမြနှင်းရှေ့သို့ ထိုးပေးလိုက်လေသည်။

'ကဲ... ငါ့တူမကြီး အန်ကယ် ပြောတာကို နားထောင်စမ်း။ ငါ့တူမကြီး အခုလို အန်ကယ့်အိမ်မှာ... ဖြစ်သွားရတော့ အန်ကယ့် အပေါ်မှာ...တာဝန်ရှိနေတယ်။ အန်ကယ်ကပဲ တူမကြီးအပေါ်မှာ... ဘယ်လိုမှ မတော်မတရား မကြံကြောင်း ဝန်ခံတဲ့အနေနဲ့ ဟောဒီ စာရွက်မှာ...

www.burmeseclassic.com


လက်မှတ် ထိုးလိုက်စမ်းပါကွယ်... ဟုတ်ကလား...'

မမြနှင်းကား ခေါင်းတွေရီဝေနေကာ စိတ်ကလည်း တုန်ယင်ချောက်ချားနေရကား ဦးကိုဒီပြောပြနေသည်များကို လုံးလုံးလျားလျားသဘောမပေါက်နိုင်သေးဘဲ တွေဝေငေးငေးလေးသာ ဖြစ်နေလေသည်။

ဦးကိုဒီကလည်း မမြနှင်း၏ ပခုံးကလေးကို လက်တစ်ဖက်နှင့် အသာကိုင်ကာ စားပွဲကြီးဆီသို့ ခေါ်သွားပြီး လက်ထဲတွင်ကိုင်ထားသည့်စာရွက်ကြီးကို စားပွဲပေါ်တွင် ဖြန့်ချလိုက်လေသည်။ ပြီးနောက် မမြနှင်း၏ညာလက်ထဲသို့ မင်တံတစ်ချောင်းကို ထိုးထည့်ပေးလိုက်ပြန်၏။

'ကဲ... ဟောဒီအောက်မှာ လက်မှတ်သာထိုးလိုက်ပေတော့တူမကြီး၊ တူမကြီး လက်မှတ်ထိုးပေးပြီးတာနဲ့တစ်ပြိုင်နက် တူမကြီးကို ကားနဲ့ အိမ်အရောက်လိုက်ပို့နိုင်းပါ့မယ်'

မမြနှင်းသည် ရီဝေဝေနှင့်ပင် မင်တံကိုင်ထားသည့်လက်ကို ဦးကိုဒီညွှန်ပြနေသည့် စာရွက်အောက်ဘက်နားသို့ တိုးရွှေ့လိုက်လေသည်။ ထိုစဉ်မှာပင် သူမ၏မျက်စိများက ပထမဦးဆုံးအကြိမ် စာရွက်ပေါ်တွင် ရေးထားသော စာကြောင်းများကို ထင်ရှားစွာ တွေ့မြင်လိုက်ရလေတော့၏။

*'အကယ်၍ ကျွန်မ မမြနှင်းသည် ဖော်ပြခဲ့သော ဦးကိုဒီ၏အရင်စော၍ သေဆုံးခဲ့ပါမူ ကျွန်မသည်....'*

မမြနှင်းသည် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားမိကာ ခေါင်းထဲက ရီဝေမှုသည်လည်း ရုတ်ခြည်းကွယ်ပျောက်သွားလေတော့၏။ ဤ စာရွက်တွင် မိမိ လက်မှတ်ရေးထိုးလိုက်ပြီးသည့်နောက် မိမိအတွက်

www.burmeseclassic.com


ဘယ်လိုမှ မျှော်လင့်ချက်မရှိသည်ကိုလည်း အလိုလိုနေရင်း နားလည်လာမိတော့ကာ...

'အို... မထိုးဘူး၊ ကျွန်မ ဘယ်တော့မှ မထိုးဘူး၊ ရှင်ကျွန်မအပေါ် သက်သက်ကလိမ်ကျနေတာ အခုချက်ချင်း ကျွန်မကို ပြန်လွှတ်ပါ'

ဟု တုန်ယင်စွာ ပြောလိုက်မိလေတော့၏။

ဦးကိုဒီ၏မျက်နှာကြီးကား ချက်ချင်းပင် ကြောက်စရာကောင်းလှအောင် တင်းမာခက်ထန်၍လာလေတော့၏။

'မင်း ခေါင်းမာနေလို့ အပိုပဲ မိန်းကလေး၊ မင်း ငါပြောတဲ့အတိုင်းလုပ်ရင် မင်း ဘာမှမဖြစ်ဘူး၊ မလုပ်ရင် ဒုက္ခတွေ့မယ်'

'အို... ကျွန်မ မထိုးဘူး၊ ဘယ်တော့မှကို မထိုးဘူး၊ ရှင်ကျွန်မကို မတရားဖမ်းမထားနဲ့၊ အခုချက်ချင်း ပြန်လွှတ်ပါ'

ဦးကိုဒီသည် အလွန်ဒေါသထွက်သော မျက်နှာကြီးနှင့် မမြနှင်းအား စိုက်ကြည့်လိုက်ပြီးမှ စားပွဲပေါ်ကစာရွက်ကို ဆတ်ခနဲကောက်ယူလိုက်လေ၏။

'မင်း ဘယ်လိုငြင်းငြင်း၊ မင်း လက်မှတ်ထိုးအောင် ငါလုပ်နိုင်တဲ့နည်းတွေ အများကြီးရှိနေတယ်ဆိုတာ မင်း မြဲမြဲမှတ်ထားလိုက်ပါ'

ထိုသို့ ပြောပြောဆိုဆို ဦးကိုဒီသည် ချာခနဲ လှည့်လျက် အခန်းထဲမှ ထွက်သွားကာ တံခါးကို ဂျိုင်းခနဲ ပြန်ပိတ်ထားလိုက်လေတော့သည်။ မမြနှင်းက တံခါးကို ဘယ်လိုပင် ထုရိုက်ဖွင့်နိုင်းသော်လည်း အပြင်မှ ဘာသံမှ မကြားရတော့ချေ။ နောက်ဆုံးတွင် မမြနှင်းသည် ခုတင်ပေါ်သို့ ပြန်တက်လျက် လှဲချလိုက်ကာ ခေါင်းအုံးတွင် မျက်နှာအပ်လျက် တဟင့်ဟင့်ငိုရှိုက်နေမိတော့၏။

www.burmeseclassic.com


ဦးကိုဒီသည် မျက်နှာကြီးသုန်မှုန်စွာနှင့် အိမ်ပေါ်ထပ်မှ ဆင်းလာသည်တွင် လှေကားခြေရင်း၌ သူ့ဇနီးဒေါ်အဲလစ်နှင့် တော်မီတို့ တိုးတိုးကျိတ်ကျိတ် စကားများနေသည်ကို တွေ့ရလေသည်။

တော်မီသည် ဦးကိုဒီကို တွေ့ရသည်၌ ဆတ်ခနဲ ၎င်း၏ လက်မောင်းတစ်ဖက်ကို ဖမ်းဆွဲထားလိုက်၏။

'ဒီမှာ... ခင်ဗျားကြီး ကျုပ်ပြောတာကို နားထောင်စမ်းပါ၊ အပေါ်မှာ ခင်ဗျားဖမ်းထားတဲ့မိန်းကလေးကို ဘာလုပ်မလို့လဲ'

'ငါ ဘာလုပ်လုပ် မင်းနဲ့ဘာဆိုင်သလဲ၊ တော်မီ မင်းဟာ ငါခိုင်းတာကိုသာလုပ်ရမယ့် အကောင်ပါ၊ ဖယ်စမ်းကွာ'

ဦးကိုဒီက ခပ်ဆတ်ဆတ် ပြန်ပြောလိုက်သော်လည်း တော်မီကတော့ ၎င်း၏လက်မောင်းကို ဆုပ်ကိုင်မြဲဆုပ်ကိုင်ထားလေ၏။

'ခင်ဗျားကို ကျုပ် သတိပေးလိုက်ပါရဲ့... ဒီမိန်းကလေးကို ခင်ဗျား ရန်ရှာရင် ကျုပ်တို့အားလုံး ဒုက္ခရောက်ကြရမှာပဲ၊ ကျုပ်တော့ ဒီကိစ္စထဲမှာ မပါချင်ဘူး။ ခင်ဗျား အခုညတွင်းချင်း ဒီမိန်းကလေးကို ပြန်လွှတ်လိုက်ပါ'

ဦးကိုဒီကမူ တော်မီအား အဖက်မလုပ်တော့ဘဲ လက်မောင်းကိုသာ ဆောင့်ရုန်းလျက် ၎င်း၏အလုပ်ခန်းထဲသို့ ဝင်သွားလေတော့သည်။ တော်မီသည် ဦးကိုဒီနောက်သို့ လိုက်သွားမည်ပြုရာ ဒေါ်အဲလစ်က ရှေ့မှကာဆီးထားလိုက်သည်။

'တော်မီ၊ နင်ဟာ နင်နဲ့မဆိုင်တဲ့ကိစ္စမှာ ဝင်မရှုပ်ချင်စမ်းပါနဲ့၊ နင်ဟာ ငါ့တူဆိုပြီး ကိုဒီကအရေးပေးထားလို့ ရောင့်တက်မယ်တော့ မကြံနဲ့နော်... နင်ဟာ တော်တော် ကျေးဇူးကန်းတဲ့အကောင်ဘဲ၊ နင့်ကို ငါနဲ့ကိုဒီက ကြည့်ထားလို့ ဒီလောက်ဟန်ကျပန်ကျ ဖြစ်နေ ရတာကို မေ့မသွားနဲ့'

www.burmeseclassic.com


တော်မီသည် တစ်စုံတစ်ရာကို ပြောမည်ပြုပြီးမှ နှုတ်ခမ်းကို ကိုက်ကာ ခေါင်းငုံ့သွားလေသည်။ ဒေါ်အဲလစ်လည်း ထိုအခါမှ သူ့ခင်ပွန်းနောက်သို့ လိုက်သွားလေသည်။

တော်မီသည် ခေါင်းငိုက်စိုက်ချရာကပင် အိမ်ရှေ့ခန်းသို့ လှည့်ထွက်လာလေသည်။ ထို့နောက် အိမ်ရှေ့တံခါးနားတွင် ခပ်တွေတွေရပ်နေပြန်ရာက တစုံတရာကို စိတ်ဆုံးဖြတ်ချက် ချလိုက်သည့်အလား ခေါင်းကိုဆတ်ခနဲညိတ်လိုက်ကာ အပြင်ဘက်သို့ ခပ်သွက်သွက်ကြီး ထွက်သွားလေ၏။

◆ ◆ ◆

www.burmeseclassic.com

## − ၁၅ −

ညဦးသည် တဖြည်းဖြည်း နက်သထက် နက်လာလေသည်။ ဦးကိုဒီ၏ တစ်အိမ်လုံးမှာလည်း ပကတိ တိတ်ဆိတ်ခြောက်ကပ်လျက် ရှိလေ၏။

အထက်ထပ်ခေါင်မိုးနှင့် ကပ်လျက်သားရှိသည့် အခန်းက လေးထဲတွင်ကား မမြနှင်းသည် ခုတင်ပေါ်တွင် ငြိမ်သက်စွာလဲ လျောင်းနေရှာသည်။ သူမသည်ငိုရလွန်း၍ မောပန်းနေပြီဖြစ်လေ၏။

အပြင်ဘက်မှ အသံဗလံကလေးများ ထွက်ပေါ်လာတိုင်း ခေါင်းနပန်းကြီးကာ ထိတ်လန့်တကြား မော့ကြည့်မိလေသည်။ အခု လောက်ဆို သူ့မိခင်ကြီးသည် သူပြန်မရောက်၍ သောကမီးတောက် လောင်နေတော့မည် ဖြစ်လေသည်။

မမြနှင်း၏ တစ်ခုတည်းသော အားကိုးမျှော်လင့်ချက်တစ်ခု ကား တင်မောင်ဆွေပင် ဖြစ်လေသည်။

သို့ရာတွင် သူမ ဒေါ်အဲလစ်ခေါ်ရာနောက်သို့ လိုက်ခဲ့ရစဉ်က ဘယ်ကိုသွားမည်ဟု ဘယ်သူ့ကိုမှ မှာမထားမိခဲ့ကြောင်း တွေးမိပြန် သည့်အခါတွင် မျှော်လင့်ချက် အားလျော့လာရပြန်၏။

www.burmeseclassic.com


ဦးကိုဒီထိုးခိုင်းသည့် လက်မှတ်ကို ထိုးလိုက်ရကောင်းမလားဟု ကြံမိပြန်သော်လည်း ဖတ်လိုက်ရသော စာကြောင်းကြောင့် မထိုးဝံ့ဘဲ ရှိနေပြန်သည်။ သူမအား ဦးကိုဒီ ဘာကြောင့် လက်မှတ်ထိုးခိုင်းမှန်းကိုလည်း စဉ်းစား၍မရဘဲရှိကာ အားငယ်ကြောက်ရွံ့မှုကသာ သူမ၏စိတ်ကို လွှမ်းမိုးလျက် ရှိနေလေတော့သည်။

ထိုစဉ် တိတ်ဆိတ်နေခြင်းကို ရုတ်တရက်ဖောက်ဖျက်လိုက်သော ကြောက်မက်ဖွယ်ရာအသံကြီးကား တစ်စုံတစ်ယောက်၏ အင်မတန် ထိတ်လန့်တုန်လှုပ်စွာ အော်သံကြီးတစ်ခုပင် ဖြစ်လေသည်။

အော်သံကြီးသည် တစ်ပိုင်းတစ်စနှင့် ပျောက်ကွယ်သွားပြီးနောက် တိတ်ဆိတ်မှုကြီးက လွှမ်းမိုးသွားပြန်တော့သည်။ မမြနှင်းသည် ရင်တဒိန်းဒိန်းခုန်ကာ နားစွင့်နေမိစဉ် အပေါ်ထပ်ကိုတက်လာသည့် ခြေသံတရှပ်ရှပ်သည် တဖြည်းဖြည်းနှင့် သူ၏အခန်းတံခါးဝနားချဉ်းကပ်သွားပြီးနောက် ပျောက်ကွယ်သွားကာ တစုံတစ်ယောက်က ရှူးရှဲရှူးရှဲနှင့် ပြင်းပျစွာအသက်ရှူသံကြီးကို ကြားလာရလေသည်။ ထို့နောက်ကား တံခါးရွက်သည် သိမ့်ကနဲတုန်သွားရာ မမြနှင်းသည် ငယ်သံပါအောင် အော်ဟစ်လိုက်မိလေသည်။

ထိုစဉ် သူမ၏ ခေါင်းထက်ခေါင်းမိုးမှ နေဝင်မှန်ပေါက်သည့် ချွတ်ကနဲမြည်လျက် ကွဲသွားရာ မမြနှင်းက အလန့်တကြား မော့ကြည့်လိုက်မိပြန်သည်။ တံခါးရွက်ကြီးကလည်း သိမ့်ခနဲတုန်သွားပြန်ကာ မှန်ချပ်တစ်ခုက ဖျောင်းခနဲကျိုးသွားပြီး ရောမကြီးမားသည့် လက်ကြီးတစ်ဘက်က ထိုးဝင်လာလေသည်။

'ဒီမှာ... ဒီမှာ...'

ကွဲသွားသော နေဝင်မှန်ပေါက်ဆီတွင် ဦးခေါင်းတစ်ခုပေါ်လာကာ မမြနှင်းအား အရေးတကြီး လှမ်းခေါ်လိုက်ခြင်း ဖြစ်လေ

www.burmeseclassic.com


သည်။ ထိုသူမှာ ဒေါ်အဲလစ်ကားကိုမောင်းသူ ဒရိုင်ဘာတော်မီပင် ဖြစ်နေသည်ကို မမြနှင်းက မှတ်မိလိုက်လေသည်။

'မြန်မြန်လုပ်၊ စားပွဲကလေးကို ဒီအောက်ရွှေ့ပြီး စားပွဲပေါ် တက်လိုက်၊ ကျုပ် ခင်ဗျားကိုဆွဲတင်မယ်၊ မြန်မြန်လုပ်...'

မမြနှင်းကလည်း သွက်လက်စွာပင် စားပွဲကိုရွှေ့ကာ စားပွဲပေါ်သို့ ခုန်တက်လိုက်ပြီး လက်များကို ဆန့်တန်းပေးလိုက်ရာ တော်မီက အပေါက်မှကုန်း၍ လက်ကောက်ဝတ်များကို ဆုပ်ကိုင်လိုက်လေ သည်။

ထိုစဉ်မှာပင် တံခါးကြီးသည် ပတ္တာများမှပြုတ်ထွက်ပြီး ဝုန်းကနဲလဲကျသွားလေ၏။ ထိုတံခါးကို ကြီးမားသောခြေထောက်ကြီး များဖြင့် နင်းချေလျက် ဝင်လာသူကား ရောမဘီလူးကြီး တစ်ယောက် ပင် ဖြစ်နေချေတော့၏။

◆ ◆ ◆

ထိုအချိန်တွင် တင်မောင်ဆွေနှင့် စုံထောက်ရဲမှူးကြီး ကိုသောင်းဖေတို့မှာ ရဲကားတစ်စင်းနှင့် ဖိုးထောင်ကုန်းရွာသို့ စက်ကုန် မောင်းနှင်လာလျက် ရှိနေလေသည်။

'ဒီကောင်ကြီး ဒီလောက်အတင့်ရဲမယ် မထင်လို့ဗျာ... အခု တော့ ကျွန်တော်တို့ မှီမှမှီပါ့မလား မသိတော့ပါဘူး'

တင်မောင်ဆွေသည် တက်တခေါက်ခေါက်နှင့် စိုးရိမ်တကြီး ပြောနေ၏။

ကိုသောင်းဖေကလည်း မချင့်မရဲ ညည်းတွားလိုက်လေ သည်။

'မမြနှင်းနောက်ကို တကောက်ကောက် လိုက်ကြည့်နေရမယ် လို့ ငါမှာထားတဲ့ အကောင်ကိုကလည်း ချာပါတယ်။ စာကြည့်

www.burmeseclassic.com


ပိဋကတ်တိုက်ထဲ ဝင်သွားတာတွေ့ရတော့ အလုပ်တက်သွားတာပဲဆို ပြီး ပြန်လာခဲ့သတဲ့လေ... ထို'

မမြနှင်းတစ်ယောက် အိမ်ပြန်မရောက်သေးကြောင်းကို ထို ညနေ ၆ နာရီကျော်ကျော်ကမှ တင်မောင်ဆွေသည် မမြနှင်း၏စိတ်ပူ နေသော မိခင်ဒေါ်ရွှေသင်းထံမှ သိခဲ့ရခြင်းဖြစ်လေသည်။ သိသိချင်း တင်မောင်ဆွေသည် စာကြည့်ပိဋကတ်တိုက်မှူးထံ စုံစမ်းရန်လိုက်၍ ရှာဖွေလေရာ ည ၇ နာရီခန့်မှ ၎င်းအားရှာတွေ့ပြီး နေ့လယ်ကပင် နေ့တဝက်ခွင့်တိုင်လျက် ကပြားမကြီးတစ်ယောက်နှင့် လိုက်သွား ကြောင်း သိရလေသည်။

ကပြားမကြီးဆိုသည်နှင့်ပင် တင်မောင်ဆွေသည် ဦးကိုဒီ၏ ဇနီး ဒေါ်အဲလစ်ကို ပြေး၍သတိရလိုက်မိကာ ချက်ခြင်း ကိုသောင်းဖေ ထံပြေး၍ အကျိုးအကြောင်းပြောပြကာ အကူအညီတောင်းခံရ၏။ ကိုသောင်းဖေကလည်း ချက်ခြင်းပင် လက်နက်ကိုင်ရဲသား ၃ ဦးကို ခေါ်ကာ ရဲကားတစ်စင်းနှင့် ဖိုးထောင်ရွာသို့ အပြင်းလိုက်လာခဲ့ခြင်း ဖြစ်လေတော့၏။

'အခုလည်း တစ်ခုခုဖြစ်သွားရရင်တော့ ကျွန်တော့ကိုယ် ကျွန်တော် အပြစ်လွှတ်နိုင်တော့မှာ မဟုတ်ပါဘူး'

တင်မောင်ဆွေသည် တစ်လမ်းလုံးပင် ဤသို့တဖျစ်တောက် တောက် ရေရွတ်လာမိလေသည်။

ည ၈ နာရီကျော်ကျော်လောက်တွင်ကား သူတို့၏ကားသည် ဖိုးထောင်ကုန်းရွာမှ ဦးကိုဒီ၏အိမ်ရှေ့တွင် ကျီကနဲဘရိတ်အုပ်၍ ရပ် မိကြလေသည်။ အိမ်ကြီးကား မှောင်မဲတိတ်ဆိတ်လျက် ရှိနေလေ သည်။

တင်မောင်ဆွေနှင့် ကိုသောင်းဖေတို့သည် ကားပေါ်မှခုန်ဆင်း

www.burmeseclassic.com


ကြကာ ပိတ်ထားသော အိမ်တံခါးကြီးကို တခုံးခုံးထုရိုက်၍ ဖွင့်ခိုင်းကြလေသည်။ လက်နက်ကိုင်ရဲသားသုံးယောက်ကလည်း နောက်ကနေ အသင့်ရပ်နေကြလေသည်။

တံခါးကို ဘယ်လိုမှဖွင့်ခိုင်း၍ မရကြသည့်အခါတွင်ကား ကိုယ်စောင်းတိုက်၍ ဖွင့်လိုက်ကြကာ အထဲသို့ပြေးဝင်ခဲ့ကြပြီး ရှေ့တွင်တွေ့လိုက်ရသော အခြင်းအရာတစ်ခုကြောင့် နှစ်ယောက်စလုံး ခြေလှမ်းများ တုံ့ခနဲ ရပ်သွားကြတော့၏။

'မြတ်စွာဘုရား'ဟုပင် ကိုသောင်းဖေကြီးကတော့ ဘုရားတလိုက်လေသည်။

သူတို့ရှေ့တည့်တည့် အိမ်ပေါ်ထပ်သို့တက်သော လှေကားခြေရင်းတွင် ဒေါ်အဲလစ်သည် ကျောက်ရုပ်ကြီးတစ်ခုအလား ငုတ်တုတ်ကြီးထိုင်နေလေသည်။ သူမ၏မျက်လုံးများသည် ရှေ့သို့ ပြူးကြောင်စွာ စူးစိုက်ကြည့်နေကြသော်လည်း အမှန်တော့ ဘာကိုမှ မြင်ရတော့မည်ကား မဟုတ်ချေ။

ကိုသောင်းဖေသည် သူမ၏ ကြောက်ရွံ့ခြင်း အရိပ်အရောင်များ လွှမ်းမိုးနေသည့် မျက်နှာကြီးကို ငုံ့ကြည့်ကာ ခေါင်းကို ဖြည်းညှင်းစွာ ခါယမ်းလိုက်လေသည်။

'လန့်ပြီး နှလုံးရပ်သွားတာနဲ့တူတာပဲ တင်မောင်ဆွေ... ထိုင်ရက်ကြီးကိုသေနေတာပဲ'

'အနင်း... အနင်း... ဘယ်မှာလဲ'

တင်မောင်ဆွေသည် မမြနှင်း၏နာမည်ကိုအော်ခေါ်လေသည်။ ထူးသံကိုကား မကြားရချေ။

ထိုနောက် လက်နှိပ်ဓာတ်မီးရောင်များဖြင့် ကြမ်းပြင်ပေါ်တွင် ထူးခြားသောအရာများကို ၄င်းတို့နှစ်ယောက်က တွေ့ကြရပြန်၏။

www.burmeseclassic.com


ထိုအရာများကား ရောမကြီးမားလှသည့် ခြေရာကြီးများ ဖြစ်နေကြလေသည်။

'ကိုသောင်းဖေ… ဒီခြေရာကြီးတွေဟာ ဟိုလူ့ဘီလူးသတ္တဝါကြီးရဲ့ခြေရာတွေဖြစ်မှာပဲ၊ ခြေရာတွေက အပေါ်ထပ်ကို တက်သွားကြတယ်ဗျို့'

'အေး… ဒီခြေရာတွေဟာ ဟိုအခန်းထဲက ထွက်လာကြတာပဲ၊ မင်း အပေါ်ကိုတက်ကြည့်စမ်း တင်မောင်ဆွေ၊ ငါက ဟိုအခန်းထဲဝင်ကြည့်မယ်'

ကိုသောင်းဖေက ခြေရာတွေကို လက်နှိပ်ဓာတ်မီးနှင့် လိုက်ထိုးကြည့်ရာက ပြန်ဖြေလိုက်၏။

တင်မောင်ဆွေလည်း စိုးရိမ်ကြောင့်ကြမှု ပြင်းပြစွာနှင့်ပင် လျှူဂါအော်တိုမက်တစ် သေနတ်ကိုထုတ်ကာ အပေါ်သို့ ပြေးတက်ခဲ့လေသည်။ ခြေရာများအတိုင်း လျှောက်လိုက်ကြည့်ရာ ပတ္တာပြုတ်ထွက်ကျိုးကျနေသည့် တံခါးပေါက်နှင့် အခန်းကလေးတစ်ခုကို တွေ့လိုက်ရလေသည်။

အခန်းကလေးထဲတွင်ကား စားပွဲကလေးတစ်လုံးသည် ကြေမွနေကာ ခေါင်းမိုးဆီမှ နေဝင်မှန်ပေါက်ကလည်း ကွဲနေသည်။ ကြမ်းပြင်ပေါ်တွင်ကား လက်ကိုင်ပုဝါကလေးတစ်ထည် တွန့်ကြေကျနေ၏။

တင်မောင်ဆွေက လက်ကိုင်ပုဝါကလေးကို ကောက်ယူကြည့်လိုက်ရာ ထောင့်နားတွင် M.N ဟု အတိုကောက်နာမည်ထိုးထားသည်ကို တွေ့လိုက်ရ၏။

'မမြနှင်းရဲ့ လက်ကိုင်ပုဝါကလေးပါပဲ၊ သူ ဒီအခန်းထဲမှာ ရှိနေခဲ့တာတော့ အမှန်ပဲ၊ သူ့ခမျာ ဟိုသတ္တဝါကြီးနဲ့များ တွေ့သွားရ

www.burmeseclassic.com


သလား၊ ဒါမှမဟုတ် ခေါင်မိုးပေါက်ကပဲ ထွက်ပြေးသွားနိုင်ခဲ့သလား'

တင်မောင်ဆွေသည် ထိုအပေါက်ကနေ၍ ခေါင်မိုးပေါ်သို့ တက်ကြည့်ရာ အစွန်းတစ်ဖက်တွင် ကပ်ထောင်ထားသည့် လှေကား ကြီးတစ်ခုကို တွေ့ရသည့်အတွက် စိတ်သက်သာရာ အနည်းငယ် ရလာလေသည်။

အိမ်အောက်ထပ်မှ ဦးကိုဒီ၏အလုပ်ခန်းသို့ ဝင်လာခဲ့သည် တွင် တင်မောင်ဆွေသည် ကိုသောင်းဖေအား ဦးကိုဒီ၏ အလုပ်စားပွဲ တွင်ထိုင်လျက် စာရွက်စာတမ်းများကို ထုတ်ယူကြည့်ရှုလျက် ရှိနေ သည်ကို တွေ့ရလေသည်။

'ဟောဒီမှာ... မင်း စနေတဲ့သော့မျိုး တစ်ချောင်းကို တွေ့ရ ပြန်ပြီ... ဒေါ်အဲလစ်ရဲ့လက်တစ်ဖက်မှာ ဆုပ်လျက်သားတွေ့ရတယ်။ ပြီးတော့ ဟောဒီအံဆွဲထဲကလည်း စိတ်ဝင်စားစရာ စာရွက်စာတမ်း တွေကို တွေ့ရသေးတယ်ကွ'

ကိုသောင်းဖေသည် တင်မောင်ဆွေ့အား ကြေးသော့ကြီး တစ်ချောင်းကို လှမ်းပေးလိုက်ရာက ၄င်း၏လက်ထဲမှ စာရွက်များကို လည်း ကျေနပ်အားရစွာ ပုတ်ပြလိုက်လေသည်။

'ကိုဒီတစ်ယောက်ရောဗျ...'

တင်မောင်ဆွေ၏မေးခွန်းကို ကိုသောင်းဖေက လက်မတစ် ချောင်းဖြင့် စားပွဲတစ်ဖက်အောက်သို့ ထိုးပြခြင်းဖြင့် ပြန်ဖြေလိုက် လေသည်။ ကိုသောင်းဖေ ညွှန်ပြရာ ကြမ်းပြင်ပေါ်တွင်ကား ဦးကိုဒီ တစ်ယောက်မှာ ခွေခွေကလေး လဲကျနေ၏။ ၄င်း၏ဦးခေါင်းတစ်ခု လုံးမှာ စိစိညက်ညက်ကြေနေလေရာ ကြည့်၍ပင် မကောင်းတော့ချေ။

'ဒီလူ့ခေါင်းကို ရောမကြီးပြီး အားကောင်းလှတဲ့ လက်ကြီး တွေက ညှစ်ချေပစ်လိုက်တာနဲ့တူတာပဲဗျာ'

www.burmeseclassic.com


ကိုသောင်းဖေကမူ လက်ထဲက စာရွက်တွေကိုသာ စိတ်ဝင်စားစွာ ဖတ်ရှုနေရာက အားရကျေနပ်စွာ ခေါင်းညိတ်လိုက်လေ၏။

'ဒီစာရွက်တွေက တော်တော့်ကို အရေးကြီးနေတာပဲကွ၊ ဒီမှာကြည့်စမ်း၊ ကိုဒီရဲ့နာမည်အရင်းက 'စောဘာထရမ်ကိုဒီ'ကွ၊ ပြီးတော့ ကိုဒီ့မိန်းမ အဲလစ်ဟာ မင်းကောင် တော်မီရဲ့အဒေါ်အရင်းဆိုပဲ'

ကိုသောင်းဖေသည် ပြောပြောဆိုဆို စာရက်တစ်ရွက် ထုတ်ယူကာ တင်မောင်ဆွေ့အား လှမ်းပေးလိုက်သည်။

'ဟောဒီဟာက လက်ထပ်လက်မှတ်ကွ၊ တရုတ်သူဌေးကြီး ချန်ကီဗှာ သေပြီး ရှစ်လအကြာမှာ စောဘာထရမ်ကိုဒီနဲ့ 'မစ္စ အဲလစ်တာနာ'တို့ဟာ အကြင်လင်မယားအဖြစ်နဲ့ ခရစ်ယာန်ထုံးစံအရ လက်ထပ်ခဲ့တာကို သက်သေခံတဲ့ လက်မှတ်ပဲ'

ကိုသောင်းဖေသည် စိတ်အားထက်သန်စွာပင် အခြားစာရွက်တစ်ရွက်ကိုထုတ်ယူ ဖတ်ကြည့်ရာက တင်မောင်ဆွေ့အား လှမ်းပေးလိုက်ပြန်၏။

'ဒီမှာရော ကြည့်ဦး၊ စောဘာထရမ်ကိုဒီနဲ့ ဒေါက်တာဇာစကီတို့ဟာ ချန်ကီဗှာသူဌေးကြီး မသေခင်ကတည်းက အဆက်အသွယ်ရှိနေခဲ့တာကို ထင်ရှားစေတဲ့ သက်သေခံစာပဲ'

ကိုသောင်းဖေသည် မျက်မှောင်ကြီးကြုတ်ကာ မေးစေ့ကို လက်နှင့်ပွတ်လိုက်လေသည်။

'သူတို့တစ်တွေဟာ တစ်ယောက်နဲ့တစ်ယောက် ဆက်စပ်နေကြတာကတော့ ဟုတ်ပါပြီ၊ ဘာကို အကြောင်းပြုပြီး ဆက်စပ်နေကြတာလဲ တင်မောင်ဆွေ၊ သူတို့ရဲ့ကွင်းဆက်က ဘာများလဲကွာ'

'အဲဒီကွင်းဆက် ဘာဆိုတာဟာ ကျွန်တော်ရေးတေးတေး

www.burmeseclassic.com


သိနေပါပြီ ကိုသောင်းဖေ၊ ဒါပေမဲ့ အခုလောလောဆယ် အရေးကြီးတာက မမြနှင်းကို အရှရှာဖို့ပဲဗျ'ဟု တင်မောင်ဆွေက ပြန်ဖြေလိုက်သည်။

'သူ အပေါ်ထပ်ကအခန်းကလေးထဲမှာ ရှိသွားခဲ့တာကတော့ သေချာပါတယ်၊ အရိပ်လက္ခဏာကိုကြည့်ရတာကလည်း သူဟာ ဟိုသတ္တဝါကြီးလက်က သီသီလေးလွတ်သွားခဲ့ပုံပါပဲ။ သူ အဲသလိုလွတ်သွားခဲ့တယ်ဆိုရင်တော့ သူဟာ ချန်ကီဗုာရဲ့ ရော်ဘာခြံထဲက တိုက်ကြီးကို အရောက်ပြေးမယ်လို့ ကျွန်တော် ထင်တယ်။ ကျွန်တော်တော့ အဲဒီကိုလိုက်သွားဦးမယ် ကိုသောင်းဖေ။ ဒီလူသတ်မှုကိုတော့ ခင်ဗျားကပဲ လှည်းကူးရဲဌာနကို အကြောင်းကြားပေတော့ဗျာ... ဟုတ်လား'

တင်မောင်ဆွေသည် ပြောပြောဆိုဆိုပင် အခန်းထဲမှ ခပ်သုတ်သုတ်ထွက်သွားတော့ရာ ကိုသောင်းဖေကလည်း လှည်းကူးရဲဌာနသို့ အကြောင်းကြားရန် ဖုန်းရှိရာသို့ လျှောက်လာခဲ့လေ၏။

◆ ◆ ◆

www.burmeseclassic.com

## — ၁၆ —

မမြနှင်းသည် ကြောက်လန့်ဖွယ်ရာ အိပ်မက်ဆိုးကြီးတစ်ခုကို မြင်မက်နေရသလားဟု စိတ်ထဲတွင် ထင်မှတ်နေမိလေသည်။ သူမသည် မှောင်ကြီးမည်းမည်းထဲ၌ပင် ဒယီးဒယိုင် ခြေဦးတည့်ရာသို့ စွပ်ပြေးလျက်ရှိနေလေ၏။

သူမသည် ဦးကိုဒီ၏အိမ် အကျဉ်းခန်းထဲသို့ တံခါးကိုချိုး ဖျက်ဝင်လာသော ကြောက်စရာကောင်းလှသည့် သတ္တဝါကြီးကို မျက်စိထဲ၌ ယခုတိုင် မြင်ယောင်နေမိလေသည်။ ဒေါ်အဲလစ်၏ဒရိုင်ဘာတော်မီဆိုသည့် ကပြားက ထိုသတ္တဝါကြီး အခန်းထဲသို့ဝင်လာစဉ် အချိန်မီကလေးမှာပင် သူမအား နေဝင်မှန်ပေါက်မှနေ၍ ဆွဲတင်ကယ်ဆယ်နိုင်ခဲ့ပေသည်။

ထို့နောက် သူတို့နှစ်ယောက်သည် လှေကားကြီးမှပြေးဆင်းပြီး ဖိုးထောင်ကုန်းရွာကိုဖြတ်၍ ရော်ဘာတောကြီးဘက်သို့ ပြေးခဲ့ကြရာ သတ္တဝါကြီးသည် နောက်မှ ခြေသံတဘုန်းဘုန်းဖြင့် ပြေးလိုက်လာခဲ့သေးလေသည်။ တောစပ်သို့ရောက်လျှင်ကား သူမအား ကယ်ဆယ်ခဲ့သည့် ကပြားတော်မီသည် သူမအား ရှေ့သို့ တစ်ဦးတည်းဆက်၍ ပြေးခိုင်းခဲ့လေသည်။

www.burmeseclassic.com


'ခင်ဗျား ဒီတောကြီးကိုဖြတ်သွားရင် ဟိုဘက်မှာ ချန်ကီဟွာ သူဌေးကြီးရဲ့တိုက်ကြီးကို တွေ့ရလိမ့်မယ်၊ အဲဒီက အစေခံတွေကို ခင်ဗျား အကူအညီတောင်းပေတော့၊ ကျုပ်တော့ ဟိုကောင်ကြီးကို ဒီကနေစောင့်ပြီး လမ်းလွှဲခေါ်သွားပေးမယ်၊ သွားပေတော့'

ကြောက်ရွံ့စိတ်မွှန်နေမိသော မမြနှင်းသည် တော်မှီအား ကျေးဇူးတင်စကားမှမပြောနိုင်တော့ဘဲ ရှေ့သို့ ဆက်လက်ပြေးခဲ့ခြင်း ဖြစ်လေသည်။

ယခုတော့ သူမမှာ ဆက်မပြေးနိုင်တော့အောင် ခြေကုန် လက်ပမ်းကျလာလေသည်။ ထိုအခါမှပင် သူမသည် အသက်ရှူမှန်စေ ရန် ခေတ္တရပ်နားပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်ရာ ရှေ့တွင် ကွက်လပ်ကလေးတစ်ခုရှိနေပြီး ကွက်လပ်အလယ်တွင်ကား ချန်ကီဟွာ၏သချိုင်းဂူကြီးကို တွေ့လိုက်ရလေသည်။

ဒီလိုဆိုရင် ချန်ကီဟွာတိုက်အိမ်ကြီးကို သိပ်မဝေးတော့ဟု တအားတက်လာကာ သချိုင်းဂူကြီးကိုဖြတ်၍ ခပ်သုတ်သုတ်လျှောက် လာစဉ် သူမ၏ ရှေ့မှောင်ရိပ်ထဲမှ မည်းမည်းသဏ္ဍာန်တစ်ခုထွက်လာ ပြီး လက်တစ်ဖက်ကိုဖမ်းဆွဲထားလိုက်ရာ မမြနှင်းခမျာမှာ လိပ်ပြာ စင်ထွက်သွားမိမတတ် ထိတ်လန့်သွားမိလေတော့၏။

'မင်း ဘယ်ကလဲ၊ မင်း ငါ့ကို လိုက်ချောင်းနေတာပေါ့ လေ'

မမြနှင်းရှေ့တွင် မားမားကြီးရပ်လျက် မေးလိုက်သူကား မုတ်ဆိတ်မွေးဖားဖားနှင့် ဒေါက်တာဇာစကီပင် ဖြစ်လေသည်။ မမြနှင်း မှာ ဒေါက်တာဇာစကီကို တွေ့ရလျှင် ကူမည့်သူတစ်ယောက်တော့ တွေ့ရပြီဟု တော်တော်ပင် အားတက်သွားမိရှာ၏။

'ဟော… ဒေါက်တာ ကျွန်မကိုကူညီပါရှင်၊ ကျွန်မနောက်

www.burmeseclassic.com


က ကြောက်စရာအကောင်ကြီးတစ်ကောင် လိုက်လာနေပါတယ်။ ကျွန်မကို ကူညီပါ ဒေါက်တာရယ်'

'ကြောက်စရာအကောင်ကြီး... ဟုတ်လား'

ဒေါက်တာဇာစကီသည် မမြနှင်းအား စိုက်ကြည့်ပြီးမှ ဦးခေါင်းကို ဆတ်ခနဲ တစ်ချက်ညိတ်လိုက်လေသည်။

'မိန်းကလေး မင်းဟာ သိပ်ကိုစိတ်ချောက်ချားနေတယ်၊ မင်းကို ဆေးတိုက်ရမယ်၊ ရော့... ရော့... ဒီဆေးလုံးကလေးတွေကို မျိုချလိုက်စမ်း'

မမြနှင်းသည် ဒေါက်တာဇာစကီ ထုတ်ပေးသောဆေးနီလုံးသုံးလုံးကို လက်ဖြန့်ခံလိုက်ကာ ပါးစပ်တွင်တော့ကပ်ပြီး မျိုချချင်ယောင်ဆောင်လိုက်လေသည်။ ဤဒေါက်တာကြီးသည် သူမအား ကူညီမည့်သူ မဟုတ်ကြောင်းကို သူမသည် ရုတ်ခြည်းပင် ရိပ်မိလိုက်သောကြောင့် ဖြစ်လေ၏။

'ဟုတ်ပြီ၊ ကဲ... လာ... ငါ့နောက်ကိုလိုက်ခဲ့၊ မင်းကို ဟိုအကောင်ကြီးရန်က ငါ ကာကွယ်ပေးမယ်'

ဒေါက်တာဇာစကီသည် ပြောပြောဆိုဆို မမြနှင်းအား သချိုင်းဂူကြီးဘက်သို့ ဆွဲခေါ်သွားလေတော့၏။ ဂူကြီး၏ သံတံခါးဝသို့ ရောက်လာလျှင်ကား ဇာစကီသည် မမြနှင်း၏လက်ကိုလွှတ်လိုက်ပြီး ဂူတံခါးကို သော့တစ်ချောင်းနှင့်ဖွင့်လိုက်လေသည်။

'ကဲ... မိန်းကလေး... ဝင်စမ်း'

မမြနှင်းသည် ရုတ်တရက် အသက်ဝင်လာသည့်အလား ဒေါက်တာဇာစကီ၏ရင်ဘတ်ကြီးကို ဆတ်ခနဲ ဆောင့်တွန်းပစ်လိုက်ရာ ဆရာဝန်ကြီးသည် ဂူတံခါးဝကြီးထဲသို့ အားလွန်၍ လဲကျသွားလေသည်။ မမြနှင်းကလည်း သံတံခါးကြီးကို ဂျိုင်းခနဲပိတ်ထားလိုက်

www.burmeseclassic.com


ကာ ချန်ကီတှာဂေဟာကြီးဆီသို့သာ ဦးတည်လျက် စွပ်ပြေးခဲ့လေတော့၏။

ရော်ဘာတောအုပ်ထဲမှ ထွက်လာနိုင်သည့်အခါတွင်ကား မမြနှင်းမှာ ဒူးမခိုင်တော့ဘဲ ခွေခနဲလဲကျသွားလေသည်။ သို့ရာတွင် ရှေ့တည့်တည့်၌ ချန်ကီတှာတိုက်အိမ်ကြီးကို တွေ့ရပြီး ပြတင်းပေါက်တစ်ပေါက်တွင် မီးလင်းလျက်ရှိသည်ကိုလည်း သတိပြုလိုက်မိရကားတအားတက်လာကာ ပြန်ထ၍ ဆက်ပြေးလာခဲ့လေသည်။

မီးလင်းနေသော ပြတင်းပေါက်ဆီသို့သာ ရောက်လာသည့်အခါတွင်ကား မမြနှင်းသည် တိုက်နံရံကိုမှီကာ အသက်ကို အားရပါးရရှူရှိုက်နေရလေသည်။ တစ်ကိုယ်လုံးမှာလည်း ချွေးတွေရွှဲပြီးတဆတ်ဆတ်တုန်ယင်လျက် ရှိနေသည်။

အတော်ကလေး အပန်းပြေသွားမှ အကူအညီတောင်းရန်ပြတင်းပေါက်ဆီသို့ မော့ကြည့်လိုက်ရာ မြင်တွေ့ရသော အခြင်းအရာတစ်ခုကြောင့် သူမမှာ နှလုံးသွေးပင်ရပ်သွားတော့မလောက် ထိတ်လန့်သွားရပြန်လေသည်။ မီးလင်းနေသော ပြတင်းပေါက်အတွင်းရှိ အခန်းနံရံကြီးတစ်ဖက်တွင် အပေါက်ကြီးတစ်ခုက ဖြည်းဖြည်းချင်း ပွင့်လာကာ အသားတွေဝါဝင်းလျက် ကတုံးပြောင်အောင်ရိပ်ထားသည့် လူဘီလူးကြီးတစ်ကောင်က ကုပ်ချောင်းချောင်းထွက်လာသည်ကို တွေ့လိုက်ရခြင်းပင် ဖြစ်လေ၏။ သို့ရာတွင် လူဘီလူးကြီးကမူ သူမအားဘယ်လိုမှ သတိမပြုမိဘဲ ရှေ့တည့်တည့်သို့သာ တလှုပ်လှုပ်နှင့်လျှောက်ကာ မမြနှင်း၏မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့၏။

'ဟင်... အနှင်း... တော်ပါသေးရဲ့၊ ဘာမှမဖြစ်ပါဘူးနော်'

ဝမ်းသားအားရခေါ်လိုက်သံကြောင့် မမြနှင်းက ချာခနဲ လှည့်

www.burmeseclassic.com


ကြည့်လိုက်သည်တွင် သူမထံသို့ ပြေးလာနေသော တင်မောင်ဆွေ့အား တွေ့လိုက်ရလေသည်။

'ကိုဆွေ... ကိုဆွေ...'

မမြနှင်းသည် တင်မောင်ဆွေ၏ ရင်ခွင်တွင်းသို့ တိုးဝင်သွားကာ တင်းကြပ်စွာ ဖက်ထားလိုက်ပြီးနောက် သတိလစ်သလို ဖြစ်သွားရှာလေတော့၏။

နောက်တစ်နာရီခန့်အကြာ ချန်ကီဗုာတိုက်အိမ်ကြီးသို့ ကိုသောင်းဖေ လိုက်လာသည့်အခါတွင်မူကား မမြနှင်းမှာ တင်မောင်ဆွေနှင့်တိုက်ကြီးမှ အစေခံများ၏ ပြုစုမှုကြောင့် ပြန်လည်၍ ထူထူထောင်ထောင် ဖြစ်ကာ စကားပြောနိုင်နေပြီ ဖြစ်လေသည်။

မမြနှင်းသည် ကိုသောင်းဖေနှင့် တင်မောင်ဆွေ့အား သူမတွေ့ကြုံခဲ့ရသမျှအကြောင်းတွေကို ပြန်လည်ပြောပြလိုက်လေသည်။ တိုက်အိမ်ကြီးသို့ ရောက်လာရပြီးနောက် သူမ တွေ့မြင်ခဲ့ရသော လူ ဘီလူးကြီးအကြောင်းကို သိကြရလျှင်ကား တင်မောင်ဆွေနှင့် ကိုသောင်းဖေသည် တစ်အိမ်လုံးတွင် အနှံ့လိုက်ရှာကြပြန်၏။ သို့ရာတွင် လူဘီလူးကြီးကိုသော်လည်းကောင်း၊ လူ့ဘီလူကြီးထွက်လာရာ လျှို့ဝှက်တံခါးကိုသော်လည်းကောင်း ဘယ်လိုမှ ရှာမတွေ့ကြဘဲ ရှိနေပြန်၏။

ည ၁၁ နာရီလောက်တွင်ကား တိုက်အိမ်ကြီးရှေ့တွင် ကားတစ်စင်း ဆိုက်လာလေသည်။ ကားပေါ်တွင် ပါလာကြသူများကား ဦးကံထားနှင့် မမြနှင်း၏မိခင် ဒေါ်ရွှေသင်းတို့ပင် ဖြစ်နေကြလေသည်။

ဒေါ်ရွှေသင်းကား သမီးဖြစ်သူကို ဘေးမထိရန်မခ တွေ့ရသည့်အတွက် အလွန်တရာပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရှာကာ

www.burmeseclassic.com


သမီးကလေးကို ပိုက်ထွေးယုယပြီး တင်မောင်ဆွေနှင့် ကိုသောင်းဖေတို့အားလည်း ကျေးဇူးတင်စကားပြောမဆုံးအောင် ရှိနေလေတော့၏။

ဦးကံထားမှာလည်း ဝမ်းမြောက်ကျေနပ်ပုံရကာ တင်မောင်ဆွေ့အား သတင်းတစ်ခု ပြောပြလိုက်လေသည်။

'ဒီကနေ့နေ့ခင်းကပဲ ကျုပ် မောင်စိန်လင်းဆီက စာတစ်စောင်ရတယ် ဦးတင်မောင်ဆွေ၊ သူ မြန်မာပြည်ကို ပြန်ရောက်နေပြီတဲ့၊ ဒီညဖြစ်ဖြစ် မနက်ဖြန်ဖြစ်ဖြစ် ဒီတိုက်အိမ်ကြီးကို အရောက်လာခဲ့မတဲ့၊ ပြီးတော့ အရေးကြီးတဲ့အကြောင်းတစ်ခုလည်း မှာလိုက်သေးတယ်၊ ဖတ်ကြည့်ပေတော့'

တင်မောင်ဆွေသည် ဦးကံထား၏လက်ထဲမှ စာကိုယူ၍ ဖတ်ကြည့်လိုက်ရာ ထူးခြားသောစာတစ်ပုဒ်ကို တွေ့လိုက်ရလေသည်။

*'ကျွန်တော်နဲ့ ညီမသုံးဝမ်းကွဲတော်တဲ့ မမြနှင်းနဲ့ သူ့အမေမှာ ကြီးမားတဲ့အန္တရာယ်ကြီး တစ်ခု ရှိနေပါတယ် ဦးလေး၊ အခု ဤစာထဲမှာ ရှင်းပြ၍တော့ မဖြစ်နိုင်ပါ။ ဒါကြောင့် ဦးလေးကပဲ သူတို့နှစ်ယောက်ကိုခေါ်ပြီး လှည်းကူးရော်ဘာ ခြံထဲက ကျွန်တော့်တိုက်ကြီးထဲမှာ ခေါ်ပြီး စောင့်ရှောက်ထားပါ။ ကျွန်တော် လာမယ့်ညမှာဖြစ်ဖြစ်၊ မနက်ဖြန် စောစောဖြစ်ဖြစ် အရောက်လာပြီး အကြောင်းစုံရှင်းပြပါ့မယ်'*

တင်မောင်ဆွေလည်း ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်ကာ စာကို ဦးကံထားအား ပြန်ပေးလိုက်လေသည်။

'မမြနှင်းမှာ အန္တရာယ်ကြီးရှိနေတာတော့ အမှန်ပါပဲ၊ ဒီ

www.burmeseclassic.com


တော့ အခု အတောအတွင်းမှာ သူတို့သားအမိနှစ်ယောက်ကို ရဲ အစောင့်အရှောက်နဲ့ ဒီမှာပဲထားတာ အကောင်းဆုံးဖြစ်မှာပါပဲ'

ကိုသောင်းဖေကလည်း ဝင်၍ ထောက်ခံလိုက်လေသည်။

'ဟုတ်တယ် တင်မောင်ဆွေ၊ ငါ အစောင့်အရှောက်အဖြစ်နဲ့ လှည်းကူးကရဲတွေကို ဖုန်းဆက်ခေါ်ထားလိုက်ပါ့မယ်။ ငါတို့လည်း ဒီကနေပြီး မောင်စိန်လင်းရောက်လာတဲ့အထိ စောင့်နေကြတာပေါ့ကွာ... ဟုတ်စ'

မမြနှင်းတို့သားအမိကို တိုက်ကြီး၏အပေါ်ထပ် အခန်းတစ်ခန်းတွင် အတူအိပ်စေပြီး အခန်းအပြင်ဘက်တွင် လက်နက်ကိုင်ရဲသားနှစ်ယောက်ကို အစောင့်ချထားလိုက်လေသည်။ ထိုအတောအတွင်းဝယ် ကိုသောင်းဖေသည် လှည်းကူးရဲဌာနသို့ပြန်လျက် အထူးဝရမ်းဖြင့် ဒေါက်တာဓာစကီအားဖမ်းရန် လိုက်ရှာကြသော်လည်း လူသတ်ဆရာဝန်ကြီးမှာ ပျောက်ချင်းမလှ ပျောက်နေလေ၏။

တင်မောင်ဆွေကား သူ့အတွက် ရထားသော အခန်းထဲတွင် ဝင်ရောက်ပျောက်ကွယ်သွားလေ၏။ သို့ရာတွင် တင်မောင်ဆွေကား အိပ်နေသည် မဟုတ်ချေ။ အခန်းပြတင်းပေါက်မှကျော်ထွက်ကာ တိုက်ကြီးကို လှည့်ပတ်ပြီး အရိပ်အခြည်ကို စောင့်ကြည့်နေသည်ဖြစ်ရာ နံနက်မိုးမလင်းမီ လေးနာရီအချိန်ခန့်တွင် သူ စောင့်စားနေသော အချင်းအရာတစ်ခုကို တွေ့ရလေသည်။

ထိုအချင်းအရာမှာလည်း အခြားမဟုတ်။ လူဘီလူးကြီးနှစ်ကောင်သည် တိုက်ကြီးဘေးရှိ တောတန်းကလေးထဲမှ ထွက်လာကာ ရော်ဘာတောအုပ်ရှိရာသို့ ခုန်ပေါက်ပြေးလွှားသွားခြင်းပင် ဖြစ်လေ သည်။ တင်မောင်ဆွေလည်း လျှုဂါသေနတ်ကို အသင့်ကိုင်လျက် နောက်ကပြေးလိုက်ခဲ့ရာ တောအုပ်အစပ် ကွက်လပ်ကလေးတစ်ခုတွင်

www.burmeseclassic.com


ထူးခြားလှသော အချင်းအရာတစ်ခုကို တွေ့ရပြန်သည့်အတွက် မှောင်ရိပ်အသာခိုကာ တအံ့တသြကြီးပင် ငေးကြည့်နေလိုက်မိလေ၏။

ကွက်လပ်ကလေးတွင် လူဘီလူးကြီးနှစ်ကောင်သည် ဒေါ်အဲလစ်၏တူ ကပြားတော်မီနှင့် လက်ချင်းတွဲကာ သီချင်းတကြော်ကြော်ဆိုလျက် ကခုန်နေကြခြင်းပင် ဖြစ်လေသည်။ လူဘီလူးကြီး၏ အသံများမှာ လူကောင်ကြီးမားလှသည့်တိုင် ဆယ်နှစ်ရွယ်ကလေးများ၏အသံနှင့်မခြား ကြည်လင်သေးငယ်လျက် ရှိကြကာ ၎င်းတို့ဆိုနေသည့် သီချင်းများမှာလည်း ကလေးများဆိုလေ့ရှိသည့် သီချင်း ဖြစ်နေလေ၏။

*'ဒီမှာ ဘောဘီ ဘော်လုံး*
*လုံးလုံးဝိုင်းဝိုင်းကြီး....*
*ဒီမှာဘောဘီ ဆီးဆော*
*လွဲနေသည်ကို ကြည့်...'*

တင်မောင်ဆွေသည် သူ့တစ်သက်တွင် ဤမျှထူးခြားလှသော အချင်းအရာမျိုးကို မတွေ့ဖူးသေးဘဲ ရှိလေတော့၏။ ပို၍အံ့သြဖွယ်ကောင်းနေသည်ကား တော်မီသည် ဤလူဘီလူးကြီးနှစ်ကောင်နှင့် ချစ်ကြည်သင့်မြတ်နေခြင်းပင် ဖြစ်လေသည်။

ထိုစဉ် လေချွန်သံတစ်ခုနှင့် ရှမ်းခနဲရိုက်လိုက်သော ကြာပွတ်သံကြီးတစ်ခုက ပေါ်လာလေရာ သီချင်းဆိုကနေကြသော လူဘီလူးကြီးနှစ်ကောင်သည် ချက်ချင်း ငြိမ်သက်သွားကြလျက် အသံလာရာဘက်သို့ ကြောက်ရွံ့စွာ လှည့်ကြည့်လိုက်ကြလေသည်။ တော်မီကမူ သွက်လက်စွာ ဘေးရှိခြုံတောနောက်သို့ ပြေးဝင်ပျောက်ကွယ်သွားလေ၏။ မရှေးမနှောင်းမှာပင် ကွက်လပ်ကလေးထဲသို့ ကြာပွတ်ကြီးတစ်လက်ကိုင်ထားသည့် ဒေါက်တာဓာစကီက လျှောက်ဝင်လာ

www.burmeseclassic.com


လေသည်။

'ကြည့်စမ်း... ကောင်ကလေးနှစ်ယောက် မင်းတို့က ဒီမှာ လာပြီး ကစားနေကြတာကိုး၊ ငါဖြင့် ရှာလိုက်ရတာ ဖတ်ဖတ်ကို မောလို့... လာခဲ့စမ်း၊ ငါ့နောက်ကို လိုက်ခဲ့စမ်း... မင်းတို့ကို ဒီမှာ ဆက်ထားလို့ မဖြစ်တော့ဘူး၊ ငါနဲ့အတူလိုက်ခဲ့ပေတော့၊ ငါလည်း နေရာပြောင်းရတော့မယ်'

ဒေါက်တာဇာစကီသည် ကြာပွတ်သံတရွှမ်းရွှမ်းပေးကာ လူဘီလူးကြီးနှစ်ကောင်အား သူ့ရှေ့မှ မောင်းနှင်သွားကာ ကွက်လပ်ကလေး၏ အစပ်တွင်ရှိနေသော ဂျစ်ကားတစ်စင်းပေါ်သို့ တက်ခိုင်းလိုက်လေသည်။ တင်မောင်ဆွေကလည်း ပုန်းနေရာမှထွက်ကာ ဂျစ်ကားဆီသို့ ပြေးသွားစဉ်မှာပင် ဂျစ်ကားကို ဒေါက်တာဇာစကီက ဝူးခနဲ မောင်းထွက်သွားလေတော့သည်။

ထိုစဉ်ချိန်တွင် မည်းမည်းသဏ္ဌာန်တစ်ခုသည် ဂျစ်ကားနောက်ဘက်မှ ခိုတက်ကပ်တွယ် ပါသွားသည်ကို တင်မောင်ဆွေက တွေ့လိုက်ရလေသည်။ ထိုလူကား တော်မီပင် ဖြစ်လေသည်။

ဒေါက်တာဇာစကီကား လူဘီလူးနှစ်ယောက်ကိုကျော်၍ တော်မီ ဂျစ်ကားထဲသို့ ဝင်လာသည်ကို ဘယ်လိုမှသတိမထားမိဘဲ ဂျစ်ကားကိုသာ လမ်းကြမ်းအတိုင်း ဂရုစိုက်၍ မောင်းနေလေသည်။

'ခွေးတိရစ္ဆာန်ကြီး... သေပေတော့ကွာ...'

တော်မီသည် ရတ်တရက် အော်ဟစ်လိုက်ရာက လက်ထဲတွင်ပါလာသော စပင်နာကြီးဖြင့် ဒေါက်တာဇာစကီ၏ ဦးခေါင်းပြောင်ပြောင်ကြီးကို တစ်ချက်တည်း ရိုက်ခွဲချလိုက်လေသည်။ နောက်တစ်ခဏအတွင်းဝယ်ကား ဂျစ်ကားကလေးသည် လက်ယာဘက်ဘေးရှိ ကျောက်တွင်းဟောင်းကြီးတစ်ခုထဲသို့ ဦးစိုက်ထိုးကျသွားကာ

www.burmeseclassic.com


ကျောက်တွင်းထဲတွင် ဝပ်နေသည့် ရေအောက်သို့ စုံးစုံးနစ်မြုပ်သွားလေသတည်း။

တင်မောင်ဆွေက ထိုနေရာသို့ ရောက်လာလျှင်ကား တွင်းနှုတ်ခမ်းဝတွင်ထိုင်၍ ရှိုက်ကြီးတငင်ငိုနေသည့် တော်မှီကို တွေ့ရလေသည်။ တော်မှီအား ချော့မော့မေးကြည့်သည့်အခါတွင် သိရသည့် အကြောင်းအရာများကား ရင်နှာသနားဖွယ်ရာ ကောင်းလှလေတော့၏။

'ဆရာတွေ့လိုက်ရတဲ့ လူဘီလူးကြီးနှစ်ယောက်ထဲက တစ်ကောင်ဟာ ကျွန်တော့်ရဲ့ အမြွှာပူးညီပါခင်ဗျာ။ သူကလည်း ညဦးက ကိုဒီ့ကိုသတ်ပြီး မမြနှင်းကိုသတ်ဖို့ တက်လာတုန်း ကျွန်တော်က ဝင်ကယ်လိုက်ရပါတယ်။ ကိုဒီ့ကိုသတ်ခိုင်းတာက ဓာစကီဆိုတဲ့ ခွေးဆရာဝန်ကြီးပဲပေါ့။ သူက ကျွန်တော့်ညီကို ငယ်ငယ်ကလေးကတည်းက အရယူပြီး သူ့ဆေးပညာနဲ့ အခုလို အသိဉာဏ်က ကလေးသာဖြစ်ပြီး လူကောင်ကြီးက ဘီလူးကြီးလိုကြီးလာအောင် ဖန်တီးယူခဲ့တာပဲပေါ့'

'မင်းညီက မင်းကို မှတ်မိနေသကိုး'

'သူက ညဦးက ကျွန်တော်နဲ့ မမြနှင်းနောက် လိုက်လာတာပဲ၊ ကျွန်တော်က မမြနှင်းကို အရင်ပြေးနှင့်စေပြီး သူက လမ်းလွှဲခေါ် အပြေးမှာ ကျွန်တော့်ကို ဖမ်းမိသွားတယ်။ ဒါပေမယ့် သူက ကျွန်တော့်ကို မှတ်မိနေတယ် ဆရာ၊ သူ့ရုပ်ကလည်း ငယ်ငယ်ကရုပ်အတိုင်းဖြစ်နေတာနဲ့ ကျွန်တော်ကလည်း ပြန်မှတ်မိတာပေါ့။ ဒါနဲ့ ကျွန်တော်လည်း တစ်ညလုံး သူနဲ့အတူနေပြီး သူ့အဖော် တခြားလူဘီလူးကောင်ကြီးကိုပါ သွားအခေါ်ခိုင်းလိုက်တယ်။ ကျွန်တော့်အကြံက သူတို့ကို နားသွင်းပြီး ဒေါက်တာဓာစကီ့ကို ပြန်အသတ်ခိုင်းမလို့ပေါ့။ အခု

www.burmeseclassic.com


တော့ ကျွန်တော်ကိုယ်တိုင် ဇာစကီကို စီရင်လိုက်တာမှာ သူတို့ပါ ပါသွားကြတော့တာပဲ'

တင်မောင်ဆွေလည်း တော်မှီပခုံးကိုဖက်လျက် နှစ်သိမ့်ချော့ မော့လိုက်ရလေ၏။

'သူတို့အတွက် ဒီလိုလမ်းဆုံးသွားတာကလည်း ကောင်းပါတယ်ကွာ၊ ဒါပေမယ့် ဒီကလေးလူဘီလူးကောင်ကြီးနှစ်ကောင်ကို ဖန်တီးခဲ့တဲ့ တကယ့်တရားခံတစ်ယောက်ကို ငါ ဖမ်းဖို့ ကျန်နေသေးတယ်ကွ'

တင်မောင်ဆွေက ထိုသို့ပြောလိုက်ချိန်တွင် ချန်ကီဗုာ၏ အမွေခံ စိန်လင်းဆိုသူကို စိတ်ထဲက အမှတ်ရလာမိကာ အံကြိတ်ကို ကြိတ်လိုက်မိလေ၏။

◆ ◆ ◆

www.burmeseclassic.com

## - ၁၇ -

ချန်ကီဟုာ၏ တိုက်ကြီးသို့ တင်မောင်ဆွေ ပြန်ရောက်လာသည့် အခါတွင် တိုက်ကြီးတစ်ခုလုံးမှာ မီးဟုန်းဟုန်းတောက်လောင်နေသည် ကို တွေ့ရလေ၏။ တင်မောင်ဆွေလည်း 'ငါထင်တဲ့အတိုင်းတော့ ဖြစ်နေပြီ'ဟု တွေးလိုက်မိကာ ဒုံးစိုင်းပြေးချလာလေ၏။

ဦးကံထားကား ညဝတ်အင်္ကျီကြီးတဖားဖားနှင့် တိုက်ကြီး အောက်တွင် ခုန်ဆွဆွနှင့် အော်ဟစ်နေလေသည်။

'လုပ်ပါဦး၊ ခင်ဗျားတို့ ဒီအတိုင်းကြည့်နေကြတော့မှာလား၊ တိုက်ပေါ်မှာ အမျိုးသမီးနှစ်ယောက် ပိတ်မိကျန်နေရစ်ခဲ့ကြပြီလေ၊ ခင်ဗျားတို့ ကယ်ဖို့ ကြိုးစားကြပါဦး'

ဦးကံထား ခုန်ပေါက်အော်ဟစ်နေသည်ကို ကိုသောင်းဖေ ကြီးသည် မတုန်မလှုပ် ရပ်၍နားထောင်နေသည်။ တင်မောင်ဆွေက သူတို့အနီးသို့ အပြေးကလေးရောက်လာတော့မှ ကိုသောင်းဖေသည် အသက်ဝင်လှုပ်ရှားလာလေ၏။

'ဟော... တင်မောင်ဆွေ၊ မင်းကို ငါ စောင့်နေတာပဲ၊ မင်းထင်တဲ့အတိုင်း ဖြစ်လာတာပဲဟေ့'

www.burmeseclassic.com


တင်မောင်ဆွေက ခေါင်းညိတ်ပြလိုက်စဉ် ဦးကံထားသည် တင်မောင်ဆွေ့ပခုံးကိုကိုင်လှုပ်ကာ အော်ဟစ်လိုက်ပြန်၏။

'ဦးတင်မောင်ဆွေ… လုပ်ပါဦးဗျာ၊ မမြနှင်းနဲ့ သူ့အမေ တော့ တိုက်ပေါ်မှာ ပိတ်မိကျန်နေရစ်ခဲ့ကြပြီ၊ သူတို့ကို မကယ်ကြ တော့ဘူးလား'

တင်မောင်ဆွေသည် ဦးကံထားအား ခပ်တည်တည်ပင် ပြန် ကြည့်လိုက်လေ၏။

'ကယ်ဖို့မလိုပါဘူး ဦးကံထားရာ…'

'ဘာဗျ… ကယ်ဖို့မလိုပါဘူး ဟုတ်လား'

'ဟုတ်တယ်လေ၊ ခင်ဗျား ဒီလိုကြံမယ်ဆိုတာကိုသိလို့ ကျုပ် ညကတည်းက အမျိုးသမီးနှစ်ယောက်စလုံးကို တိတ်တိတ်ကလေး ခေါ်ထုတ်သွားခဲ့ပြီးပဲ'

ဦးကံထားကား မျက်စိမျက်နှာပျက်ကာ ပါးစပ်ကြီး အဟောင်းသား ဖြစ်နေတော့သည်။ ဤတွင် ကိုသောင်းဖေက ရှေ့ သို့တိုးလာကာ ဦးကံထား၏ပခုံးပေါ်သို့ လက်တစ်ဖက်ကို တင်လိုက် လေ၏။

'ဦးကံထား… ခင်ဗျားကို လူသတ်မှု၊ မီးရှို့မှု၊ လိမ်လည်မှု နဲ့ ကျုပ် ဖမ်းတယ်'

ထိုအခါမှ ဦးကံထားသည် အသံပြန်ထွက်လာ၏။

'ဘာဗျ… ခင်ဗျားတို့ ရူးနေသလား၊ ကျုပ်လို လူကြီးလူ ကောင်း ဝတ်လုံတော်ရတစ်ယောက်ကို ခင်ဗျားတို့ အရမ်းမစွပ်စွဲပါ နဲ့'

'ခင်ဗျားဟာ တကယ်တော့ စက်ဆုပ်စရာကောင်းလှတဲ့ လူလိမ်လူကောက် လူသတ်သမားကြီးတစ်ယောက်ပဲ'

www.burmeseclassic.com


ဟု တင်မောင်ဆွေက ခက်ထန်စွာ ပြန်ပြောလိုက်သည်။ ပြီးလျှင် ရုတ်တရက် ဦးကံထားအား ဖမ်းချုပ်ထားလိုက်ကာ ၄င်း၏ လည်ပင်းတွင် ချိတ်ဆွဲထားသည့် သော့နှစ်ချောင်းကို ဆတ်ခနဲ ဆွဲ ဖြုတ်လိုက်လေသည်။

'ပထမတော့ ခင်ဖျားဆီမှာရှိနေသေးတဲ့ ချန်ကီဗုာရဲ့ သချိုင်း ဂူသော့ ၇ ပေါက်တံခါးကြီးက သော့နှစ်ချောင်းကို အရယူရမယ်'

တင်မောင်ဆွေ၏လက်ထဲသို့ သော့နှစ်ချောင်းရောက်သွား သည့်အခါတွင်ကား ဦးကံထားမှာ စကားပြန်မပြောနိုင်ဘဲ ရှိခဲ့သည်။

'ခင်ဖျား ကျုပ်ကို ချန်ကီဗုာရဲ့အမွေခံသား မောင်စိန်လင်းကို အရှာလွှတ်ခဲ့ကတည်းက ခင်ဖျားအပေါ်မှာ ကျုပ် သင်္ကာမကင်းဖြစ် မိခဲ့တယ်။ မောင်စိန်လင်းပုံ ဆိုပြီး ခင်ဖျား ကျုပ်ကို ပြခဲ့တဲ့ ဓာတ်ပုံ ထဲက လူကို ကျုပ် ကောင်းကောင်းသိနေတာပဲ။ ဒီလူဟာ တရုတ်တန်း က လူလည်လူရှုပ် ချိန်ဟင်း ဆိုတဲ့ အကောင်ပဲဆိုတာ ကျုပ် သိနေ သားပဲ။ ဒါပေမယ့် ခင်ဖျား ဘာအကြံအစည်ရှိနေတယ်ဆိုတာကို သိချင်တာနဲ့ ခင်ဖျားလွှတ်ရာကို ကျုပ် သွားခဲ့တာပဲ။ မနီလာကျတော့ ခင်ဖျားလူဟာ ဦးကိုဒီနဲ့ အဆက်အသွယ်ရှိနေတယ်ဆိုတာကို ကျုပ် သိရပြန်ပြီး ဒီရောက်တော့ ဦးကိုဒီကိုစုံစမ်းရာက ဦးကိုဒီဆီမှာ ကြေး သော့ကြီးတစ်ချောင်းတွေ့ရတာနဲ့ ဒီကိစ္စဟာ မမြနှင်းကိစ္စနဲ့ ဆက်စပ် နေတာကို သိခဲ့ရပြန်တယ်။ မမြနှင်းဟာ မောင်စိန်လင်းရဲ့ အသက် ရှင် ကျန်နေသေးတဲ့ တိုက်ရိုက်အမျိုးဖြစ်နေတာကိုသိရတော့ ကျုပ် ခင်ဖျား အကြံကို ရိပ်မိလာတာပါပဲ။ မောင်စိန်လင်းသာ လောကကြီး မှာ မရှိတော့ဘူးဆိုရင် ခင်ဖျား ထိန်းပေးနေရတဲ့ သူ့အမွေတွေဟာ တရားဥပဒေအရ မမြနှင်းလက်ထဲကို ရောက်လာရတော့မှာကိုး။ မောင်စိန်လင်းဆိုတာလည်း ခု လောကကြီးမှာ မရှိတော့ပါဘူး'

www.burmeseclassic.com


ထိုအခါမှ ဦးကံထားထံမှ အသံထွက်လာပြန်၏။

'မောင်စိန်လင်း ရှိပါသေးတယ်၊ သူ့ကို ငယ်ငယ်ကလေးကတည်းက ကျုပ် ဆရာဝန်တစ်ယောက်ဆီမှာ အပ်ထားခဲ့တာပဲ'

'အဲဒီဆရာဝန်ဟာ ဒေါက်တာဇာစကီပဲ မဟုတ်လား၊ ဒေါက်တာဇာစကီဟာ သူ့ပညာနဲ့ မောင်စိန်လင်းကလေးရဲ့ အသိဉာဏ် ကို မဖွံ့ဖြိုးတော့အောင်လုပ်ပစ်ပြီး သူ့စကားကို တစ်သဝေမတိမ်း နာခံမယ့် လူထိုင်းလူအ လူဘီလူးကြီးသာဖြစ်အောင် ဖန်တီးထားခဲ့ တာကလား။ မောင်စိန်လင်းကို ဒီလိုမလုပ်ခင်မှာ ပထမစမ်းသပ်တဲ့ အနေနဲ့ မအဲလစ်ရဲ့တူတစ်ယောက်ကို ဒီအတိုင်း လုပ်ခဲ့ပြန်တယ် မဟုတ်လား၊ ဒီကိစ္စတွေမှာ ခင်ဗျားဟာ ဒိုင်ခံကြံခဲ့တာမို့ ခင်ဗျားပဲ ကြိုးစင်တက်ရမှာပဲ ဦးကံထား'

ဦးကံထားကား စကားမပြန်နိုင်တော့ဘဲ ခေါင်းကြီးငိုက်စိုက်ကျလျက် ရှိနေလေတော့၏။

◆ ◆ ◆

www.burmeseclassic.com

## — ၁၈ —

ထိုနေ့နံနက်စောစောတွင်ကား တင်မောင်ဆွေသည် ကိုသောင်းဖေအားခေါ်ကာ ချန်ကီဟုာ၏ သချိုင်းဂူကြီးထဲသို့ သွားကြပြန်လေသည်။ သည်တစ်ခါတွင်တော့ တင်မောင်ဆွေ့ထံတွင် သော့ ၇ ချောင်းစလုံး ပါလာပြီဖြစ်ရကား လျှို့ဝှက်သော သံတံခါးကြီးကို အလွယ်တကူပင် ဖွင့်နိုင်လေတော့၏။

'ကျွန်တော့်ဆီမှာ သော့နှစ်ချောင်းရှိနေပြီးသားမှာ ဒေါ်အဲလစ်ဆီက သော့တစ်ချောင်းရခဲ့တယ်။ ပြီးတော့ ဓာစကီရဲ့အလောင်းက တစ်ချောင်း၊ ဓာစကီက လူဘီလူးကြီးအဖြစ် ဖန်တီးတဲ့ မောင်စိန်လင်းကလေးရဲ့အလောင်းက တစ်ချောင်း၊ ဦးကံထားဆီက တစ်ချောင်းဆိုတော့ ၇ ချောင်း ပြည့်သွားတော့တာပေါ့'

တံခါးကြီး၏တစ်ဖက်တွင်ကား ၈ ပေပတ်လည်မျှ ရှိမည့် အခန်းကြီးတစ်ခုကို တွေ့ကြရသည်။ သို့ရာတွင် အခန်းအလယ်တည့်တည့် ကျောက်စားပွဲကလေးပေါ်မှ တွေ့ရသော ငွေကြုပ်ကလေးတစ်ခုမှအပ အခြား ဘာကိုမှ မတွေ့ကြရချေ။ ထိုငွေကြုပ်ကလေးကိုပင် ယူခဲ့ကာ တင်မောင်ဆွေတို့သည် အပြင်ထွက်ခဲ့ကြလေသည်။

www.burmeseclassic.com


ထိုငွေကြေးပြပ်ကလေးကို လှည်းကူးရဲဌာနၵ် သက်သေများရှေ့တွင် ဖွင့်ကြည့်ကြရာ နှစ်ပေါင်းများစွာက ရေးထားခဲ့ဟန်ရှိသော စာရွက်တစ်ထပ်ကို တွေ့ရလေသည်။

ထိုစာရွက်ထပ်ကြီးကို ဖတ်ကြည့်ကြသည့်အခါတွင်ကား သော့ ၇ ပေါက်တံခါးကြီးပြဿနာနှင့် လူဘီလူးကြီးနှစ်ကောင်တို့၏ ပြဿနာမှာ အပြီးအပိုင် ရှင်းလင်းသွားကြရလေ၏။ စာတွင်ပါသော အကြောင်းအရာများကား အောက်ပါအတိုင်း ဖြစ်ကြလေသည်။

*'စောဘာထရမ်ကိုဒီဟုခေါ်ဝေါ်သော ကျွန်ုပ်သည် အောက်တွင် လက်မှတ်ရေးထိုးထားသူများ၏ သဘောတူညီချက်ဖြင့် အောက်ဖော်ပြပါအဖြစ်များကို အမှန်အတိုင်း ရေးထားပါကြောင်း...*

*ရော်ဘာသူဌေးကြီး ချန်ကီဂုာမသေမီ ၇ ရက် ၂ ပတ် အလိုအတွင် ၎င်းသည် ၎င်းက ပစ္စည်းထိန်းအဖြစ် လွှဲအပ်ထားသော ဝတ်လုံတော်ရဦးကံထား ကလိမ်ကျထားသည်ကို သိရှိခဲ့ရသည်။ ဦးကံထား ကလိမ်ကျထားခဲ့ပုံကား ချန်ကီဂုာက ယုံကြည်၍ လွှဲအပ်ထားသည့် ငွေကြေးများထဲမှ ငွေ ၃ သိန်း ၅ သောင်း ၇ ထောင်ကို အလွဲသုံးစားပြုလုပ်ထားခြင်းပင် ဖြစ်သည်။*

*သူဌေးကြီးသည် စိတ်ထိခိုက်လှသဖြင့် ချက်ချင်းလေဖြတ်မေ့လဲကျသွားခဲ့ရာ ၎င်းအား ထိုအချိန်က ၎င်းထံတွင် စာရေးလုပ်နေသူ ဟိုးဝမ်၏အကူအညီဖြင့် အိပ်ရာထဲသို့ ထမ်းပို့ကြရသည်။ ထို့နောက် ဆရာဝန် ဒေါက်တာဇာစကီအားခေါ်၍ ပြုစုစေရာ သူဌေးကြီးသည် ပြန်လည်သတိရလာပြီး ဟိုးဝမ်၊ သူနာပြုဆရာမ အဲလစ်နှင့် ဒေါက်တာ*

www.burmeseclassic.com


ဓာစကီတို့ရှေ့တွင် ရှေ့နေဦးကံထားအား အလွှဲသုံးစားမှုဖြင့် ထပ်မံ စွပ်စွဲပြန်လေ၏။

သို့ရာတွင် သူဌေးကြီးသည် လေဖြတ်ရောဂါဖြင့်ပင် နောက် နှစ်ပတ်အကြာ ကွယ်လွန်ခဲ့ပေရာ ဦးကံထားအား ဘယ်လိုမှ အရေးမယူနိုင်တော့ဘဲ ၄င်းသာလျှင် ချန်ကီဂုာ၏အမွေထိန်းအရာရှိဖြစ်လာလေ၏။

ဤတွင် ဒေါက်တာဓာစကီက သက်ဆိုင်သူအားလုံးကို ခေါ်ကာ အကြံတစ်ခု ပေးခဲ့သည်။ ထိုအကြံအရ ထိုလူအားလုံးသည် ဦးကံထား၏ကလိမ်ကျမှုကို ထိန်ချန်ထားဖို့ သဘောတူကြသည်။ သို့အားဖြင့် ချန်ကီဂုာ၏ အမွေပစ္စည်းများကို ဦးကံထားက အမွေထိန်းအဖြစ်ဖြင့် ခြယ်လှယ်နိုင်မည်ဖြစ်ကာ အမွေပစ္စည်းတွေထဲမှ သက်ဆိုင်သူတွေက ခွဲဝေ ယူကြရန် ဖြစ်သည်။

မောင်စိန်လင်းကလေးကိုတော့ ကျွန်ုပ် စောထရမ်ကိုဒီထံတွင် ခေတ္တအပ်နှံကာ ကျွန်ုပ်ကိုလည်း ဝေစုခွဲပေးကြသည်။ မောင်စိန်လင်း လူလားမြောက်လာလျှင် အလိမ်ပေါ်မည့်အရေးကလည်း ရှိနေသေးရကား ဒေါက်တာဓာစကီက ပထမ အဲလစ်၏တူကလေးကို စမ်းသပ်ကြည့်ပြီးနောက် အောင်မြင်သည့်အခါတွင် မောင်စိန်လင်းကလေးကိုပါ ရှေ့တွင် ဒုက္ခမပေးနိုင်အောင် စီမံဖန်တီးပေးလိုက်သည်။ ဖန်တီးပေးလိုက်ပုံကား မောင်စိန်လင်းကလေးသည် လူကောင်ကြီးမားလာသော်လည်း အသိဉာဏ်ကတော့ ကလေးငယ်ကဲ့သို့သာ မဖွံ့မဖြိုးဘဲ ရှိနေအောင် ဖြစ်သည်။

ထို့နောက် ကျွန်ုပ်တို့သည် တစ်ယောက်ကိုတစ်ယောက်

www.burmeseclassic.com



*သစ္စာမဖောက်နိုင်အောင် ဤအဖြစ်များကို စက္ကူပေါ်တွင် ရေးချပြီး အားလုံး သဘောတူကြောင်း လက်မှတ်ထိုးကြသည်။*

*ချန်ကီတုသည် မသေမီက စစ်ဖြစ်လာလျှင် သူ့ပစ္စည်းများကို ရွှေအဖြစ်သို့ပြောင်းပြီး သူ့သင်္ချိုင်းဂူကြီးထဲမှ သော့ ၇ပေါက်တံခါးကြီး ကာရံထားသည့် ခန်းမကြီးတစ်ခုတွင် သိုလှောင်ထားရန် ရည်ရွယ်ခဲ့၏။ ယခု ကျွန်ုပ်ရေးသားသည့် ဝန်ခံဖြောင့်ချက်စာများကို ထိုအခန်းထဲတွင် အလုံပိတ်ထားခဲ့ကာ သော့တစ်ချောင်းစီကို ကျွန်ုပ် စောဘာထရမ်ကို၎င်း၊ အဲလစ်နှင့် ဟိုးဝမ်တို့က တစ်ချောင်းစီယူထားကြပြီး ဓာစကို ထံတွင် နှစ်ချောင်း၊ ဦးကံထားထံတွင် နှစ်ချောင်းစီယူထားကြရန် ဆုံးဖြတ်သဘောတူညီပါကြောင်း...*

*ဤစာကိုရေးသားနေချိန်တွင် မောင်စိန်လင်းကလေးနှင့် အဲလစ်၏တူကလေးတို့သည် အသိဉာဏ်တုံးသွားသော်လည်း လူကောင်က အဆမတန်ကြီးထွားလာနေကြသည်ကို သိရပါကြောင်း.....'*

**အထက်ပါစာအောက်တွင်ကား စောဘာထရမ်၊ ဒေါက်တာ ဓာစကီ၊ အဲလစ်၊ ဟိုးဝမ်နှင့် ဦးကံထားတို့၏ လက်မှတ်များ ပါရှိ လေ၏။**

**'တော်တော့်ကို အကြံ့ပက်စက်ကြတာပဲကွာ'**

**ဟု ကိုသောင်းဖေက ရေရွတ်လိုက်လေ၏။**

**'သူတို့ရဲ့လျှို့ဝှက်ချက်ကြီးဟာ ချန်ကီတုရဲ့ သင်္ချိုင်းဂူထဲမှာ မြဲနေရာက ဟိုးဝမ်ဟာ သေခါနီး နောင်တရပြီး သူ့ဆီမှာရှိတဲ့သော့**

www.burmeseclassic.com

နဲ့ ဖြစ်ခဲ့သမျှအကြောင်းမှန်တွေကို မမြနှင်းတို့ဆီအပ်ဖို့ ကြံခဲ့တဲ့အခါမှာ ဒီဒုက္ခတွေက စလာတာ ဖြစ်ရမှာပဲ'

ဟု တင်မောင်ဆွေကလည်း မှတ်ချက်ချလိုက်လေသည်။

'သော့ဝိဇ္ဇာဘကျင်ကိုငှားပြီး သရိုင်းဂူက တံခါးကြီးကို ဖွင့်နိုင်းခဲ့တာက ဦးကံထားကိုယ်တိုင်ပဲ'

ဟု ကိုသောင်းဖေကလည်း လှည်းကူးရဲဌာနမှူးအား ပြောပြလိုက်၏။

'ဘကျင်က ကြောက်လန့်ထွက်ပြေးသွားတော့ ဦးကံထားဟာ သူတို့ရဲ့ လျှို့ဝှက်ချက်ကြီးမပေါ်ရအောင် ဒေါက်တာဇာစကီဆီ အကူအညီတောင်းရတော့တာပေါ့၊ ဒါနဲ့ ဒေါက်တာဇာစကီက ဘကျင်ကို လိုက်ချောင်းပြီး ကျုပ်တိုက်ခန်းမှာ ဘကျင်ရှိနေတုန်း ကျုပ်ကို ဦးကံထားကလှည့်ထုတ်၊ ကျုပ်မရှိတုန်းမှာ ဇာစကီက လူဘီလူးကြီးတစ်ကောင်ခေါ်လာပြီး ဘကျင်ကို သတ်နိုင်းလိုက်တော့တာပေါ့'

ကိစ္စများ အားလုံးပြီးစီးသွားသည့်အခါတွင် ချန်ကီဟု၏ အမွေပစ္စည်းများကို ဦးကံထားနှင့် ကြံရာပါများက ခွဲဝေသုံးစွဲခဲ့ကြသည့်တိုင် ၅ သိန်းကျော်ဖိုး ကျန်နေသေးသည်ကို တွေ့ရှိရာ ထိုငွေ များကို မမြနှင်းကလေးက ဆက်ခံလိုက်ရလေသည်။

တင်မောင်ဆွေ့အား မမြနှင်း၏ ကျေးဇူးဆပ်ချက်ကား ၁၀၀၀၀ တန် ချက်လက်မှတ်နှင့် မွေးမွေးပေးခြင်းပင် ဖြစ်လေသတည်း။

မိုးဝေ

၂၇.၈.၆၁

www.burmeseclassic.com
BURMESE CLASSIC .com

